# မိုးကျော်သူ

## သူရဲကောင်းများ၏ရည်စမြေဝယ်မခ

ပထမပိုင်း



# မိုးကျော်သူ

သူရဲကောင်းမျက်ရည်စ မြေဝယ်မခ

ပထမပိုင်း။

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၂၄၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၇၉၀၅၀၈

၂၀၀၅ - ခုနှစ်
ဒုတိယအကြိမ်၊ အုပ်ရေ - ၅၀၀
တန်ဖိုး ၁၀၀၀/ - ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကောနိုင်၊ ချိုဘေားသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ဓမ္မာသီလမ်း။
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း
ဖိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅ - လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# နိဒါန်း

မြင့်မားသောတောင်တစ်လုံး....

ဖြောင့်မတ်သော ထင်းရှူးပင်တစ်ပင်....

ကွေ့ကောက်သော ချောင်းတစ်ခု....

မီးဟုန်းဟုန်းတောက်နေသောမီးဖိုတစ်ဖို....

အငွေ့တထောင်းထောင်းထနေသော မြေကရားအိုး....

အိုမင်းရင့်ရော်နေသောအဘိုးအိုတစ်ဦးနှင့် နုပျိုလန်းဆန်းနေသော လူငယ်တစ်ယောက်....

❄ ❄ ❄

"မင်း သိုင်းပညာရပ် တော်တော်လေးတတ်ပြီ မဟုတ်လား"
အဘိုးအိုက ရေနွေးကြမ်း ငုံ့ထည့်ရင်း လူငယ်အား မေးလိုက်လေသည်။

လူငယ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... အဘသင်ပေးသမျှတော့ တတ်မြောက်ပါပြီလို့ ပြောရဲပါတယ်"

အဘိုးအို ကျေနပ်သွားသည်။

"အေး... ဟုတ်ပြီ၊ အဓိက မင်းမှတ်ထားဖို့က သိုင်းပညာသင်ကြားတဲ့ရည်ရွယ်ချက်ဟာ ကိုယ့်ကိုယ်ကိုကာကွယ်ဖို့နဲ့ အများအတွက်အကျိုးပြုဖို့ပဲကွဲ့"

လူငယ်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့အဘ"

အဘိုးအိုသည် ရေနွေးကြမ်းတစ်ငုံသောက်လိုက် ပြီး...

"သိုင်းလောကသားတွေဟာ သိုင်းပညာသင်ကြား ပြီး အများအတွက် ကောင်းကျိုးပြုဖို့ထက် တစ်ယောက်အပေါ်တစ်ယောက် အနိုင်ကျင့်ဗိုလ်ကျဖို့... နောက်ပြီး တစ်ယောက်နဲ့တစ်ယောက် ကလဲ့စားချေနေကြတာဟာ အလွန်စက်ဆုပ်ရွံမုန်းဖို့ကောင်းတယ်"

လူငယ်သည် စိတ်ဝင်စားစွာဖြင့်နားစွင့်နေ၏။

အဘိုးအိုသည်... လူငယ်အား လေးနက်တည်ကြည်စွာဖြင့် ကြည့်လိုက်ပြီး....



"အခု မင်းရဲ့ သိုင်းပညာဟာ သိုင်းလောကထဲကို ထိုးဖောက်ဝင်ရောက်နိုင်တဲ့အဆင့်ရှိနေပြီ၊ ဒါကြောင့် မင်းကို အဘမှာလိုက်မယ်"

"ဟုတ်ကဲ့၊ အမိန့်ရှိပါအဘ"

အဘိုးအိုက လေးနက်တည်ကြည်စွာဖြင့်....

"မင်း အဘဆီကထွက်သွားပြီးတဲ့နောက် အဘသင်ကြားပေးထားတဲ့သိုင်းပညာနဲ့ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် လုပ်ပါ့မယ်လို့ ကတိပေးပါ"

လူငယ်သည် လေးစားစွာဦးညွှတ်လိုက်ပြီး....

"ဟုတ်ကဲ့အဘ၊ ကျွန်တော် ကတိပေးပါတယ်"

အဘိုးအိုသည် ကျေနပ်စွာပြုံးလိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"အေး... အဘဝမ်းသာတယ်၊ နောက်တစ်ခုပြောရဦးမယ်"

"ဟုတ်ကဲ့အဘ"

"အခုအခါမှာ လက်နက်တွေဟာ တစ်နေ့တစ်ခြား ဆန်းပြားထူးခြားလာတယ်ကွဲ့၊ ဒါကြောင့်.... လောကပေါ်မှာ ကြောက်စရာအကောင်းဆုံးလက်နက်ဟာ ဓားမဟုတ်တော့ဘူး"

လူငယ်သည် နားမလည်နိုင်သည့်မျက်လုံးအစုံဖြင့် အဘိုးအိုအား ကြည့်နေသည်။

အဘိုးအိုက စကားဆက်လိုက်သည်။

"အခု.... လောကမှာ ကြောက်စရာအကောင်းဆုံးလက်နက်

ဟာ သေတ္တာတစ်လုံးပါပဲ"

"ဗျာ"

လူငယ်သည် လွှတ်ခနဲအသံထွက်သွား၏။

သူသည် အံ့သြစွာဖြင့် အဘိုးအိုအား ကြည့်နေသည်။

"သေတ္တာတစ်လုံး၊ ဟုတ်လားအဘ"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် သူ့ကိုနိုင်တဲ့လက်နက်မရှိတော့ဘူးပေါ့၊ ဟုတ်လား အဘ"

လူငယ်က မေးလိုက်သည်။

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ သူ့ကိုနိုင်တဲ့လက်နက်တော့ရှိတာပေါ့"

လူငယ်သည် အားတက်သရောဖြစ်သွားကာ....

"ဒါဖြင့် ဘာများလဲအဘ"

အဘိုးအိုသည် လူငယ်အား စူးရှစွာကြည့်လိုက်ပြီး....

"စိတ်ဓာတ်ကွဲ့"

လူငယ် အံ့အားသင့်သွားပြန်သည်။

"ဗျာ၊ စိတ်ဓာတ်ဟုတ်လား"

လူငယ်က နားမလည်နိုင်ဟန်ဖြင့် မေးလိုက်သည်။

အဘိုးအိုက....



"ဟုတ်တယ်၊ စိတ်ဓာတ်၊ စိတ်ဓာတ်ဟာ လောကကြီးမှာ အထက်မြက်ဆုံးလက်နက်ပါပဲကွာ"

❄❄❄

လူတစ်ယောက်....။

သေတ္တာတစ်လုံး....။

စကားနည်းပြီး သာမန်အဝတ်အစားများ ဝတ်ဆင်ထားသော လူတစ်ယောက်သည် ဟောင်းနွမ်းပြီး အနည်းငယ် သံချေးများတက်နေသောသေတ္တာတစ်လုံးကိုကိုင်ကာ တိမ်တောက်နေသော ဆည်းဆာရောင်ခြည်အောက်ဝယ် ခြေလှမ်းမှန်မှန်ဖြင့် ရှေးဟောင်းမြို့တော်ဖြစ်သည့် ချုန်အန်းထဲသို့ လှမ်းဝင်သွားလေသည်။

❄❄❄

## တိုက်ခိုက်ခြင်း

အချိန် (၁)လ ၁၅ ရက်နေ့....
နေရာ ချန်အန်းမြို့တော်....

❄❄❄

"သုတုံးလှိုင်"

သုတုံးလှိုင်သည် အခန်းထဲရောက်သည်နှင့် တံခါးကို ပြန်ပိတ်ထားလိုက်၏။

ခရမ်းရောင်နှင်းကာပေါ် ကပ်ငြိနေသည့်နှင်းပွင့်များအား ခါချလိုက်ပြီးနောက်....

အခန်း၏ဝဲဘက်ရှိ အင်္ကျီချိတ်ပေါ်သို့ ချိတ်ထားလိုက်သည်။



သူသည် ကိုယ်ခန္ဓာကိုလှည့်လိုက်ပြီးသည်နှင့် ယာဘက်လက်သည် ခရမ်းရောင်မီးညှပ်တစ်ခုကိုကောက်ကိုင်လိုက်ပြီး မီးဖိုမီးများအားပို၍အရှိန်ကောင်းလာအောင် မွှေနှောက်လိုက်လေသည်။

မီးဖို၏နံဘေး၌.... ခရမ်းရောင်ကတ္တီပါများ ခင်းထားသောကုလားထိုင်တစ်လုံးရှိလေသည်။

စားပွဲပေါ်၌ ခရမ်းရောင်အရည်များထည့်ထားသော ဖန်ဗူးတစ်လုံးအား တွေ့ရမည်ဖြစ်သည်။

ယင်းခရမ်းရောင်အရည်များသည် အနောက်တိုင်းက ပြုလုပ်ထားသောအရက်တစ်မျိုးဖြစ်ပါသည်။

သုတုံးလှိုင်သည် ခရမ်းရောင်အား အလွန်နှစ်သက်သည်။ သူသည် အစစအရာရာစေ့စပ်သေချာသည်။

မည်သည့်အလုပ်မျိုးကိုမဆို သေသေချာချာ စေ့စေ့စပ်စပ်တွေးတောဆင်ခြင်ပြီးမှလုပ်တတ်သည်။ သူလုပ်ရသည့်အလုပ်များသည် အနည်းငယ်မျှသောဟာကွက် ချို့ယွင်းချက်များကိုပင် အမှားမခံပါ။

ဤသည် သုတုံးလှိုင်၏ဘဝပင်တည်း။
သိုင်းလောကတွင် သူကဲ့သို့လူမျိုးသည် ရှာမှရှား၏။

❄❄❄

သုတုံးလှိုင်သည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပြီးနောက် အရက်တစ်ခွက်ကိုငှဲ့လိုက်ပြီး ဖြည်းညင်းစွာသောက်နေ၏။

နှစ်ရက်တိုင်တိုင်....

သူသည် လွန်စွာကြီးကျယ်ခမ်းနားသော ဂုဏ်ပြုပွဲတစ်ခုအတွက်အလုပ်ရှုပ်နေသဖြင့် စိတ်မောလူပန်းဖြစ်နေလေသည်။

ဤဂုဏ်ပြုပွဲသည်... အလွန်အဓိပ္ပါယ်လေးနက်ပြီး အရေးကြီးသော ဂုဏ်ပြုပွဲတစ်ခုဖြစ်သည်။

ဤဂုဏ်ပြုပွဲကို....

အောင်မြင်စွာ မကျင်းပနိုင်ပါက တစ်နေ့တစ်ခြား လျှမ်းလျှမ်းတောက်ကျော်ကြားလာသော သူ၏သခင် စုမာချောင်းချင်အား ထိခိုက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့်...

သူသည် ဤဂုဏ်ပြုပွဲပြုလုပ်ရာ၌ လုံးဝ အမှားအယွင်းမရှိစေရ။ အနည်းငယ်မျှသောအမှားကလေးပင် အမှားမခံနိုင်ပါ။

ယခု သူသည် အစစအရာရာစီမံထားပြီးဖြစ်ရာ ဂုဏ်ပြုပွဲသည် မုချအောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်လေသည်။

သူ၏တစ်သက်တာတွင် ဆုံးရှုံးခြင်းနှင့် မှားယွင်းခြင်းဟူ၍ မရှိခဲ့ပေ။

❄❄❄



စုမာချောင်းချင်....

သူသည် ယခုနှစ်မှ ၃၆ နှစ်မျှသာရှိသေးသည်။

သို့သော်... သူ၏အောင်မြင်ခြင်းသည် သိုင်းလောကတစ်ခုလုံးအားလွှမ်းမိုးနေသည်။

သိုင်းလောကသားများသည်...

သူ့အား အာဇာနည်သူရဲကောင်းတစ်ယောက်ဟု အသိအမှတ်ပြုထားကြသည်။

အမှန်မှာ စုမာချောင်းချင် ယခုကဲ့သို့အောင်မြင်မှုရရှိခြင်းမှာ သူ၏ပင်ကိုယ်စွမ်းရည်မဟုတ်ဟု သူကိုယ်တိုင်အသိဖြစ်သည်။

သူ၏အောင်မြင်မှုများသည် သုတုံးလှိုင်၏စွမ်းရည်ကြောင့်ဖြစ်လေသည်။

❄❄❄

မန်ချူးတပ်များသည် တရုတ်ပြည်တဝှမ်းသို့ ချီတက်သိမ်းပိုက်လိုက်ပြီးနောက် သိုင်းလောကရှိ ဂိုဏ်းအသီးသီးမှသိုင်းသမားများသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မန်ချူးတို့အား ဆက်လက်တော်လှန်နေကြလေသည်။

ထို့ကြောင့်... မန်ချူးအာဏာပိုင်များသည် အာဏာနှင့်လည်းကောင်း၊ ငွေဖြင့်လည်းကောင်း၊ သိုင်းလောကအား စည်းရုံးသိမ်းသွင်း

ကြလေသည်။ သုံးနှစ်အတွင်း... သူတို့သည် အောင်မြင်မှုများစွာရရှိခဲ့ကြလေသည်။

သို့သော် သူတို့သည် ရှောင်လင်ဂိုဏ်းနှင့်ခြသေ့ဂိုဏ်းတို့အား စည်းရုံးသိမ်းသွင်းနိုင်ခြင်းမရှိခဲ့ပေ။

ထို့ကြောင့်... သူတို့သည် ထိုဂိုဏ်းနှစ်ဂိုဏ်းအား နည်းအမျိုးမျိုးဖြင့် ဖြိုခွဲဖျက်ဆီးနိုင်ရန် ကြိုးစားအားထုတ်နေကြလေသည်။

ယခု ခြသေ့ဂိုဏ်းမှအားထားရသော ဒုတိယခေါင်းဆောင်ဖြစ်သူယန်းကျင်းသည် ခြသေ့ဂိုဏ်းမှသစ္စာဖောက်ကာ စုမာချောင်းချင်၏ မဟာအာမခံဌာနသို့ သစ္စာတော်ခံရန်ရောက်ရှိနေပြီဖြစ်ပါသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး...

မန်ချူးအာဏာပိုင်များသည် ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြုပွဲကျင်းပရန် အမိန့်ပေးလိုက်သည်။

ထို့ကြောင့်... သုတုံးလှိုင်သည် ယခုကဲ့သို့အပင်ပန်းခံကာ ကြီးကျယ်ခမ်းနားသောဂုဏ်ပြုပွဲကြီးကိုကျင်းပရန် စီမံစိုင်းပြင်းနေခြင်းဖြစ်ပါသည်။

❋❋❋



ခြသေ့ဂိုဏ်း၏ဂိုဏ်းချုပ်ကျူမင်းသည် လျှမ်းလျှမ်းတောက် သတ္တိခဲတစ်ယောက်ဖြစ်၏။

သူသည် အသက်လေးဆယ်ကျော်ပြီဖြစ်သော်လည်း လူငယ်တစ်ယောက်ကဲ့သို့ ဖျတ်လတ်သန်မာသည်။

သူသည် တစ်စုံတစ်ခုလုပ်ရန်ဆုံးဖြတ်လိုက်လျှင် မည်သည့်အခါမျှ ထိုဆုံးဖြတ်ချက်ကို ပြန်ပြင်လေ့မရှိ။

ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်....

သူ၏လက်အောက်ငယ်သား(၁၈၀၀)၏ အသက်နှင့်ပင်လဲဝံ့သူတစ်ယောက်ဖြစ်သည်။

မဟာအာမခံဌာနသည် သူ့အား သိမ်းသွင်းရန် အာဏာ၊ ငွေကြေး၊ စည်းစိမ်ဖြင့်စည်းရုံးခဲ့သည်။

သို့သော်.... ကျူမင်းသည် မျိုးချစ်စိတ် အလွန်ပြင်းထန်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

စည်းရုံးမှုမှန်သမျှကို ခါးခါးသီးသီးငြင်းပယ်ခဲ့သည်။

ထို့ကြောင့်.... မဟာအာမခံဌာန၏နောက်ကွယ်မှ ကြိုးကိုင်နေသောမန်ချူးအာဏာပိုင်များသည် အလွန်ဒေါသထွက်ပြီး ခြသေ့ဂိုဏ်းအား ဖြစ်သည့်နည်းဖြင့် ဖြိုခွဲဖျက်ဆီးရန်ညွှန်ကြားလိုက်သည်။

ယင်းညွှန်ကြားချက်အရ ယခု သုတုံးလှိုင်သည် ခြသေ့ဂိုဏ်း၏အားအထားရဆုံးသော ဒုတိယခေါင်းဆောင်ဖြစ်သူယန်းကျင်းနှင့် လက်အောက်ငယ်သား(၈၀၀)တို့အား ခြသေ့ဂိုဏ်းမှ ခွဲထွက်စေကာ

မဟာအာမခံဌာနသို့ ကူးပြောင်းဝင်ရောက်လာသည်အထိ ဆွဲဆောင်စည်းရုံးနိုင်ခဲ့သည်မဟုတ်ပါလော။

တစ်ခုတော့ရှိသည်။

ကျူမင်းသည် လက်ပိုက်၍ကြည့်နေမည်လော။

❄❄❄

ကျူမင်းတွင် ချစ်သူတစ်ယောက်ရှိသည်။

သူ၏ချစ်သူသည် ကချေသည်မလေးတစ်ယောက်ဖြစ်သည်။

သူမ၏အမည်မှာ တိမ္မူဖြစ်သည်။ တိမ္မူဟူသော အမိပ္ပါယ်မှာ လိပ်ပြာအကဖြစ်သည်။ ကချေသည်မလေးတိမ္မူ၏အကသည် လိပ်ပြာကဲ့သို့ပျံဝဲကာ ကပြနိုင်ခြင်းဖြစ်သည်ဟု တင်စား၍ခေါ်ကြခြင်းဖြစ်သည်။

တိမ္မူသည်... ကျူမင်းအပေါ် ကြီးမားသောသံယောဇဉ်များ တွယ်ငြိမိသည်။

သို့သော်... ကျူမင်းသည် သူ၏ချစ်ခြင်းမေတ္တာကိုဖွင့်ဟပြောဆိုခြင်းမရှိဘဲ ရင်ထဲ၌ကိန်းအောင်းထားသဖြင့် တိမ္မူသည် ကျူမင်းက သူမအား စွဲလန်းချစ်ခင်နေသည်ကို မသိရှာခဲ့ချေ။

❄❄❄



ကျူမင်းသည် စုမာချောင်ချင်းအား ထိပ်တိုက်ရင်ဆိုင်ဝံ့မည်မဟုတ်သော်လည်း...

သူ့အားသစ္စာဖောက်ပြီး သူ၏ဂိုဏ်းသား(၈၀၀) အား ဖြားယောင်းခေါ်ဆောင်သွားသည်ကို....

မည်သည့်နည်းနှင့်မျှ သည်းခံနိုင်မည်မဟုတ်။

တစ်နည်းနည်းဖြင့် ယန်းကျင်းအား သုတ်သင်ရှင်းလင်းပစ်မှာမလွဲဟု သိုင်းလောကတစ်ခုလုံးက...

ယုံကြည်ထားကြလေသည်။

သုတုံးလှိုင်ကမူ ဤသို့မယူဆပါ။

မည်သည့်အခြေအနေမျိုးမဆို ကျူမင်းသည် ယန်းကျင်းအား မည်သည့်နည်းနှင့်မျှ ထိခိုက်အောင် ပြုလုပ်နိုင်မည်မဟုတ်ဟု ယုံကြည်လေသည်။

အကြောင်းမှာ....

သူသည် ဖြစ်ပေါ်လာမည့်ကိစ္စအဝဝကို ကြိုတင်စီမံထားပြီး ဖြစ်သောကြောင့်ဖြစ်ပါသည်။

❄❄❄

ဂုဏ်ပြုပွဲသည် မည်သူမဆိုတက်ရောက်နိုင်ခွင့်ရှိသည်။

ခြားနားချက်မှာ ဖိတ်စာရရှိထားသူသည် ဂုဏ်ပြုပွဲလုပ်သည့် ခန်းမထဲသို့ ဝင်ရောက်ထိုင်နိုင်သည်။

ဖိတ်စာမရရှိသောလူများသည် အပြင်ဘက်၌ မတ်တတ်ရပ်၍ ကြည့်နိုင်ခြင်းဖြစ်လေသည်။

ထို့ကြောင့်..... ခြသေ့ဂိုဏ်းကလူများသည် ပွဲကြည့်ပရိသတ်များနှင့်ရောနှော၍ဝင်ရောက်လာပြီးလျှင် ယန်းကျင်းအား လုပ်ကြံနိုင်သည့်အခွင့်အလမ်း ဖွင့်ပေးထားသကဲ့သို့ရှိသည်။

သို့သော်...

သုတုံးလှိုင်သည် ဖြစ်ပေါ်လာနိုင်သောကိစ္စရပ်များ အားလုံးကို စေ့စပ်သေချာစွာတွက်ချက်ထားပြီးဖြစ်သည်။

သူသည် လက်ရွေးစင်သိုင်းသမား (၁၈ဖွဲ)ယောက်အား အဖွဲ့ ရှစ်ဖွဲ့ခွဲလိုက်သည်။

ထိုအဖွဲ့ရှစ်ဖွဲ့သည် **ဂုဏ်ပြုပွဲ၏လုံခြုံ**ရေးအား လုံးဝတာဝန်ယူထားနိုင်သော အရည်အချင်းရှိသောအဖွဲ့များဖြစ်ကြသည်။

ထို့ပြင်... သုတုံးလှိုင်သည် အထူးတပ်ဖွဲ့တစ်ဖွဲ့ ထပ်မံဖွဲ့ထားသည်။ ယင်းအထူးတပ်ဖွဲ့သည် လူသုံးယောက်အား ထိန်းချုပ်ထားနိုင်ရန်ဖြစ်ပါသည်။

❋❋❋



"လူသုံးယောက်ဆိုတာ ဘယ်သူလဲ"

စုမာချောင်းချင်က မေးလိုက်ခြင်းဖြစ်သည်။

"လူသုံးယောက်ထဲနဲ့ အထူးတပ်ဖွဲ့တစ်ဖွဲ့ဖွဲ့ရလောက်အောင် ဒီလူတွေ တော်တော်ကြောက်စရာကောင်းလို့ပေါ့"

သုတုံးလှိုင်သည် စုမာချောင်းချင်၏အမေးကို ပြည့်စုံစွာအဖြေမပေးပါ။ သူသည် လူနှစ်ယောက်၏အမည်ကိုသာပြောပြလိုက်လေသည်။

"ဒီလူသုံးယောက်ထဲက တစ်ယောက်ကဟန်ကျန်းပါ၊ ကျန်တဲ့ တစ်ယောက်ကတော့ မုကျီးပဲ"

စုမာချောင်းချင်သည် ထိုနာမည်များကိုကြားလိုက်ရသည်နှင့် စားလက်စထမင်းများကိုပင် ရပ်တန့်ထားလိုက်မိသည်။

**"ဟန်ကျန်းနှင့်မုကျီးတို့** ရောက်လာကြတယ်ဟုတ်လား"

**"ဟုတ်**ပါတယ်သခင်"

"ဒီလူနှစ်ယောက်ကို ခင်ဗျားအရင်ကတွေ့ဖူးသလား"

"မတွေ့ဖူးပါဘူး၊ ဘယ်သူကမှလည်း တွေ့ဖူးမှာမဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်တယ်"

ဟန်ကျန်းနှင့်မုကျီးတို့၏အမည်သည် သိုင်းလောကတွင် မကြားဖူးသူ မရှိသလောက် ရှားပါသည်။

သို့သော် မည်သူကမှ သူတို့အား မမြင်ဖူး မတွေ့ဖူးပါချေ။ ဟန်ကျင်းသည် ယန်းကျင်းကဲ့သို့ ကျူမင်း၏အားထားရသော

လက်ရုံးဖြစ်သည်။ မုကျိုးမှာမူ ဟန်ကျန်းထက်ပင် ကြောက်စရာကောင်းသည်။ သူသည် အဘည်တကျနေထိုင်ခြင်းမရှိပါ။ ခြေဦးတည့်ရာ သွားတတ်သော လူတစ်ယောက်ဖြစ်သည်။

သူ့အား မည်သူကမှ လိုက်ရှာ၍တွေ့နိုင်မည်မဟုတ်ပါ။

အကယ်၍... လူတစ်ယောက်ယောက်က သူ့အားတွေ့လိုသောအခါ သူကလည်း ထိုလူနှင့်တွေ့ရန်လိုအပ်သည်ဟု ယူဆမိသောအခါ သူသည် ထိုလူ၏ရှေ့တွင် ရုတ်တရက်ပေါ်လာတတ်သည်။

သူ၏လိုအပ်ချက်မှာ ငွေ၊ ရွှေ၊ ကျောက်သံပတ္တမြားတို့ဖြစ်ပါသည်။

သူသည် ကြေးတန်းစားလူသတ်သမားတစ်ယောက်ဖြစ်ပါသည်။

သို့သော်... သူ့အပေါ်ကျေးဇူးရှိလျှင် သူက ပြန်လည်ပေးဆပ်တတ်ပါသည်။ ယခုလည်း သူ့အားကျေးဇူးပြုခဲ့ဖူးသော ကျူမင်း၏ဖိတ်ခေါ်ချက်အရ ဤနေရာသို့ရောက်ရှိလာခြင်းဖြစ်ပါသည်။

❄❄❄



စုမာချောင်းချင်သည် ထမင်းများစားသောက်ပြီးနောက် သူ၏ပတ္တမြားများဖြင့်စီခြယ်ထားသောဓားကို သန့်စင်နေသည်။

သူသည် ခေါင်းပင်မမော့ဘဲ....

"ခင်ဗျားက သူတို့ကိုမတွေ့ဘူးလို့ပြောတယ်၊ ဒါဖြင့်... သူတို့ရောက်နေတယ်ဆိုတာ ခင်ဗျားဘယ်လိုလုပ်သိသလဲ"

"ကျွန်တော်က သိလို့သိတယ်ပြောတာပါ"

ဤအဖြေသည် ထူးမခြားသောအဖြေဖြစ်သည်။

သို့သော်... စုမာချောင်းချင်က ကျေနပ်သည်။

အကြောင်းမှာ သုတုံးလျှိုင်၏စကားသည် တိကျမှန်ကန်စမြဲဖြစ်သောကြောင့်တည်း။

"ဒီလူနှစ်ယောက်ဟာ ကျူမင်းရဲ့အားထားရတဲ့ကိုယ်ရံတော်တွေမဟုတ်လား"

"ဟုတ်ပါတယ်သခင်"

"ဒီလိုဆို... ကျူမင်း ဒီတစ်ကြိမ် အတွက်မှားသွားပြီကွ"

"ဘာဖြစ်လို့လဲသခင်"

"ကျူမင်းရဲ့လက်အောက်ငယ်သား(၈၀၀)နှင့် သူအားကိုးရတဲ့ယန်းကျင်းက သူ့ကိုသစ္စာဖောက်ခဲ့ပြီး... အခု သူက သူ့ရဲ့အားအထားရဆုံးဖြစ်တဲ့လူနှစ်ယောက် ထပ်လွှတ်လိုက်တယ်ဆိုတော့ သူ့လူနှစ်ယောက်ဟာ သေဖို့လွှတ်လိုက်တာနဲ့မတူဘူးလား"

သုတုံးလျှိုင်က စကားကို ဖြည်းညင်းစွာပြန်ပြောလိုက်၏။

"ကျူမင်း မမှားပါဘူး၊ ကျူမင်းတို့လိုလူမျိုးဟာ မှားတဲ့အလုပ်ဆိုတာ ဘာတစ်ခုမှမလုပ်ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ"

"ကျူမင်းလွှတ်လိုက်တဲ့လူနှစ်ယောက်ဟာ ယန်းကျင်းကို လုပ်ကြံဖို့လာတာမှမဟုတ်ဘဲ"

သတထုံးလှိုင်သည် သူ၏ဓားအား ဓားအိမ်ထဲသို့ပြန်လည်ထိုးသွင်းလိုက်ပြီး....

"ဒါဖြင့် သူတို့ကဘာလာလုပ်တာလဲ"

"အယောင်ပြဖို့ပါပဲ"

စုမာချောင်းချင် မျက်မှောင်ကုပ်သွားသည်။

"မင်းက ဘာကိုဆိုလိုတာလဲ"

"ဒီလိုပါသခင်... ဟန်ကျန်းနဲ့မုကျီးတို့ကို ကျွန်တော်တို့လူတွေအားလုံးသိကြတယ်၊ ဒါကြောင့်... ကျူမင်းက သူတို့နှစ်ယောက်ကိုလွှတ်လိုက်တာနဲ့... ကျုပ်တို့လူတွေက သူတို့ကို သတိပြုနေကြလိမ့်မယ်လို့တွက်ထားတယ်၊ အမှန်မှာ... ယန်းကျင်းကိုလုပ်ကြံဖို့ သူက တခြားလူတစ်ယောက်ကို လွှတ်ထားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ထားတယ်"

စုမာချောင်းချင် မျက်လုံးပြူးသွားသည်။

"ဟင်.... ဒီလိုလား၊ ဒါဖြင့် ဟန်ကျန်းနဲ့မုကျီးအပြင် တကယ်လုပ်ကြံမယ့်သူတစ်ယောက် ရှိသေးတယ်ဆိုပါတော့"



"ဟုတ်ပါတယ်သခင်"

"အဲဒီလူက ဘယ်သူလဲ၊ ခင်ဗျားလေ့လာထားပြီးပြီလား"

စုမာချောင်းချင်က အလောတကြီးမေးလိုက်သည်။

"ဟုတ်ကဲ့"

သတုံးလှိုင်သည် ခေါင်းငုံ့ထားသည်။

သူ၏မျက်လုံးအစုံသည် ဝတ်ဆင်ထားသောသူ၏ခရမ်းရောင်ဖိနပ်အားကြည့်ရင်း စကားဆက်လိုက်သည်။

"ဒီလူဟာ လူငယ်တစ်ယောက်ပါ၊ ဖျင်ကြမ်းအင်္ကျီဝတ်ထားပြီး ဓားတစ်လက်ပါတယ်၊ အခကြေးငွေနည်းတဲ့တည်းခိုခန်းတစ်ခုမှာ တည်းနေတယ်၊ နေ့စဉ် သူဟာ ပဲပြားနဲ့ဟင်းသီးဟင်းရွက်ပဲစားတယ်"

စုမာချောင်းချင်၏မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွားသည်ဟု ထင်ရသည်။

သတုံးလှိုင်က စကားဆက်လိုက်သည်။

"သူရောက်နေတာ သုံးရက်လောက်ရှိသွားပါပြီ၊ ထမင်းစားချိန်ကလွဲလို့ အခန်းထဲမှာပဲအောင်းနေပါတယ်"

"သူက အခန်းထဲမှာအောင်းပြီး ဘာလုပ်နေတာလဲ"

"ကျွန်တော် မသိပါဘူးခင်ဗျာ"

"သူ ဘယ်ကလာတာလဲ"

"ကျွန်တော်မသိပါဘူးခင်ဗျား"

"သူက ဓားသမားတစ်ယောက်ဟုတ်လား"

"ဟုတ်တယ်"

"သူက သိုင်းအဆင့်ဘယ်လောက်ရှိသလဲ"

သုတုံးလှိုင် ခေါင်းခါလိုက်သည်။

"ကျွန်တော် မသိပါဘူးခင်ဗျာ"

စုမာချောင်းချင်၏မျက်လုံးအစုံသည် မှေးမှိန်သွားသည်။

သူသည် သုတုံးလှိုင်နှင့်ပေါင်းသင်းလာခဲ့သည်မှာ အတန်ကြာခဲ့ပြီဖြစ်သည်။

သုတုံးလှိုင်၏စွမ်းရည်ကြောင့်... သူသည် ယခုကဲ့သို့ မဟာအာမခံဌာနမှူးချုပ်အဖြစ်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

သုတုံးလှိုင်၏စီမံကွပ်ကဲမှုကြောင့်....

သူသည် လျှမ်းလျှမ်းတောက်ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့သည်။

မန်ချူးအစိုးရအား သစ္စာတော်ခံရန်လည်း... သုတုံးလှိုင်၏ တိုက်တွန်းမှုကြောင့် မဟာအာမခံဌာနသည် တိတ်တဆိတ်ဖြင့် မန်ချူးအစိုးရ၏လက်အောက်ဌာနတစ်ခုဖြစ်လာခဲ့သည်။

မဟာအာမခံဌာန၏လုပ်ငန်းမှာ... မန်ချူးအစိုးရအား တော်လှန်ပုန်ကန်နေကြသော ဂိုဏ်းအသီးသီးမှသိုင်းသမားများအား ငွေနှင့်အာဏာပေး၍မြူဆွယ်ခြင်း၊

အကယ်၍... မြူဆွယ်သိမ်းသွင်းမရပါက နည်းပရိယာယ်ဖြင့်ဖြိုခွဲဖျက်ဆီးခြင်း ပြုလုပ်ရလေသည်။



စုမာချောင်းချင်သည် သုတုံးလှိုင်အပေါ် အလွန်လေးစားခဲ့သည်။ သုတုံးလှိုင်၏လုပ်ရပ်မှန်သမျှ စိတ်ချယုံကြည်စွာလက်ခံခဲ့သည်။

ယခုမှာမူ....

စုမာချောင်းချင်သည် မန်ချူးအစိုးရထံ တိတ်တဆိတ် သစ္စာတော်ခံပြီး အချင်းချင်းဖြိုခွဲဖျက်ဆီးသည့်လုပ်ရပ်များ ပြုလုပ်လာသည်ကို ရင်ထဲ၌တစ်မျိုးတစ်ဖုံ ခံစားလာရလေသည်။

ထို့ကြောင့်....

သုတုံးလှိုင်အပေါ် သူသည် ယုံကြည်အားကိုးနေသောစိတ်များသည် တစ်နေ့တစ်ခြားလျော့ပါးလာလေတော့သည်။

❊❊❊

စုမာချောင်းချင်၏မျက်လုံးအစုံသည် ဝင်းလက်လာသည်။ သူသည် ထိုလူငယ်အပေါ် စိတ်ဝင်စားလာလေသည်။

သုတုံးလှိုင်သည် လူတစ်ယောက်အား ဤမျှအလေးထားခြင်းကို တစ်ကြိမ်တစ်ခါမှမရှိခဲ့သည်ကို သူသိထားလေသည်။

သုတုံးလှိုင်က စကားဆက်လိုက်သည်။

"ဒီလူဟာ တည်းခိုခန်းမှာ လီဟင်စိန်လို့ မှတ်ပုံစာအုပ်ထဲမှာ ရေးထားတယ်၊ ဒါပေမယ့်.... ဒါဟာ သူ့ရဲ့နာမည်အစစ်မဟုတ်ဘူးလို့ ကျွန်တော်သိတယ်"

စုမာချောင်းချင်က သုတုံးလှိုင်ကိုဖျတ်ခနဲကြည့်လိုက်သည်။

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"လူတစ်ယောက်ဟာ ကိုယ့်နာမည်ရေးထိုးတဲ့အခါမှာ ကျွမ်းကျွမ်းကျင်ကျင် ချောချောမောမောပဲရှိရမှာပေါ့၊ အခုတော့ **သူရေးတဲ့** နာမည်ဟာ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေတယ်၊ စိမ်းနေသ**လိုပဲ**"

စုမာချောင်းချင်သည် အနည်းငယ်စဉ်း**စားလိုက်ပြီး....**

"သူစကားပြောတဲ့အခါ တစ်ခုခုတော့ ဝဲ**နေရမှာပေါ့၊ အဲဒါကို** ခင်ဗျားသတိမထားမိဘူးလား"

"တည်းခိုခန်းပိုင်ရှင်ကတော့ ဒီလူငယ်ဟာ အနယ်နယ်အရပ်ရပ်က စကားတွေကိုပြောတတ်တယ်**လို့ပြောတယ်**"

စုမာချောင်းချင်က ရယ်**မောလိုက်သည်။**

"ဟုတ်ကဲ့၊ ဒါကြောင့် ကျွန်တော်က **သူ့ကို**အထူးသတိဝိနိယ



ပြုထားပါတယ်ဗျာ"

သုထုံးလှိုင်၏**အရည်အချင်းသည်** **မည်မျှ**ထက်မြက်သည်ကို စုမာချောင်းချင်က အသိ**ဆုံးဖြစ်သည်။**

အကယ်၍ သူသည် **လူတစ်ယောက်အား စုံစမ်းသိရှိလိုပါက** ၃-၄ နာရီအချိန်အတွင်း ထိုလူ၏ဇာတိ၊ အလေ့အထ၊ ဝါသနာ၊ သိုင်းပညာအဆင့်နှင့် ထိုလူ၏လှုပ်ရှားမှုမှန်သမျှကို **စေ့စေ့စပ်စပ်သိရှိနိုင်** မည်ဖြစ်ပါသည်။

ယခုမှာမူ....

သုတုံးလှိုင်က ထိုလူနှင့်ပတ်သက်ပြီး... မသိဘူးဟု ဖြေခြင်းကြောင့်... စုမာချောင်းချင် အနည်းငယ်အံ့ဩသွားမိသည်။

သူသည် သုတုံးလှိုင်အား နားမလည်နိုင်သော**မျက်လုံးအစုံ** ဖြင့်ကြည့်ရင်း....

"နေပါဦး.... ဒီလူဟာ အပေါ်စားတည်းခိုခန်းမှာနေတယ်၊ ပဲ**ပြားနဲ့**ဟင်းရွက်စားတယ်၊ ဖျင်ကြမ်းဝတ်တယ်ဆိုတာသိထားရင်... သူ**ဟာ အောင်မြင်တဲ့**လူတစ်ယောက် မဟုတ်ဘူးဆိုတာ သေချာနေပြီ **မဟုတ်လား"**

**"ဟုတ်ကဲ့...** ဒီလိုပဲ ကောက်ချက်ချသင့်ပါတယ်၊ ဒါပေမယ့်... ဒီလူငယ်**ကိုတော့ ဒီလို**ကောက်ချက်ချလို့မရပါဘူး"

စုမာချောင်းချင် မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဒီလူဟာ ဆင်းရဲနွမ်းပါးပြီး အပေါစားတည်းခိုခန်းမှာ တည်းခိုနေရ၊ ဖျင်ကြမ်းဝတ်ပဲပြားနဲ့ ဟင်းရွက်များစားနေရပေမယ့် သူ့ရဲ့ ပုံပန်းသဏ္ဍာန်ကတော့ ကြီးကျယ်တဲ့ဂေဟာ ပိုးဖဲကတ္တီပါများဝတ်ပြီး လောကမှာ အကောင်းဆုံးအစားအစာများစားနေရတဲ့ ပုံစံမျိုးပါပဲဗျာ၊ ဒါကြောင့်...."

သုတုံးလှိုင်သည် စကားကိုခေတ္တရပ်တန့်လိုက်ပြီးမှ....

"ဒီလူငယ်ဟာ ကိုယ့်ကိုယ်ကို အလွန်ယုံကြည်စိတ်ချတဲ့ လူတစ်ယောက်လို့ ကျွန်တော်ပြောရဲပါတယ်"

ဟု တစ်လုံးချင်းပြောချလိုက်လေသည်။

❄❄❄



ညနေ....

ထမင်းဆိုင်ငယ်အတွင်း စက်ဆီများဖြင့် ပဲပြားဟင်းရွက်များ၊ ကြော်လှော်နေသောအနံ့များ၊ အလုပ်ကြမ်းသမားများ၏ချွေးနံ့များ၊ အပေါစားအရက်များ၊ ကြက်သွန်ဥများ၏အနံ့များဖြင့် ပြည့်လျှံလျက်ရှိနေလေ၏။

ရောင်ကောင်းသည်... ချောင်ကျကျစားပွဲတစ်လုံးတွင် ထိုင်လျက် ညနေစာစားနေ၏။

သူ့အား လူတစ်ယောက်က သတိပြုကြည့်နေသည်ကို သူက လှည့်မကြည့်ဘဲ သိလိုက်ရလေသည်။

ချန်အန်းမြို့သို့ရောက်ရှိလာပြီး ဒုတိယနေ့မှာပင်... ဤလူက သူ့အား သတိထား အကဲခတ်နေသည်ကို သူရိပ်စားမိထားသည်။

ထိုလူကိုလည်း သူက ပြန်လည်အကဲခတ်ကြည့်သည်။

ထိုလူ၏ခန္ဓာကိုယ်သည် သေးသေးသွယ်သွယ်ဖြစ်သည်။

သူ၏အဝတ်အစားများမှာ အလွန်တန်ဖိုးကြီးပြီး... ထိပ်တန်းအပ်ချုပ်ဆိုင်မှချုပ်လုပ်သော အဝတ်အစားများဖြစ်သည်။

အေးစက်ပြီး ဟန်မူရာလုံးဝမရှိသောမျက်လုံးအစုံသည် မီးခိုးရောင်သန်းနေ၏။ ဤကဲ့သို့ မျက်လုံးမျိုးအား ရောင်ကောင်းက မြင်တွေ့ဖူးခဲ့သည်။

သူ အသက်ဆယ့်တစ်နှစ်အရွယ်တုန်းကဖြစ်သည်။

သူသည် ကျားသစ်တစ်ကောင်၏တိုက်ခိုက်မှုခံလိုက်ရသော

လည်း အသက်အောင်းမှသီသီလေးလွတ်ခဲ့လေသည်။

ထိုကျားသစ်၏မျက်လုံးအစုံသည်....

ယခု ထိုသူ၏မျက်လုံးအစုံနှင့်ဆင်လှသည်ဟု သူ ခံစားနားလည်လိုက်မိလေသည်။

ထိုလူသည် ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ထမင်းဆိုင်ငယ်တွင်းမှာရှိနေကြသော လူအားလုံးတို့သည် အသက်ရှူပင် ရပ်တန့်သွားကြသည်ဟု ခံစားလိုက်ရလေသည်။

ထို့နောက်...

ယင်းလူသည် ၃၆ မြို့နယ်အပိုင်စားဖြစ်သော မဟာအာမခံဌာန၏ဌာနမှူးချုပ်...

စုမာချောင်းချင်၏အားအကိုးရဆုံးဖြစ်သော အကြံပေးအရာရှိ သုတုံးလျှိုင်ဖြစ်သည်ကို သူစုံစမ်းသိရှိရလေသည်။

❋❋❋



ဝန်းကျင်တစ်ခုလုံးသည် မှောင်စပြုလာပြီဖြစ်ပါသည်။

အခန်းထဲတွင် မီးရောင်များမတွေ့ရသော်လည်း အပြင်ဘက်၌ မီးရောင်များထိန်ထိန်လင်းနေလေသည်။

အေးစိမ့်သော လေများသည် ပြတင်းပေါက်တံခါးရွက်ကြားမှတိုးဝင်လာလေသည်။

လေထဲ၌ ဧည့်ခန်းမှလူသံများ၏ရယ်မောသံများကို သယ်ဆောင်လာနေသည်။

ကနေ့ည... ဧည့်ပရိသတ်**များ အများအပြား**ရောက်ရှိလာလိမ့်မည်ဟု စုမာချောင်းချင်က ကြိုတ**င်ခန့်မှန်းထားပြီး**ဖြစ်သည်။

ထိုဧည့်ပရိသတ်များသည် **သူ့အားတွေ့**ရန် စောင့်နေကြလိမ့်မည်ဟုလည်း သိထားသည်။

သို့သော်....

သူသည် အေးဆေးစွာဖြင့် ကုလားထိုင်ပေါ်၌ အေးတိအေးစက်ထိုင်လျက် ငေးငိုင်နေသည်။

သူ၏ဇနီး အခန်းထဲသို့ဝင်ရောက်လာသည်ကိုပင် သတိမပြုမိလိုက်ချေ။

သူသည် အလွန်စိတ်ရှုပ်နေခြင်းဖြစ်သည်။ သူ၏ဘဝကိုလည်း သူငြီးငွေ့နေသည်။

နေ့စဉ်.... သူသည် အချိန်မှန်မှန်အိပ်ရာထရသည်။

လက်အောက်ငယ်သားများကို ညွှန်ကြားပေးရလေသည်။

အရပ်ရပ်အနယ်နယ်မှ ရောက်ရှိလာသော ဧည့်သည်များကို ဧည့်ခံရလေသည်။

မန်ချူးအာဏာပိုင်များ ရောက်လာကြသည်ကို လက်ခံတွေ့ဆုံရသည်။

အခြားအခြားသော ဂိုဏ်းအဖွဲ့အစည်း များ၏ပြဿနာ အရပ်ရပ်များအား ဖြေရှင်းပေးရလေသည်။

နေ့ဆက်လများ လုပ်ဆောင်လာရသောအခါ…

သူသည် သူ၏ဘဝကိုပင် အလွန်ငြီးငွေ့လာပြီး အေးအေးချမ်းချမ်းနှင့် လွတ်လွတ်လပ်လပ်နေချင်လိုသောဆန္ဒများ ပြင်းပြလာလေတော့သည်။

ယခုလည်း… သူသည် ဂုဏ်ပြုပွဲအတွက် ဧည့်ပရိသတ်များနှင့် တွေ့ဆုံရဦးမည်မဟုတ်ပါလော…

သူသည် အခန်းတွင်း၌တစ်ယောက်တည်းထိုင်၍ အရက်ကိုသောက်ရင်း ခဏခဏရသောအချိန်ကလေးအား အေးဆေးစွာ အသုံးချနေသည်မဟုတ်ပါလော။

❄❄❄



စုမာချောင်းချင်သည် အရက်တစ်ခွက်ကို ထပ်မံ၍ထည့်လိုက်ပြန်သည်။

ယခု… သူသည် ၁၃ ခွက်မြောက်အရက်ကို သောက်နေခြင်းပင်ဖြစ်ပါသည်။

အခန်းတံခါးသည် အသာအယာပွင့်သွားလေသည်။

အခန်းထဲသို့ လူတစ်ယောက်ဝင်လာ၏။

သူ၏ဇနီး ဂူဝမ်းပင်ဖြစ်ပါသည်။

သူမ၏ခင်ပွန်းဖြစ်သူ စုမာချောင်းချင်မှာ မည်သို့ခံစားနေရသည်ကို နားလည်ထားသည်။

သူမသည် ဧည့်ပရိသတ်စုံလင်ပြီဖြစ်၍ အပြင်ထွက်ရန်အချိန်တန်ပြီဖြစ်ကြောင်း လာရောက်သတိပေးခြင်းဖြစ်သည်။

သို့သော်…

သူမသည် တံခါးကို အသာအယာပြန်လည်ပိတ်ထားပြီး ထွက်သွားလေသည်။

သူမ ထွက်သွားသောအခါ မျက်ရည်များသည် သူမ၏ပါးပြင်ပေါ်သို့ စီးဆင်းကျလာလေသည်။

❄❄❄

အခန်းတံခါးသည် နောက်ထပ်တစ်ကြိမ် ထပ်မံ၍ပွင့်သွားလေသည်။

ဝင်လာသူမှာ ဂူဝမ်းမဟုတ်ပါ။

သုတုံးလှိုင်ပင်ဖြစ်ပါသည်။

စုမာချောင်းချင်သည် သောက်လက်စ အရက်ခွက်အား စားပွဲပေါ်သို့ ပြန်လည်ချထားလိုက်ပြီး.....

"ဘာလဲ၊ ကျုပ် အပြင်ထွက်ဖို့ အချိန်တန်ပြီဟုတ်လား"

သုတုံးလှိုင်က ကျိုးနွံစွာဦးညွှတ်လိုက်ပြီး...

"ဟုတ်ပါတယ်သခင်"

❄❄❄

ညော့်ခန်းမကြီးတစ်ခုလုံးတွင် မီးရောင်များ ထိန်ထိန်လင်းနေပြီး လူသံသူသံများသည် ဆူဆူညံညံဖြစ်နေကြသည်။

ရောင်ကောင်းသည် လူအုပ်ကြားမှာ တိုးဝှေ့နေသည်။

ဖိတ်စာမရှိသည့်အတွက်လည်း ညော့်ခန်းမအတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိဘဲ အပြင်၌သာ အခြားလူစုများနှင့် တိုးဝှေ့ကြည့်ရလေသည်။

ရုတ်တရက် ဆူညံနေသော လူသံများသည် တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။



မြို့နယ်ပေါင်း... သုံးဆယ့်ခြောက်မြို့နယ် အပိုင်စားရခဲ့သော မဟာအာမခံဌာနဏ်ဌာနမှူးချုပ် (ဝါ)

လက်ရှိ သိုင်းလောကတွင် အကျော်ကြားဆုံးသောပုဂ္ဂိုလ် စုမာချောင်းချင်သည် ညော့်ခန်းမသို့ ဝင်ရောက်လာခြင်းကြောင့်ဖြစ်ပါသည်။

❄❄❄

ယနေ့ စုမာချောင်းချင် ဝတ်ဆင်ထားသောအဝတ်အစားများမှာ အဖြူနှင့်အနက်ဖြင့် လှပစွာချုပ်လုပ်ထားသော အဝတ်အစားများကို ဝတ်ဆင်ထားခြင်းဖြစ်သည်။

အထက်တန်းကျလှသော အဝတ်အစား... ပထမတန်းအပ်ချုပ်သမားလက်ရာမွန်ကြောင့်...

စုမာချောင်းချင်အား တွေ့မြင်လိုက်ရသည်နှင့်...

ပို၍ကြည်ညိုလေးစားဖွယ်ရာကောင်းသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု ထင်မှတ်မိလေသည်။

သူသည် ကြွရောက်လာကြသော ညော့်သည်များအား လှိုက်လှိုက်လှဲလှဲကြိုဆိုသည့်အပြင်...

ညော့်ခန်းမှထွက်လာပြီး လှေကားထစ်ပေါ်၌ရပ်ကာ အပြင်ဘက်မှလာရောက်ကြည့်ရှုနေကြသော ပရိသတ်များကိုလည်း...

နှုတ်ဆက်လိုက်လေသည်။

ပရိသတ်များသည် စုမာချောင်းချင်နှုတ်ဆက်သည်ကို လက်ခုပ်လက်ဝါးတီးပြီး…

"စုမာချောင်းချင် သက်တော်ရာကျော်ရှည်ပါစေ"

ဟုလည်း ဆူညံစွာအော်ဟစ်ကာ ဆုမွန်ကောင်းတောင်းကြလေသည်။

နားကွဲမတတ်ဆူညံနေသော အသံများကြားမှ ရှောင်ကောင်းသည် စုမာချောင်းချင်အား သတိမပြုမိပါ။

အကြောင်းမှာ… သူသည် လူနှစ်ယောက်ထံသို့ အာရုံရောက်ရှိနေသောကြောင့်ဖြစ်ပါသည်။

ထိုလူနှစ်ယောက်သည်…

သာမန်အဝတ်အစားများ ဝတ်ဆင်ထားသည်ဖြစ်သော်လည်း သူတို့၏မျက်လုံးအစုံသည် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များဖြင့် ပြည့်နှက်နေသည်။

သူတို့သည် တစ်နေရာစီနေကြသည်။

တစ်ယောက်ကိုတစ်ယောက်လုံးဝမကြည့်ကြပါ။

သူတို့အား အစောင့်အကြပ်များ (၂၀)ယောက်ခန့်က မသိမသာ ဝိုင်းရံထားနေကြသည်ကို ရှောင်ကောင်း ရိပ်စားမိလေသည်။

ထို့ပြင်…

မိမိအားလည်း အစောင့်များဖြစ်ကြသော လူဆယ်ယောက်က



မသိမသာဝိုင်းရံထားသည်ကို သတိပြုမိလေသည်။

မိမိအား… ကျူမင်းဘက်ကလူဟု သုတ်းလို့ငက အထင်မှားသွားသည်ကို ကြိတ်၍ပြုံးမိလေသည်။

❄❄❄

ညှော်ခန်းမ၏အလယ်ဗဟိုတွင် ကြီးမားသောစားပွဲတစ်လုံးရှိသည်။ ထိုကြီးမားသော စားပွဲပေါ်တွင်…

အနီရောင်ဖယောင်းတိုင်နှစ်တိုင်ထွန်းထားသည်။

စုမာချောင်းချင်သည် ကျားသားရေဖြင့် ခင်းကျင်းထားသော ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်ပြီးဖြစ်သည်။

သူ့ရှေ့တွင် အနီရောင်ကော်ဇောခင်းထားသဖြင့် အလွန်ခန့်ညားထည်ဝါလှပေသည်။

ဂုဏ်ပြုပွဲ စတင်ကျင်းပတော့မည်ဖြစ်သည်။

ထိုလူနှစ်ယောက်သည် ရှေ့သို့ တဖြည်းဖြည်းတိုးသွားလေသည်။ သူ့အားဝိုင်းရံထားသော လူများကလည်း ဝိုင်းရံလျက်ပင် ရှေ့သို့ လိုက်သွားနေကြ၏။

သူတို့၏လက်များသည် ဝှက်ထားသောလက်နက်အား အသင့်ဆွဲထုတ်ရန် ပြင်ဆင်ထားကြလေသည်။

အကယ်၍သာ…

ထိုလူနှစ်ယောက်သည် မဆင်မခြင်ဘဲလှုပ်ရှားမည်ဆိုလျှင် သူတို့အား ဝိုင်းရံထားသော လူများသည် ချက်ချင်းပင် သူတို့ကို ဝိုင်း၍ ခုတ်သတ်မည်သာ ဖြစ်ပါသည်။

ထိုလူနှစ်ယောက်သည်လှုပ်ရှားမည်မဟုတ်ဟု ရှောင်ကောင်းက ယုံကြည်သည်။

ယန်းကျင်းအားလုပ်ကြံရန် တတိယလူတစ်ယောက်ရှိမည်ဟုလည်း သူယုံကြည်သည်။

သူ၏ယူဆချက်သည် သုတုံးလှိုင်နှင့်ထပ်တူထပ်မျှဖြစ်သည်။ သို့သော် သုတုံးလှိုင်က တစ်ခုလွဲသွားသည်။

အကြောင်းမှာ....

ထိုတတိယလူမှာ မိမိမဟုတ်သည်ကို သုတုံးလှိုင်က မသိရှိခြင်းကြောင့်ဖြစ်သည်။

ဤသို့ဆိုလျှင် ထိုတတိယလူမှာ မည်သူနည်း။

သူသည် ယင်းသို့တွေးနေစဉ် ရုတ်တရက် လူတစ်ယောက်သည် လူအုပ်ကြားထဲသို့တိုးဝင်သွားသည်ကို တွေ့လိုက်ရသည်။

သူ၏မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

ထိုလူသည် ဟောင်းနွမ်းသော သေတ္တာတစ်လုံးကို ကိုင်ဆွဲထားလေသည်။

❄❄❄



ယန်းကျင်း....

သူ၏မျက်နှာသည် အနည်းငယ်ဖြူဖတ်ဖြူရော်ဖြစ်နေသည်။ သို့သော် သူသည် ပြုံးထားသည်။

လူခြောက်ယောက်က သူ့အားခြံရံလျက် ဧည့်ခန်းမထဲသို့ဝင်လာသည်။

ထိုလူခြောက်ယောက်အား ရှောင်ကောင်းက ကောင်းစွာမှတ်မိလေသည်။

ယင်းလူများသည်... ဝိုင်းလောကတွင်ကျော်ကြားသော ထိပ်တန်းသိုင်းသမားများပင် ဖြစ်ကြလေသည်။

ယန်းကျင်းအား...

ထိုထိပ်တန်းသိုင်းသမားများက ကာကွယ်စောင့်ရှောက်ထားသဖြင့်....

မည်သူက ယန်းကျင်းအား လုပ်ကြံရန်မှုဝံ့ပါမည်နည်း။

ယန်းကျင်းသည်.... စုမာချောင်းချင်ထံသို့... တစ်လှမ်းချင်း လျှောက်သွားနေသည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင်.... ပရိသတ်များသည် ရုတ်ရုတ်သဲသဲဖြစ်သွားကြလေသည်။

မည်သူက ရုတ်ရုတ်သဲသဲဖြစ်လာစေ၍ ဖန်တီးသနည်း။

ရှောင်ကောင်းသည် ထိုပြဿနာအား တွေးတောရန် အချိန်မရလိုက်ပါ။

သူသည် သေတ္တာတစ်လုံးဆွဲထားသောလူအား သတိပြု၍ကြည့်နေရသည်။

သို့သော် ...

အထူးသတိပြု၍ကြည့်နေသည့်ကြားမှပင်...

ထိုလူသည် ပျောက်ချင်းမလှပျောက်သွားလေသည်။

❄❄❄

ယန်းကျင်းသည် လူခြောက်ယောက်ဖြင့်ခြံရံလျက် ဧည့်ခန်း၏ ဝဲဘက်အခန်းသို့ဝင်သွားသည်။

အခန်းတံခါးပြန်လည်မပိတ်မီ ရှောင်ကောင်းသည် လူအုပ်၏ ခေါင်းပေါ်မှကျော်လွှားကာ ကျွမ်းထိုးလိုက်သည်။

သူသည် အခန်းဝသို့ရောက်သွားသည်နှင့် အစိမ်းရောင် ဝတ်ဆင်ထားသော မဟာအာမခံဌာနမှ သိုင်းသမားများသည် လက်နက်မျိုးစုံဖြင့် သူ့အား တိုက်ခိုက်လိုက်ကြလေသည်။

အခန်းတံခါးလည်း ပြန်လည်ပိတ်သွားသည်။

ရှောင်ကောင်းသည် ရှင်းပြရန်အချိန်မရတော့ပါ။

ရှင်းပြလျှင်လည်း.... မည်သူကမျှ နားထောင်မည့်အချိန်မျိုး မဟုတ်ပါ။

သူ၏ဓားသည် အဝတ်ဖြင့်ထုပ်ထားလျက်....



သူသည် ထိုဓားအားထုပ်ထားသောအဝတ်ဖြင့် သူ့အား တိုက်ခိုက်လာသောလူများအား ပြန်လည်တိုက်ခိုက်နေရ၏။

သူသည် ယင်းသို့ပြန်လည်တိုက်ခိုက်ရာ သိုင်းသမား (၁၂) ယောက်အနက် (၆)ယောက်ခန့် မြေပေါ်သို့လဲကျသွားသည်။

သူသည် လက်သီးဖြင့်လည်းကောင်း၊ ခြေထောက်ဖြင့် လည်းကောင်း ထပ်မံတိုက်ခိုက်လိုက်ရာ ကျန်သိုင်းသမားခြောက်ယောက် အနက် နောက်ထပ်သုံးယောက် လဲကျသွားပြန်သည်။

သူသည် တံခါးဝသို့ရောက်ရှိသွားသောအခါ သုတုံးလှိုင်သည် တံခါးဝ၌ရပ်လျက်နေရှိသည်ကို တွေ့မြင်လိုက်ရသည်။

ရှောင်ကောင်းသည် သူ့အားကြည့်ပြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အင်း.... ကျုပ်ကကယ်ဖို့ကြိုးစားခဲ့တာပဲ၊ ဒါပေမယ့် ခင်ဗျားတို့နှောင့်ယှက်နေတာနဲ့ နောက်ကျသွားပြီလို့ထင်ပါတယ်"

နောက်မှ သိုင်းသမားသုံးယောက်တို့သည် ရှောင်ကောင်း နောက်မှတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သုတုံးလှိုင်က လက်ကာပြလိုက်ရာ ထိုလူများသည် ရပ်တန့်သွားကြသည်။

"မင်းက ဘာလုပ်မလို့လဲ"

သုတုံးလှိုင်က ရှောင်ကောင်းအား အေးတိအေးစက်ဖြင့်မေးလိုက်သည်။

"ကျုပ် လူတစ်ယောက်ကိုလာရှာတာပါ"

"ဘယ်သူလဲ"

"လူသတ်ဖို့ ကြိုးစားနေတဲ့လူပါ"

သုတုံးလှိုင်ကမဲ့ပြုံးပြုံးလိုက်သည်။

"ဒီနေရာမှာ ဘယ်သူကမှ လာပြီး လူသတ်လို့မရဘူးဗျ"

"ရတယ်"

"မင်း ဘာပြောတယ်"

"ဒီနေရာမှာ လူကိုသတ်မယ့်လူတစ်ယောက်ရောက်နေတယ်လို့ ပြောနေတာပါ"

သုတုံးလှိုင်က ပြန်လည်ချေပရန် ပါးစပ်ဟလိုက်ရာ ရုတ်တရက် အခန်းထဲမှ စူးရှသောအော်သံတစ်ချက် ကြားလိုက်ရလေသည်။ သုတုံးလှိုင်သည် မျက်နှာကွက်ခနဲပျက်သွားသည်။

သူသည် တံခါးဘက်သို့လှည့်လိုက်ပြီး တွန်းဖွင့်လိုက်သည်။ တံခါးပွင့်သွားသည်နှင့် သူ၏မျက်လုံးအစုံသည် ပြူးကျယ်သွားလေတော့သည်။

❋❋❋



အခန်းထဲတွင်… ယန်းကျင်းသည် သွေးအိုင်ထဲ၌လဲလျောင်းနေသည်ကို တွေ့လိုက်ရလေသည်။

အခန်း၏ဝဲဘက်ရှိ ပြတင်းပေါက်တံခါးသည် ပွင့်နေ၏။

သုတုံးလှိုင်သည်… ယန်းကျင်းအား သွားရောက်ကြည့်လိုက်သောအခါ ယန်းကျင်းသည် အသက်မရှိတော့ပါ။

သူ၏အလောင်းပေါ်တွင်…. စာရွက်တစ်ရွက်တွေ့ရှိရလေသည်။ ထိုစာရွက်အားယူကြည့်လိုက်ရာ…

စာရွက်ပေါ်တွင်….

"သစ္စာဖောက်တို့သွားရာလမ်း"

ဟုရေးသားထားသည်ကို တွေ့လိုက်ရလေသည်။

❋❋❋

သုတုံးလှိုင်သည် ပြတင်းပေါက်ရှေ့၌ရပ်နေသည်။

သူသည် ကောင်းကင်ပေါ်မှကြယ်ကလေးများအား တစ်ချက်မော့ကြည့်လိုက်သည်။ ထိုစဉ် ယန်းကျင်းအား စောင့်ရှောက်ကာကွယ်ရသော သိုင်းသမားခြောက်ယောက်တို့သည် ပြတင်းပေါက်ရှေ့သို့ ပြန်လည်ရောက်ရှိလာကြလေသည်။

သူတို့၏မျက်နှာများသည် တုန်လှုပ်ချောက်ချားနေသည်။ သူတို့သည် သုတုံးလှိုင်ရှေ့၌ခေါင်းငုံ့ကာ စကားတစ်ခွန်းမှမပြောကြ

ပါ။ ရှောင်ကောင်းသည် ထိုသိုင်းသမားခြောက်ယောက်မှာ ယန်းကျင်းအား သတ်သွားသူနောက်သို့ လိုက်သွားပြီး လူသတ်သမားအား မျက်ခြည်ပြတ်သွား၍ ပြန်လာကြခြင်းဖြစ်သည်ကို ရိပ်စားမိလေသည်။

သုတုံးလှိုင်သည် ထိုသိုင်းသမားခြောက်ယောက်အား စကားတစ်ခွန်းမှမမေးဘဲ ရှောင်ကောင်းဘက်သို့လှည့်လိုက်ပြီး....

"ဒီကို လူသတ်သမားလာလိမ့်မယ်ဆိုတာ.... မင်းသိနေတယ်ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်သိရုံတင်မကဘူး၊ ခင်ဗျားလည်း သိမှာပဲ"

"အဲဒီလူက ဘယ်သူလဲ"

"ကျုပ်လည်း မသိဘူးဗျ"

သုတုံးလှိုင်က မျက်မှောင်ကုပ်သွားသည်။

"မင်း မသိဘူးဟုတ်လား"

"ဟုတ်တယ်၊ ဒီလူဟာ ချန်အန်းမြို့ထဲ ရောက်လာတယ်ဆိုတာပဲသိတယ်၊ သူ ဘယ်သူလဲဆိုတာ ကျုပ်မသိဘူး၊ နောက်ပြီး သူက ကျူမင်းအတွက် ယန်းကျင်းကိုလာသတ်မယ်ဆိုတာလဲ ကျုပ်မသိဘူး"

သုတုံးလှိုင်သည် ရှောင်ကောင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီးနောက်....

"မင်းပြောတဲ့စကားကို ကျုပ်ယုံတယ်၊ ကဲ.... မင်းသွားမယ်ဆိုရင် သွားနိုင်တယ်"

သုတုံးလှိုင်၏စကားကြောင့် အားလုံး အံ့အားသင့်သွားသည်။



အကြောင်းမှာ သုတုံးလှိုင်သည် သက်ညှာမကင်းသောလူတစ်ယောက်အား ဤကဲ့သို့ အလွယ်တကူခွင့်လွှတ်လေ့မရှိပါ။

"ဟား.... ဟား.... ဟား"

ရှောင်ကောင်းက ရယ်မောလိုက်လေသည်။

"ဟုတ်ကဲ့... ကျုပ်ကိုသွားနိုင်တယ်လို့ပြောတာ ဝမ်းသာပါတယ်၊ ဒါပေမယ့်... ကျုပ်က မသွားချင်သေးဘူးဗျ"

"ဘာဖြစ်လို့လဲ"

"ကျုပ် ပြောစရာတွေရှိနေသေးလို့ပါ"

"ဘာများပြောမလို့လဲ"

"ကျုပ်နာမည်အရင်းက 'လီဟင်စိန်' မဟုတ်ဘူးဗျ၊ ယန်းကျင်းကိုသတ်ဖို့လာတာလဲ မဟုတ်ဘူး"

သုတုံးလှိုင်က အေးတိအေးစက်ဖြင့်....

"ဒါတွေကျုပ်သိလို့ မင်းကိုဘေးမဲ့လွှတ်ပေးလိုက်တာပေါ့ကွာ"

ရှောင်ကောင်းက ပြုံးလိုက်သည်။

"ခင်ဗျားက ဒါပဲသိထားသေးတာကိုး၊ ခင်ဗျားမသိသေးတဲ့ ကိစ္စကျန်နေသေးလို့ ကျုပ်မသွားနိုင်တာပေါ့"

သုတုံးလှိုင်၏လက်နှစ်ဖက်သည် ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

"ဒါဖြင့်... ပြောပါ"

"ကျုပ်နာမည်က ရှောင်ကောင်းပါ၊ လူတစ်ယောက်အတွက်

လာခဲ့တာပါ"

"ဘယ်သူလဲ"

"စုမာချောင်းချင်ပါ"

"စုမာချောင်းချင် ဟုတ်လား"

"ဟုတ်တယ်၊ သူ့လုပ်ရပ်တွေကို မကျေနပ်လို့ သူနဲ့နှစ်ယောက်ချင်းယှဉ်ပြိုင်ဖို့ လာပြီးစိန်ခေါ်တာပါ"

သုတုံးလှိုင်မျက်မှောင်ကုပ်သွားသည်။

"မင်းနာမည်က ရှောင်ကောင်းဟုတ်လား"

"ဟုတ်ပါတယ်"

❄❄❄

ညဥ့်သည် ပို၍နက်ရှိုင်းလာသည်။

လေသည် ပို၍ပြင်းပြင်းထန်ထန်တိုက်ခတ်လာသည်။

"ကျုပ်က လူတစ်ယောက်ကို အလစ်ချောင်းပြီး လုပ်ကြံတာကို မကြိုက်ဘူးဗျ"

ရှောင်ကောင်းသည် ယင်းသို့ပြောပြီး ပြုံးပြလိုက်သည်။

"စုမာချောင်းချင်ဟာ ပြိုင်ဘက်ကင်းတယ်လို့ ကျုပ်ကြားခဲ့တယ်၊ ဒါကြောင့်... ကျုပ်ကိုနေရာ၊ အချိန်ပေးပါ၊ စုမာချောင်းချင်ဟာ တကယ်ပဲ ပြိုင်ဘက်ကင်းသလားဆိုတာ သိချင်လို့ပါ"



သုတုံးလှိုင်က အားရပါးရရယ်မောလိုက်သည်။

"ဟား... ဟား... ဟား...၊ မင်း ဒီလောက်တောင် သိချင်ရင် သိရမှာပေါ့ကွာ"

❄❄❄

ချန်အန်းမြို့တော်သည် ညဥ့်လုံးပေါက်စည်ကားသော မြို့တစ်မြို့ဖြစ်သည်။

ညဈေးတန်းမှလူများသည် ကျိတ်ကျိတ်တိုးနေ၏။

ရှောင်ကောင်းသည် ခေါက်ဆွဲဆိုင်တစ်ဆိုင်သို့ဝင်ရောက်ကာ ထိုင်ချလိုက်သည်။

အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲများကိုစားရင်း သုတုံးလှိုင်၏စကားများကို ပြန်လည်စဉ်းစားနေသည်။

သုတုံးလှိုင်က သူ့အား တစ်လအတွင်း စုမာချောင်းချင်နှင့် နှစ်ယောက်ချင်း တရားမျှတစွာယှဉ်ပြိုင်စေရမည်ဟု ကတိပြုလိုက်ပြီ မဟုတ်ပါလော။

သူသည် စုမာချောင်းချင်အား မကြောက်ပါ။

သို့သော် သူ့စိတ်ထဲ၌ လူတစ်ယောက်နှင့်သေတ္တာတစ်လုံးကို သတိရမိသည်။

ဤလူသည်...

ထိပ်သီးသိုင်းသမားခြောက်ယောက်ခြံရံထားသော ယန်းကျင့်အား သတ်သွားသည်။

ဤလူသည် မည်သူနည်း။

သူ့လက်ထဲမှသေတ္တာသည် မည်သည့်ကြောက်မက်ဖွယ်ရာကောင်းသော လက်နက်မျိုးဖြစ်နေပါသနည်း။

❋❋❋

ထိုအချိန်မှာပင် လူတစ်ယောက်သည် သေတ္တာတစ်လုံးဆွဲကာ မှောင်မည်းနေသောညဥ့်ဝယ် တိတ်ဆိတ်စွာဖြင့် ချန်အန်းမြို့တော်မှထွက်ခွာသွားလေတော့သည်။

❋❋❋



မျိုးချစ်သူရဲကောင်း 'ကျုမင်း'

နှစ်ဆန်း (၁၆)ရက်နေ့...

ပန်းနီနီဈေးကလေးရွာ...

❋❋❋

လေပြင်းတိုက်နေသည်။

နှင်းများသည် တဖွဲဖွဲကျနေသည်။

မြင်းတစ်ကောင်သည် လေထဲနှင်းထဲမှမောင်းနှင်ကာ ပန်းနီနီဈေးကလေးရွာသို့ ဝင်ရောက်လာလေသည်။

ပန်းနီနီဈေးကလေးရွာသည် ချန်အန်းမြို့နယ်၏အနောက်တောင်ဘက်မှ မိုင်ပေါင်း(၁၆၀)ကွာဝေးသည်။

မီးပုံးပျက်တစ်လုံးသည် လေ၏တိုက်ခတ်မှုကြောင့် နှင်းမြေပေါ်၌ လိမ့်၍လိမ့်၍လွင့်သွားနေသည်။

မြင်းသည် ဈေးကလေးရှေ့တွင် ရပ်တန့်သွားသည်။

မြင်းပေါ်မှလူသည် ဆင်းလာပြီး ခြောက်သွေ့သော သစ်ပင်တစ်ပင်၌ မြင်းကိုချည်နှောင်ထားလိုက်သည်။

ထို့နောက်... အလွန်တန်ဖိုးကြီးသော နှင်းကာကို ချွတ်လိုက်လေသည်။

နှင်းကာချွတ်လိုက်မှ... သူ၏အတွင်းအင်္ကျီသည် တောင်သူ

လယ်သမားများဝတ်ဆင်လေ့ရှိသော ဖျင်ကြမ်းဖြင့် ချုပ်လုပ်ထားသည့် အင်္ကျီဖြစ်သည်ကို တွေ့ရလေသည်။

သူသည် နှင်းကာကို မြင်းပေါ်တင်ထားလိုက်ပြီးနောက်... ဂုံလျှော်အိတ်ငယ်တစ်ခုမှ ဆီစိမ်စက္ကူထီးတစ်လက်၊ သံဖိနပ်တစ်ရံကို ထုတ်လိုက်သည်။

သူသည် သံဖိနပ်စီးလိုက်ပြီး ထီးကိုဆောင်းကာ ထူထပ်သော နှင်းခဲများအား နင်း၍ ပန်းနီနီဈေးကလေးရွာထဲသို့ လှမ်းဝင်သွားလေ၏။

ယခု... သူ့အား မည်သူကမဆို တောင်သူလယ်သမား တစ်ယောက်ဟု ထင်မိမည်မှာမလွဲပါ။

သူက မည်သူနည်း။

အကယ်၍သာ... သူမည်သူမှန်းသိခဲ့လျှင် သုတုံးလှိုင်တို့လူစုသည် သူ့အား အပိုင်းပိုင်းခုတ်ပစ်မည်မှာသေချာလှလေသည်။

အကြောင်းမှာ... ဤလူသည် ခြသေ့်ဂိုဏ်းချုပ်ကျူမင်း၏လူယုံတော်တစ်ယောက်ဖြစ်သောကြောင့်ပင်။

သူသည် ဤပန်းနီနီဈေးကလေးရွာသို့ ရောက်ရှိလာခြင်းမှာ သူ၏သခင်ကျူမင်းအား တွေ့ရန်ဖြစ်သည်။

ကျူမင်းသည် စုမာချောင်းချင်၏ပိုင်နက်ဖြစ်သော ပန်းနီနီဈေးကလေးရွာသို့ ရောက်ရှိနေလိမ့်မည်ဟုဆိုလျှင် မည်သူကယုံကြည်ကြပါမည်နည်း။



နှလုံးရည်ထက်မြက်သော သုတုံးလှိုင်ပင်လျှင် ယုံကြည်မည်မဟုတ်ပါချေ။

သေးငယ်သော မြို့ကလေး...

ရွာတစ်ရွာမျှသာကြီးသော မြို့ကလေးတစ်မြို့ဖြစ်သည်။

အလွန်ညံ့ဖျင်းသောတည်းခိုခန်း...

မကျဉ်းမကျယ်သောအခန်းတစ်ခုတွင် ကျူမင်းသည် အတွင်းအင်္ကျီတစ်ထည်သာ ဝတ်ဆင်ထားသည်။

ခြေထောက်မှာလည်း ဖိနပ်မပါဗလာဖြစ်နေသည်။

သူသည် အရက်ကို ပန်းကန်ကြီးဖြင့်သောက်နေ၏။

ယခု သူသည် ပန်းကန်(၁၂)လုံးခန့်သောက်ပြီးပြီဖြစ်သည်။

ဆိုင်လုလင်သည် အခန်းဝတွင်ရပ်နေသည်။

သူသည် ဖိနပ်မပါသောခြေသည်မှာ ဤမျှအရက်သောက်နေသည်ကိုကြည့်၍ ငေးမိသည်။

ကျူမင်းသည် သူ့အား နီရဲသောမျက်လုံးအစုံဖြင့် ကြည့်လိုက်လေသည်။

"ဟေ့.... ကျုပ်ကိုတွေ့ချင်တဲ့လူ ရောက်နေလို့ ဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ်ခင်ဗျာ"

ဆိုင်လုလင်၏အသံသည် တုန်တုန်ယင်ယင်ဖြစ်နေသည်။

"ဘယ်သူလဲကွ"

"သူ့နာမည်က တော်တော်ထူးနေတယ်ခင်ဗျာ"

"ဘယ်လိုနာမည်မျိုးမို့ ထူးနေရတာလဲ"

"သူ့နာမည်ကို သံဖိနပ်လို့ပြောပါတယ်"

"ဝုန်း"

ကျူမင်းသည် စားပွဲအား တစ်ချက်ရိုက်ချလိုက်ပြီး....

"ဟုတ်ပြီ၊ သူ့ကိုအမြန်ဆုံးလာခိုင်းစမ်း"

❄❄❄

သံဖိနပ်သည် သူ့ခြေထောက်တွင် စီးထားသော သံဖိနပ်ကို ချွတ်လိုက်သည်။

ထို့နောက် နွေးထွေးလှသောအခန်းထဲသို့ လှမ်းဝင်လိုက်လေသည်။ ကျူမင်း၏မျက်လုံးအစုံသည် စူးရှစွာဖြင့် သူ့အား စိုက်ကြည့်လိုက်ပြီး....

"မင်း သူ့ကိုတွေ့ခဲ့ရဲ့လား"

"ဟုတ်ကဲ့... တွေ့ခဲ့ပါတယ်"

"သူက ဘာပြောသွားသလဲ"

"သူက သူ့တာဝန်ကျေပြီလို့ပြောသွားပါတယ်"

"နောက်ကော"

"နောက် ဘာမှမပြောတော့ဘဲ သေတ္တာတစ်လုံးဆွဲပြီးထွက်သွားတော့တာပါပဲ"



ကျူမင်း၏မျက်လုံးအစုံသည် ထူးခြားသောအရိပ်အယောင်များထွက်ပေါ်လာသည်။

"အင်း.... ခင်ဗျားကတော့ ကတိတည်တဲ့လူတစ်ယောက်ပါပဲ၊ ကျုပ်ကျေးဇူးတင်ရမှာပါပဲ"

ဟု တစ်ယောက်တည်း တီးတိုးရေရွတ်နေသည်။

သူသည် ယင်းသို့တီးတိုးရေရွတ်ပြီးနောက် တဟားဟားရယ်မောလိုက်လေသည်။

"ဟား.... ဟား.... ဟား၊ သုတ်ုလျှိုင်၊ မင်းကိုယ်မင်း သိပ်ပြီးဉာဏ်ကောင်းတယ်လို့ထင်တာ မှားသွားပြီ"

ဟု ကြွေးကြော်လိုက်လေသည်။ သံဖိနပ်သည် ခေါင်းငုံ့ထားလေသည်။

"ဂိုဏ်းချုပ်ကြီးက ဒါလောက်တောင် အတင့်ရဲလိမ့်မယ်လို့ သူတို့ထင်မှာမဟုတ်ပါဘူး၊ ဒါပေမယ့်...."

"ဒါပေမယ့် ဘာဖြစ်သလဲကွ"

"သုတ်ုလျှိုင်ဟာ အလွန်ဉာဏ်ကောင်းတဲ့လူတစ်ယောက်ပါ၊ သူက ကျွန်တော်တို့လူတွေ ဒီလမ်းကဖြတ်ပြီးပြန်လိမ့်မယ်ဆိုတာ တွက်ဆထားပြီးဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် ဒီကထွက်မယ့်လမ်းတွေကို သူတို့ကပိတ်ဆို့ထားမယ်လို့ ကျွန်တော်ယုံကြည်တယ်"

ကျူမင်း မျက်မှောင်ကုပ်သွားသည်။

"ကျုပ်ကိုယ်တိုင်လာလိမ့်မယ်လို့ သူတို့က ထင်နေသလား"

"ဒီလိုတော့ ထင်လိမ့်မယ်မဟုတ်ပါဘူး"

"ဒါဖြင့်.... စုမာချောင်းချင်နဲ့ သုတုံးလှိုင်တို့ကိုယ်တိုင် လာမှ

မလား"

"လာမှာမဟုတ်ပါဘူး"

"ဒီလိုဆို သူတို့လွှတ်ထားတဲ့လူဟာ ဒုတိယတန်းစားရှိတဲ့လူ

ဖြစ်ရမှာပဲ"

"ဟုတ်ပါတယ်"

ကျူမ...သည် ခေနည်းငယ်စဉ်းစားလိုက်ပြီး....

"အင်း.... မဟုတ်မှလွဲရော၊ သူတို့လွှတ်မယ့်လူဟာ ကေကျုံး

ဒါမှမဟုတ် စွန်ထုံးဖြစ်ရမယ်ကွ"

သံဗိနပ်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ စွန်ထုံးပါ"

❄❄❄

စွန်ထုံး....

သူသည် သုတုံးလှိုင်၏အားအထားရဆုံးသော လက်ရုံးနှစ်ဆူ

အနက် တစ်ဦးအပါအဝင်ဖြစ်သည်။

သုတုံးလှိုင်သည် သူ့အား အောက်ပါအတိုင်း မှာကြားခဲ့ဖူး၏

"စွန်ထုံးဟာ အသက်ငယ်ပေမယ့်... အလုပ်လုပ်တဲ့နေရာမှာ

စေ့စပ်တယ်၊ ဘယ်ကိစ္စမျိုးမဆို သူ့ကို တာဝန်ပေးလိုက်တာနဲ့ အောင်



မြင်အောင်လုပ်တတ်တဲ့ အရည်အချင်းတွေရှိတယ်၊ ဒါကြောင့် သူ့ကို

လက်ရုံးတစ်ဆူလို့ သတ်မှတ်ထားတယ်"

ယခုလည်း သုတုံးလှိုင်မှာ မြေသို့ကိုးဘေးကလူစုသည် ပန်းနီနီ

ဈေးကလေးရွာမှ ဖြတ်ကျော်ဆုတ်သွားမည်ကို ကြိုတင်ခန့်မှန်းထား

သဖြင့် ထိုလူများအား ကြားဖြတ်တိုက်ခိုက်ရန် စွန်ထုံးအား တာဝန်ပေး

လိုက်ပြီမဟုတ်ပါလော။

❄❄❄

ပန်းနီနီဈေးကလေးရွာ....

ရွာ၏မင်းလမ်းအဝင်ဝ၌ စားသောက်ဆိုင်တစ်ဆိုင်ရှိသည်။

အကယ်၍...

ယင်းစားသောက်ဆိုင်ရှေ့တွင် ထိုင်နေပါက မင်းလမ်းမှ သွားလာကြသောလူအားလုံးကို...

သေသေချာချာတွေ့မြင်နိုင်မည်ဖြစ်ပါသည်။

စွန်ထုံးသည် **စားသောက်ဆိုင်ရှေ့**တွင်ရှိ စားပွဲတစ်လုံး၏အနီးတွင်ထိုင်နေလေသည်။

လမ်း၏တစ်ဘက်တစ်ချက်တွင် အဆောက်အဦးများ အစီအရီရှိနေကြသည်။

ထိုအဆောက်အဦး၏တံစက်မြိတ်အောက်တွင်...

အစိမ်းရောင်အဝတ်များဝတ်ဆင်ထားသောလူများသည်

ဝဲယာတစ်ဘက်တစ်ချက်တွင် အစီအရီရပ်လျက်နေကြ၏။

ထိုလူများသည်...

စွန်ထုံး၏လက်ရွေးစင်တိုက်ခိုက်ရေးသမား များဖြစ်ကြသည်။

သုတုံးလှိုင်သည်...

စွန်ထုံးအား ဤနေရာသို့စေလွှတ်ရခြင်းမှာ စွန်ထုံးသည် ပန်းနီနီဈေးကလေးရွာမှထွက်လာကြသော...

သံသယဖြစ်ဖွယ်ရာလူများအား...

ဟန့်တားဖမ်းဆီးနိုင်ရန်ဖြစ်ပါသည်။



သူ၏တိုက်ခိုက်ရေးသမားများသည် ပန်းနီနီဈေးကလေးရွာမှထွက်လာကြသောလူများအား...

တစ်ဦးချင်း စစ်ဆေးမေးမြန်းနေကြလေသည်။

❄❄❄

ရောင်ကောင်းသည် ပန်းနီနီဈေးကလေးရွာမှ ထွက်လာလေသည်။

သို့သော်... စွန်ထုံးသည် သူ့အား လုံးဝရှာဖွေစစ်ဆေးခြင်း မပြုပါ။ သို့ရာတွင် ရောင်ကောင်းမှာမူ သူ့ရှေ့သို့လျှောက်လာ၏။

လျှောက်လာရုံမကပါ။

စွန်ထုံး၏ရှေ့တွင်ရှိသော ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်သေးသည်။ ထိုမျှမကသေးပါ။

သူသည် စွန်ထုံးအားပြုံးပြလိုက်ပြီး....

"ခင်ဗျားနာမည်က ဘယ်လိုခေါ်ပါသလဲဗျာ"

ဟု မေးလိုက်သေးသည်။

စွန်ထုံးသည် ပြန်လည်ပြုံးပြခြင်းမပြုပါ။

သို့သော် ရောင်ကောင်း၏မေးခွန်းကိုဖြေလိုက်သည်။

"စွန်ထုံး"

"ဟုတ်ကဲ့၊ ခင်ဗျားအခြေအနေကောင်းရဲ့လားဗျ"

ရှောင်ကောင်းက ဆက်၍မေးလိုက်သည်။

"သိပ်ကောင်းတယ်လို့မဟုတ်ပေမယ့် မဆိုးပါဘူး"

"အင်း... ဆိုစမ်းပါဦး"

"ကျုပ်ရဲ့ခေါင်းဟာ ကျုပ်ရဲ့လည်ပင်းပေါ်မှာ တည်မြဲနေသေးလို့ပေါ့ဗျ"

ရှောင်ကောင်းက ရယ်မောလိုက်သည်။

"သိပ်ဟုတ်တာပေါ့ဗျာ၊ ယန်းကျင်းလို အသတ်ခံရရင်တော့ ဘယ်ကောင်းပါ့မလဲ"

"မင်းက ဒီအကြောင်းတွေကိုလဲ သိနေတာကိုး"

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျား ဒီမှာနေတာဟာ မြသေ့ဂိုဏ်းက လူတွေ ဒီလမ်းကပြန်လာမလားလို့ လာပြီး စောင့်နေတယ်ဆိုတာလဲ ကျုပ်ကသိသေးတယ်ဗျ"

စွန်ထုံးသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှောင်ကောင်းသည် ပြုံးပြပြီး စကားကိုဆက်လိုက်၏။

စွန်ထုံးသည် ရှောင်ကောင်း၏စကားကို စိတ်ဝင်စားလာ၏။ သို့သော်... သူသည် ဟန်မပျက်ဘဲ မျက်နှာတည်တည်ဖြင့်....

"ကျုပ်က မင်းလမ်းကိုပဲ တာဝန်ယူထားတယ်၊ တခြားလမ်းကကျုပ်နဲ့မဆိုင်ဘူး၊ ဒီလူစုကပဲ မင်းလမ်းဘက်က လာလိမ့်မယ်လို့ ကျုပ်တို့ ဆရာသုတုံးလှိုင်က ကြိုတင်တွက်ထားပါတယ်"

"ဘာဖြစ်လို့လဲဗျ"



"မင်းလမ်းကို မလာဝံ့တဲ့လူဟာ သတ္တိမှမကောင်းပဲ၊ ကျုပ်နဲ့ မတန်သေးလို့ပါ"

ရှောင်ကောင်းက ခေါင်းညိတ်လိုက်သည်။

"အင်း.... ဟုတ်ပေသားပဲ"

သူသည် ရေနွေးတစ်ခွက်ထည့်ရင်း အသံအုပ်အုပ်ဖြင့်....

"မသက်ာတဲ့လူတွေကော တွေ့သေးသလားဗျ"

"တွေ့တယ်"

"ဟုတ်လား၊ ဘယ်သူလဲဗျ"

"မင်းပဲ"

ရှောင်ကောင်းသည် အားရပါးရရယ်မောလိုက်လေသည်။

"ကျုပ်သာဖြစ်ရင် အခက်တွေ့မှာပေါ့ဗျာ"

"ဘယ်သူက အခက်တွေ့မှာလဲ"

"ခင်ဗျားပေါ့ဗျ"

စွန်ထုံးသည် ဟန်မူရာမပျက်ပါ။

ဒေါသလည်း မထွက်ပါ။ သူသည် ရှောင်ကောင်းအား စေ့စေ့ကြည့်လိုက်ပြီး....

"မင်းရဲ့အထုပ်ထဲမှာ ဓားတစ်လက်ပါလာတယ်ဆိုတာ ကျုပ်သိတယ်"

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် မင်းရဲ့ဓားကိုထုတ်ပြီး စမ်းကြည့်ပါလားကွ"

"ဘာကို စမ်းကြည့်ရမှာလဲ"

ရောင်ကောင်းက ပြုံး၍ခေါင်းခါယမ်းပြလိုက်သည်။

"ကျုပ်က စမ်းလို့မဖြစ်သေးဘူးဗျ"

"ဘာဖြစ်လို့လဲ၊ မင်းကသတ္တိမရှိလို့လား"

"သတ္တိမရှိလို့တော့ မဟုတ်ဘူး၊ စမ်းလို့မဖြစ်လို့ပါ"

"ဘာဖြစ်လို့လဲ"

"ကျုပ်ရဲ့ဓားဟာ ခင်ဗျားနဲ့ယှဉ်ပြိုင်ရမှာမှမဟုတ်ဘဲ"

သူသည် အလွန်ချိုသာသောလေသံဖြင့်....

"ဘာဖြစ်လို့လဲဆိုရင် ခင်ဗျားနဲ့မတန်သေးလို့ပါ"

❊❊❊



စွန်ထုံး၏မျက်နှာသည် မည်သို့မျှပြောင်းလဲခြင်းမရှိပါချေ။ သို့သော်... သူ၏မျက်လုံးအစုံမှာမူ နီရဲ၍နေလေတော့သည်။

သူ၏လက်သည် ဓားလက်ကိုင်သို့ရောက်သွားသည်။

ရောင်ကောင်းသည် ထိုင်ရာမှထလိုက်သည်။

သူသည် စွန်ထုံးနှင့်ယှဉ်ပြိုင်ရန် မဟုတ်ပါ။

ဤနေရာမှ ထွက်ခွာသွားရန်ဖြစ်ပါသည်။

သူသည် ချာခနဲလှည့်လိုက်သောအခါ မြင်းခွာသံများသည် ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ထိုမြင်းခွာသံများကြားမှ သံဖိနပ်များ နှင်းပေါ်၌ ပြေးလွှားသောအသံများကိုလည်း ကြားလိုက်ရလေသည်။

လူသည် အသံနှစ်မျိုးကို ခွဲခြားသိရှိလာသောအချိန်တွင် မြင်းတစ်ကောင်းသည် လျင်မြန်စွာပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မြင်းပေါ်မှလူသည် မုတ်ဆိတ်ဗရပျစ်ဖြင့် အလွန်ပင်ခန့်ညား လေသည်။

သူသည် သိုးမွေးအင်္ကျီတစ်ထည်ကိုဝတ်ဆင်ထားပြီး ကြယ်သီးများဖြုတ်ထားသဖြင့် သူ၏သံမဏိပမာ ထွားကြိုင်းသန်စွမ်းသောရင်အုပ်ပေါ် လွှင်နေ၏။

သူ၏နောက်တွင် လူတစ်ယောက်ပြေးလိုက်နေ၏။

သူ၏လက်ထဲတွင် ဆီစိမ်စက္ကူထီးတစ်လက်ကိုကိုင်ထားပြီး

သူ၏ခြေထောက်မှာလည်း နှင်းအပေါ်လျှောက်နိုင်သော သံဖိနပ်ကို စီးထားလေသည်။

"ဟေ့.... ကျူပ်က ခြသေ့်ဂိုဏ်းက မန်ချူးနောက်လိုက်ခွေးများ ကိုသုတ်သင်ရှင်းလင်းတဲ့ကျူမင်းကွ၊ မန်ချူးနောက်လိုက်ခွေးတွေ သတ္တိရှိရင် ထွက်ခဲ့ကြ"

သူ၏အသံသည် ခြသေ့်ဟိန်းသံပမာ ဝန်းကျင်တစ်ခုလုံးအား ပဲ့တင်ထပ်သွားစေတော့သည်။

❄❄❄

ရှောင်ကောင်းသည် ယင်းနေရာမှထွက်ခွာရန် ဟန်ပြင်လိုက်ပြီးမှ ခြေလှမ်းရပ်တန့်သွားသည်။

သူသည် အလွန်ကျော်ကြားသောမျိုးချစ်သူရဲကောင်းကျူမင်း၏အမည်ကိုသာကြားခဲ့ဖူးသည်။ လူကိုယ်တိုင် ယခုမှမြင်တွေ့ခဲ့ဖူးလေသည်။

ထို့ကြောင့်...

သူသည် ခြေလှမ်းရပ်ကာ ကျူမင်းအား အကဲခတ် ကြည့်လိုက်မိလေ၏။

မည်သည့်အကြောင်းကြောင့်မှန်း မသိ။

သူသည် ကျူမင်းကိုတွေ့မြင်လိုက်ရသည်နှင့်...



လေးစားကြည်ညိုသောစိတ်များ တဖွားဖွားပေါ်ပေါက်လာလေတော့သည်။

ယင်းသို့ စိတ်များပေါ်ပေါက်လာသည်နှင့် သူသည် ကျူမင်းအတွက် စိုးရိမ်လာလေသည်။

ဇွန်ထုံးတို့သည် ဤနေရာမှာ သူတို့အား ပိတ်ဆို့၍တိုက်ခိုက်ရန် စီစဉ်ထားသည်မဟုတ်ပါလော။

ကံကောင်းသည်မှာ...

သုတုံးလှိုင်သည် ကျူမင်း ယခုကဲ့သို့ အတင့်ရဲပြီး လာလိမ့်မည်မထင်၍...

ဇွန်ထုံးတို့ကို တာဝန်ပေးထားခြင်းဖြစ်သည်။

အကယ်၍...

သုတုံးလှိုင်ကိုယ်တိုင်ကိုယ်ကျရောက်လာခဲ့လျှင်...

သူသည် ကျူမင်းအတွက် ဆက်၍မတွေးဝံ့အောင်ဖြစ်လာမိလေတော့သည်။

❄❄❄

ရောင်ကောင်းသည် ယင်းသို့တွေးတောနေစဉ်မှာပင် စွန်ထုံးသည် ဓားကိုဆွဲထုတ်လိုက်ပြီး စားပွဲပေါ်မှခုန်၍ ကျော်လွှားသွားကာ ကျူမင်းအား တိုက်ခိုက်လိုက်လေသည်။

ရောင်ကောင်းသည် သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။ ကျူမင်းကဲ့သို့ဝါရင့်သော သိုင်းသမားတစ်ယောက်အား စွန်ထုံးသည် မည်သည့်နည်းနှင့်မျှ အနိုင်ရမည်မဟုတ်ဟု သူသိထား၏။

စွန်ထုံး၏ဓားသည် ကျူမင်း၏လည်မျိုသို့ တည့်တည့်မတ်မတ်ထိုးဝင်တိုက်ခိုက်လိုက်၏။

"မဆိုးဘူး"

ကျူမင်းသည် ယင်းသို့ပြောပြီး သူ့လက်ထဲမှပါလာသော ဓားဖြင့်ခံပေးလိုက်သည်။

"ခြွမ်း"

ဓားနှစ်လက်ထိခိုက်ပြီး အသံထွက်လာရုံမကဘဲ မီးပွားလေးများပင် ပွင့်သွားသည်။

စွန်ထုံးသည် သူ၏တိုက်ကွက်လွဲသွားသည်ကို စိတ်မလျှော့ပါ။ သူ၏ဒုတိယတိုက်ကွက်ဖြင့် ဆက်လက်တိုက်ခိုက်လိုက်ပြန်သည်။

"မင်းသေချင်လို့လား"

ကျူမင်းသည် ယင်းသို့အော်လိုက်ပြီး စွန်ထုံး၏ဓားကို ရိုက်ပစ်လိုက်ပြန်သည်။

စွန်ထုံးသည် အံကိုတင်းတင်းကျိတ်လိုက်ပြီး သူ၏ဓားသည်



မြွေဟောက်ပမာ ကျူမင်း၏ရင်ဝသို့ တိုက်ခိုက်လိုက်ပြန်သည်။

ဤတကြိမ်....

ကျူမင်းက ဒေါသချောင်းချောင်းထွက်သွားသည်။

သူ၏ဓားသည်... ရေလှိုင်းပမာဝှေ့ယမ်းကာ စွန်ထုံးအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

စွန်ထုံးသည်... ကျူမင်း၏တိုက်ခိုက်မှုကို မခံနိုင်တော့သဖြင့် နောက်သို့ဆုတ်လိုက်ရသည်။

"ဟေ့.... ကျူပ်က ကိုယ့်လူမျိုးကိုမသတ်ချင်ဘူး၊ ကျူပ်သွားမယ့်လမ်းကို ဖယ်စမ်း"

ကျူမင်းသည် တိုက်ခိုက်နေရာမှ ရပ်လိုက်ပြီး သတိပေးလိုက်လေသည်။

စွန်ထုံးသည် ကျူမင်း၏စကားများကို လုံးဝမကြားရသည့်အလား ကျူမင်းအား ဝင်ရောက်တိုက်ခိုက်လိုက်ပြန်သည်။

ကျူမင်းသည် စကားမပြောတော့ပါ။

သူ၏ဓားဖြင့် စွန်ထုံးအား ဖိ၍တိုက်ခိုက်လိုက်သည်။

စွန်ထုံးသည် မနိုင်မနင်းသီလျက်နှင့်ပင် သဲသဲမဲမဲပြန်လည်တိုက်ခိုက်နေ၏။

ကျူမင်းသည် ဒေါသကိုမထိန်းနိုင်တော့ပါ။

သူ၏ဓားကို တင်းကြပ်စွာကိုင်လိုက်ပြီး စွန်ထုံးအားဖိ၍ တိုက်ခိုက်လိုက်လေတော့သည်။

"အား"

ကျူမင်း၏ဓား သည် စွန်တုံး၏ရင်ဝသို့ ခုတ်ချမိသွားသဖြ

စွန်တုံးသည် ယင်းသို့တစ်ချက်အော်လိုက်ပြီး နှင်းခဲပေါ်သို့လဲကျသွာ

လေတော့သည်။

❄❄❄

မင်းလမ်း၏ဝဲယာတစ်ဘက်တစ်ချက်တွင် စွန်းထုံး၏တိုက်

ခိုက်ရေးသမားများသည် ဓားများအသင့်ပြင်ထားပြီးဖြစ်သည်။

သို့သော် သူတို့ခေါင်းဆောင်စွန်းထုံး အသက်ခံလိုက်ရသည်

ကိုတွေ့မြင်လိုက်ရသောကြောင့် သူတို့သည်ဓားကိုင်လျက်ကျောက်ရု

ပမာ မလှုပ်မယှက်ရပ်လျက် ကျူမင်းအား ငေး၍ကြည့်နေကြသည်။

"ဟား.... ဟား.... ဟား...."

ကျူမင်းသည် ခေါင်းမော့ကာရယ်မောလိုက်သည်။

"ဟေ့.... မင်းတို့သတ္တိရှိရင် ထွက်ခဲ့လေကွာ၊ ဘာလုပ်နေ

တာလဲ"

တိုက်ခိုက်ရေးသမားများသည် တစ်ယောက်မျက်နှာတ

ယောက်ကြည့်နေကြသည်။



မည်သူကမှ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုဝံ့ကြပါ။

"ဟေ့.... မင်းတို့ သုတုံးလှိုင်နှင့်စုမာချောင်းချင်ကို ပြောလိုက်၊

ကျုပ် သတ္တိရှိလို့ သူ့နယ်ကိုဝင်လာတယ်လို့၊ ကဲ.... မင်းတို့ ဒီနေရာက

အမြန်ဆုံးထွက်သွားကြပါ"

ကျူမင်း၏စကားဆုံးသွားသည်နှင့် တိုက်ခိုက်ရေးသမားများ

သည် ထိုနေရာမှပြေးလွှားသွားကြလေသည်။

"ဟား.... ဟား.... ဟား...."

ကျူမင်းသည် ထိုလူများ ဖရိုဖရဲပြေးသွားကြသည်ကို ကြည့်

ကာ အားရပါးရရယ်မောလိုက်သည်။

သို့သော် သူသည် ကြာကြာမရယ်နိုင်ပါ။

အကြောင်းမှာ... လူတစ်ယောက်က သက်ပြင်းချကာ စကား

ပြောလိုက်သောကြောင့်ဖြစ်ပါသည်။

"အင်း.... လောကမှာ စွန်ထုံးလိုသတ္တိရှိတဲ့လူဟာ အလွန်

နည်းမှန်း ကျုပ်အခုမှပဲသိရတယ်ဗျာ"

❄❄❄

ရှောင်ကောင်းသည် ကုလားထိုင်ပေါ်သို့ထိုင်ချလိုက်၏။

သူသည် စွန်ထုံးထိုင်သွားသောနေရာတွင် ထိုင်ချလိုက်ခြင်းဖြစ်ပေသည်။

ထို့ပြင် စွန်ထုံး၏ဓားအိမ်ကိုလည်း သူ၏အထုပ်နှင့်အတူတူထားလိုက်သေးသည်။

သူသည် ကျူမင်းအားမော့မကြည့်ဘဲ... ကျူမင်းက သူ့အားသတိပြုကြည့်နေသည်ကိုလည်း သူသိထားလေသည်။

ကျူမင်းသည် မြင်းကို ရှေ့သို့တိုးလာပြီး ရှောင်ကောင်းအားအကဲခတ်ကြည့်နေ၏။

ရှောင်ကောင်းသည် သူ့အား မော့ပင်မကြည့်ဘဲ ရေနွေးကြမ်းသောက်နေ၏။

ပန်းကန်လုံးထဲမှရေနွေးကြမ်းသည် အေးနေပြီဖြစ်သည်။

သူသည် သွန်ပစ်လိုက်ပြီး ကရားအိုးထဲမှထပ်မံဖြည့်ထည့်နေ၏။ ကရားအိုးထဲမှရေနွေးကြမ်းမှာလည်း အေးနေပြီဖြစ်၍.... သူသည် ထပ်မံသွန်ပစ်ပြန်သည်။

ထို့နောက်... ကရားအိုးထဲမှ ထပ်မံငှဲ့ပြန်၏။

ကျူမင်းသည် သူ့အားအတန်ကြာကြည့်နေရာက....

"ဟော့.... မင်းဘာလုပ်နေတာလဲကွ"

ဟုမေးလိုက်လေသည်။

"ကျွန်တော်က ရေငတ်လို့ရေနွေးကြမ်းသောက်မလို့"



"ဒါဖြင့် မင်းကမသောက်ဘဲ ဘာဖြစ်လို့သွန်ပစ်ရတာလဲ"

"ရေနွေးကြမ်းက အေးနေလို့ပေါ့ဗျာ၊ ကျွန်တော်က ရေနွေးကြမ်းကို ပူပူမှသောက်တတ်တာဗျ"

"ထားပါတော့၊ ကရားအိုးထဲက ရေနွေးကြမ်းလည်း အေးနေတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့ ထပ်ထည့်နေရတာလဲ"

ရှောင်ကောင်းကပြုံးလိုက်သည်။

"အရက်ကို အေးအေးသောက်လို့ အရေးမဟုတ်ပေမယ့် ရေနွေးကြမ်းကတော့ ပူမှ ကျွန်တော်သောက်တတ်ပါတယ်၊ ဒါကြောင့် ကရားအိုးထဲက ရေနွေးကြမ်းကအေးနေတာမို့ ပူလာအောင်သည့်နေရတာပေါ့"

ကျူမင်းက ရယ်မောလိုက်သည်။ သူ့နောက်မှပါလာသော သံဖိနပ်အားလှည့်၍....

"ကျုပ်က ဒီလူရဲ့ခေါင်းကိုခုတ်ချမလို့ကွာ၊ ဒါပေမယ့်.... အခု မခုတ်ချင်တော့ပါဘူး"

"ဘာဖြစ်လို့လဲဆရာ"

ကျူမင်းက ရယ်မောလိုက်သည်။

"ဒီသူငယ်က ရူးသွပ်နေတယ်၊ ကျုပ်က အရူးကို ဘယ်တော့မှမသတ်ဘူးကွ"

သံဖိနပ်သည် ရယ်မောခြင်းမပြုပါ။

အကြောင်းမှာ... ရှောင်ကောင်း ရေနွေးကရားအိုးအား ပွတ်ရင်းပွတ်ရင်း... ရေနွေးကြမ်းမှာ ဆူပွက်လာသည်ကို တွေ့ရသောကြောင့်ဖြစ်ပါသည်။

ကျူမင်းက ရယ်မောရာမှရပ်တန့်သွား၏။

လက်ဝါးမှအတွင်းအားဖြင့် အေးနေသောရေနွေးကြမ်းများအားဆူပွက်လာအောင် ပြုလုပ်နိုင်သောလူမှာ နှယ်နှယ်ရရသိုင်းပညာဖြင့်ပြုလုပ်နိုင်မည် မဟုတ်မှန်း သူသိထားသည်။

သူသည် ကရားအိုးထဲမှပူနွေးသောရေနွေးကြမ်းကိုငှဲ့သောက်နေသောရှောင်ကောင်းအား အတန်ကြာစိုက်ကြည့်ပြီးနောက် သံဖိနပ်ဘက်သို့လှည့်လိုက်သည်။

"ဒီသူငယ် ရူးသွပ်နေသလားကွ"

"ရူးသွပ်မယ်တော့ မထင်ဘူးဆရာ"

"ဒီလူငယ်ကြည့်ရတာ သိုင်းပညာမဆိုးဘူးလို့ထင်တယ်"

"ဟုတ်မယ်ဆရာ"

"အင်း... ကျုပ်မျက်စိမှောက်သွားတော့မလို့ကွ၊ ဒီသူငယ်က မခေဘူးကွ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ရှောင်ကောင်းအား လက်နှစ်ဖက်ဆုပ်ကာ အလေးပြုလိုက်သည်။

"မင်းက အရူးမဟုတ်ဘူး၊ သူ့ရဲကောင်းတစ်ယောက်လို့ ကျုပ်



ယူဆတယ်၊ မင်းသာ မန်ချူးတွေရဲ့ နောက်လိုက်ခွေးမဟုတ်ဘူးဆိုရင် ကျုပ်က မင်းကိုဦးချတောင်းပန်ပါ့မယ်"

ကျူမင်း၏မမျှော်လင့်သောလုပ်ရပ်ကြောင့် ရှောင်ကောင်းသည် ရုတ်တရက်ကြက်သေသေသွားသည်။ အတန်ကြာမှ သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... သိုင်းလောကမှာ ခင်ဗျားကို မျိုးချစ်သူ့ရဲကောင်းလို့ ချီးကျူးပြောဆိုနေတာ အခုမှပဲ ကျွန်တော်ယုံကြည်တော့တယ်ဗျာ"

"ဒီလိုဆို မင်းက ကျုပ်ကို မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံနိုင်ပါမလား"

"အို... သိပ်လက်ခံတာပေါ့ဗျာ၊ ကျွန်တော်တွေ့ခဲ့သမျှလူတွေထဲမှာ ခင်ဗျားလိုလူမျိုး တစ်ယောက်မှမတွေ့ခဲ့သေးဘူးဗျ"

ကျူမင်းက အားရပါးရရယ်မောလိုက်၏။

"ဒါဖြင့် မင်းကလက်ခံပြီပေါ့"

"ဟုတ်တယ်"

"ကောင်းပြီ... ဒါဖြင့်ကျုပ်နဲ့လိုက်ခဲ့၊ လုယန်မြို့ရောက်ရင် မင်းကို ငါကောင်းကောင်းဧည့်ခံမယ်"

"မဖြစ်သေးဘူးဗျ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ဒီချိန်အန်းမြို့မှာ လူတစ်ယောက်နဲ့ယှဉ်ပြိုင်ဖို့ ချိန်းထားသေးလို့ပါ"

"ဒါဖြင့်.... တို့ ဒီမှာပဲအရက်သောက်ကြမယ်"

"ဖြစ်ပါ့မလားဗျာ .... တော်ကြာ စုမာချောင်းချင်လာမှာကို ခင်ဗျားမကြောက်ဘူးလား"

ကျူမင်းက ပြုံးလိုက်သည်။

"ကျုပ်က ဘာဖြစ်လို့ကြောက်ရမှာလဲ... သူလာရင် ကျုပ်က အသက်နဲ့လဲလိုက်မှာပေါ့၊ ကဲ.... ကဲ.... အရက်သောက်တာက ပိုပြီး အရေးကြီးတယ်"

ရောင်ကောင်းက ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် သောက်ကြတာပေါ့"

သူသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ငွေသိမ်းစားပွဲနောက်တွင်ပုန်းနေသောဆိုင်ရှင်ဘက်သို့ လှည့်လိုက်ပြီး....

"ဟေ့.... အရက်တစ်အိုး အမြန်ယူခဲ့ပါ"

ဟု မှာကြားလိုက်သည်။

❄❄❄



စားသောက်ဆိုင်တွင် စားသောက်နေကြသောလူများသာမက ဆိုင်လုလင်များပင် ထွက်ပြေးတိမ်းရှောင်ကုန်ပြီးဖြစ်ပါသည်။

အရက်အိုးများက ထွက်မပြေးနိုင်၍သာ... ရောင်ကောင်းတို့သည် အရက်ကိုအားရပါးရသောက်နေနိုင်ခြင်းဖြစ်ပါသည်။

သူတို့သည် သူတစ်ခွက် ကိုယ်တစ်ခွက်သောက်နေရင်း အရက်အိုးတစ်လုံး မကုန်သေးမီမှာပင်...

အဝေးမှမြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မြင်းခွာသံများသည် စစ်ချီဗုံသံပမာဟိန်းထွက်နေ၏။

အနည်းဆုံး မြင်းအကောင် (၇၀) (၈၀)ခန့်ရှိမည်ဟု ခန့်မှန်းရလေသည်။

ပန်းနီနီဈေးကလေးရွာသည် စုမာချောင်းချင်၏ပိုင်နက်ဖြစ်သည်။ သူ၏တပ်ဖွဲ့များသည် အမြဲတစေ လှည့်လည်ကင်းစစ်မှုပြုနေသည်မဟုတ်ပါလား။

ယခုကြားရသော မြင်းခွာသံများသည် စုမာချောင်းချင်တို့၏ လူစုဖြစ်ရမည်မှာ မလွဲပါ။

သို့သော်... ကျူမင်းသည် မျက်တောင်ပင် မခတ်ပါ။

သူ့လက်ထဲမှထည့်ထားသောအရက်များမှာလည်း ဖိတ်စင်ခြင်းမရှိပါ။

"ကဲ.... မိတ်ဆွေ၊ ဒီနေ့ မိတ်ဆွေနဲ့တွေ့ရတဲ့အတွက် ဝမ်းသာ

တဲ့အထိမ်းအမှတ်နဲ့အရက်သုံးခွက်သောက်ပြီး ဂုဏ်ပြုပါတယ်"

သူသည် အရက်ခွက်အားမြှောက်ပြလိုက်ပြီးနောက် မော့ချလိုက်လေသည်။

ရှောင်ကောင်းကလည်း အရက်ခွက်မြှောက်ပြလိုက်သည်။

"ကျွန်တော်လည်း ခင်ဗျားသက်တော်ရာကျော်ရှည်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်"

သူသည် ယင်းသို့ဆုတောင်းပြီး သောက်ချလိုက်လေသည်။

ထိုစဉ်မှာပင်... မြင်းခွာသံများသည် ပို၍နီးကပ်လာလေ၏။

ကျူမင်းသည် နောက်ထပ်အရက်ထည့်လိုက်သည်။

သံဖိနပ်က ဟန့်တားလိုက်သည်။

"ဆရာ... အရက်ကို သိပ်ပြီးသောက်လို့ မဖြစ်တော့ဘူးထင်တယ်"

ကျူမင်းက ဒေါသထွက်သွားသည်။

"ဘာဖြစ်လို့လဲကွ"

"ဒီအတိုင်းသာ ဆက်ပြီးသောက်သွားရင် ဆရာ့မိတ်ဆွေရဲ့ အသက်ဟာ ဆရာနဲ့အတူကြွသွားနိုင်လို့ပါ"

ကျူမင်းသည် ဒေါသမထွက်နိုင်တော့ပါ။

သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အင်း.... ဟုတ်သားပဲ၊ ကျုပ်သေရတာက အရေးမကြီးဘူး။ မင်းကို ဘာဖြစ်လို့ဆွဲထည့်ရမှာလဲ"



သူသည် ပြောပြီးထိုင်ရာမှထမည်အပြုတွင် ရှောင်ကောင်းက သူ၏ပခုံးအား လက်ဖြင့် အသာအယာဖိထားလိုက်သည်။

"အို.... ကျွန်တော့်အသက်ဟာ ခင်ဗျားထက်တန်ဖိုးပိုရှိတာ မှမဟုတ်ဘဲ၊ ခင်ဗျားတောင် သေရမှာမကြောက်ဘဲ ကျွန်တော်က ဘာဖြစ်လို့ကြောက်နေရမှာလဲ"

"ဟား.... ဟား.... ဟား"

ကျူမင်းသည် အားရပါးရရယ်မောလိုက်သည်။

"မင်းစကားကလမ်းကျတယ်ဟေ့၊ ကဲ... ကဲ... ထပ်သောက်ကြပါစို့"

သူ၏ရယ်မောသံမဆုံးမီ မြင်းများသည် စားသောက်ဆိုင်သို့ ရောက်ရှိလာပြီး စားသောက်ဆိုင်တစ်ခုလုံးအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

❄❄❄

မြင်းခွာသံများသည် ရုတ်တရက်တိတ်ဆိတ်သွားသည်။

မြင်းဟီသံများ တစ်ချက်နှစ်ချက် ထွက်ပေါ်လာသည်မှအပ ဝန်းကျင်တစ်ခုလုံးသည် ထူးခြားစွာငြိမ်သက်သွားလေသည်။

မိုးအောက်မြေပြင်....

ရှိသမျှသောအသံများသည် တစ်မုဟုတ်ချင်း ချုပ်ငြိမ်းသွားကုန်ကြပြီဖြစ်လေသည်။

သံဖိနပ်သည် ထိုင်ခုံတစ်ခုပေါ်သို့ ဝင်ရောက်ထိုင်ချလိုက်၏။

သူသည် မချိသွားဖြဲပြုံးပြလိုက်ပြီး....

"ဆရာ... ကျွန်တော်လည်း အရက်နည်းနည်းသောက်ချင်လာပြီဗျာ"

❋❋❋

ဓားသည် အသံမထွက်ပါ။

မြားနှင့်လေးတို့မှာလည်း ဆိတ်ငြိမ်နေသည်။

လူသံသူသံ သာမက မြင်းများပင် အသံမထွက်ကြပါချေ။

ဤလူစုနှင့်ဤမြင်းများသည် အထူးကြပ်မတ်၍လေ့ကျင့်ခဲ့ရသဖြင့် အလွန်စည်းကမ်းကြီးသည်။ စနစ်ကျသည်။ ထို့ကြောင့်လည်း ဤမြင်းတပ်ဖွဲ့သည် စုမာချောင်းချင်၏အထူးအားထားရသော တပ်ဖွဲ့တစ်ဖွဲ့ဖြစ်ပါသည်။



အသံဗလံများ အားလုံးဆိတ်ငြိမ်သွားသောအခါ...

လူတစ်ယောက်သည် ခရမ်းရောင်ကွပ်ပြီး စိန်စီထားသော ဦးထုပ်ကိုဆောင်းကာ...

ခရမ်းရောင်ကတ္တီပါအင်္ကျီရှည်ဝတ်လျက် လက်နှစ်ဖက်ကို နောက်တွင်ပစ်ကာ... အေးဆေးစွာဖြင့် စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လာလေသည်။

ထိုလူကား မဟာအာမခံဌာန၏အကြီးအကဲ သုတုံးလှိုင်ပင်ဖြစ်ပါသည်။

သုတုံးလှိုင်သည် အချိန်မီရောက်ရှိလာပြီမဟုတ်ပါလော။

❋❋❋

သုတုံးလှိုင်...

သူ၏ပုံဟန်မှာ အေးဆေးနိုင်လွန်းလှသည်။

လူတစ်ယောက်က မိမိဘက်မှ ရာခိုင်နှုန်းပြည့်မျှ နိုင်ချေရှိသော အေးဆေးခြင်းမျိုးဖြစ်သည်။

ယခု စားသောက်ဆိုင်ထဲ၌ အရက်သောက်နေကြသော လူသုံးယောက်တို့၏အသက်သည် သူ၏လက်ခုပ်ထဲကရေပမာ ရှိနေပြီမဟုတ်ပါလော။

ရောင်ကောင်းနှင့် ကျူမင်းတို့သည်... သူ့အား လှည့်၍ပင်

မကြည့်ကြပါ။

ရှောင်ကောင်းသည် အရက်တစ်ခွက်ထည့်လိုက်ပြီး ကျူမင်းအားလှမ်း၍ပေးရင်း…

"ကဲ… ကျုပ်က ထပ်ပြီးဂုဏ်ပြုလိုက်ပါတယ်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ"

ကျူမင်းသည် အရက်ခွက်ကိုလှမ်းယူရန် လက်ဆန့်လိုက်ရာ… သုတုံးလှိုင်က ဟန့်တားလိုက်သည်။

"နေပါဦးဗျ"

ရှောင်ကောင်းက ကျူမင်းအားတစ်ချက်ကြည့်လိုက်ပြီးမှ သုတုံးလှိုင်အား မော့ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကျုပ်ကသာဂုဏ်ပြုရမှာပါ"

"ဗျာ… ခင်ဗျားက သူ့ကိုဂုဏ်ပြုမယ်ဟုတ်လား"

"ဟုတ်တယ်လေ၊ ကြည့်စမ်း… ခြသေ့ဂိုဏ်းချုပ်ရဲ့ ဂိုဏ်းချုပ်ကြီးတစ်ယောက်လုံး ကျုပ်တို့နယ်ထဲရောက်လာတာ ကျုပ်ကအိမ်ရှင်ဆိုတော့ ဧည့်ဝတ်ပြုရမှာပေါ့၊ မဟုတ်ဘူးလား"

သူသည် အရက်ခွက်တစ်ခွက်ကိုယူ၍ အရက်အပြည့်ထည့်လိုက်ပြီး ကျူမင်းအားလှမ်းပေးလိုက်သည်။

ကျူမင်းကလည်း မဆိုင်းမတွဘဲ သောက်ချလိုက်လေသည်၊ ထို့နောက်…



ကျူမင်းသည် အရက်တစ်ခွက်ထည့်၍ သုတုံးလှိုင်အား လှမ်းပေးရင်း…

"ကျုပ်ကလည်း ပြန်ပြီးဂါရဝပြုပါတယ်ဗျာ"

"ဟုတ်ကဲ့…ကျုပ်လက်ခံပါတယ်၊ ဒါပေမယ့် ဒီအရက်သောက်ပြီးရင် ဂိုဏ်းချုပ်ကြီးကို စကားတစ်ခွန်းမေးချင်ပါတယ်"

"ဘာမေးမလို့လဲဗျ"

သုတုံးလှိုင်က ကျူမင်းလှမ်းပေးလိုက်သော အရက်ခွက်ကိုယူ၍သောက်လိုက်ပြီး…

"ဂိုဏ်းချုပ်ကြီးက အခုလိုကျုပ်တို့နယ်မြေထဲ အတင့်ရဲစွာဝင်ရောက်လာတာကိုတော့ချီးကျူးပါတယ်"

သူသည် သက်ပြင်းတစ်ချက်ချပြီး စကားဆက်လိုက်သည်။

"အကယ်၍ ခုနကအချိန်ရတုန်း ဂိုဏ်းချုပ်ကြီးက အမြန်ဆုံးထွက်သွားမယ်ဆိုရင် ကျုပ်တို့လဲ ဘယ်လိုမှမတတ်နိုင်တော့ဘူးပေါ့"

သူသည် စကားကိုခေတ္တရပ်လိုက်ပြီး ကျူမင်းအား စေ့စေ့ကြည့်လိုက်သည်။

"အခုတော့ ဂိုဏ်းချုပ်ကြီးက ဘာဖြစ်လို့နေရစ်ခဲ့သလဲဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့မရဘူးဗျ"

"ခင်ဗျား စဉ်းစားလို့မရဘူးဟုတ်လား"

"ဟုတ်တယ်"

"အမှန်အတိုင်းပြောရရင် ကျုပ်ကလည်း ဒီမှာကြန့်ကြာလိမ့်

မယ်လို့ မမျှော်လင့်မိဘူးဗျ"

ကျူမင်းသည် ရောင်ကောင်း၏ပခုံးအား တစ်ချက်လှမ်းပုတ်လိုက်ပြီး....

"သူ့ကို မမျှော်လင့်ဘဲမိတ်ဆွေဖြစ်သွားတာနဲ့ ဒီမှာနေပြီး အရက်သောက်ရင်း အချိန်ကုန်ခဲ့တာပါ"

သူက ရယ်မောလိုက်ပြီး....

"ဒီလိုမိတ်ဆွေမျိုး ခင်ဗျားမှာရှိသလားဗျ"

သုတုံးလှိုင်သည် စကားမပြောတော့ပါ။

သူသည် မလှုပ်မယှက်ဘဲ ကျောက်ရုပ်ပမာရပ်လျက်နေ၏။ သူ၏မျက်နှာတစ်ခုလုံးမှာလည်း ဟန်မူရာကင်းမဲ့နေ၏။

သူ၏လက်ရွေးစင်တပ်ဖွဲ့မှာလည်း မလှုပ်မယှက်ရပ်လျက်ရှိနေ၏။

သုတုံးလှိုင်၏အမိန့်မရမချင်း... သူတို့သည် လှုပ်ရှားကြမည်မဟုတ်ပါ။

❄❄❄



ထိုတဒင်္ဂအချိန်တွင် ဟန်မူရာအထူးခြားဆုံးဖြစ်နေသူမှာ ရောင်ကောင်းဖြစ်သည်။

သူ့မျက်နှာတွင်ဖြစ်ပေါ်နေသောဟန်မူရာမှာ ကင်းမြီးကောက် အကောင်(၁၀၀)ခန့် သူ၏အင်္ကျီထဲသို့ ဝင်ရောက်နေသည်ကို ခံစားနေရသော်လည်း....

မလှုပ်ရဲဘဲ ငြိမ်သက်စွာခံနေရသည့် ဟန်မူရာမျိုးဖြစ်နေပေသည်။

ဟုတ်ပါ၏။

သူသည် အခြားလူမမြင်ရသောအရာ... တစ်စုံတစ်ခုအား တွေ့မြင်လိုက်ရခြင်းဖြစ်ပါသည်။

အကြောင်းမှာ...

သူထိုင်နေသောနေရာသည် ဆိုင်၏ဝဲဘက်နောက်မှ ပြတင်းပေါက်နှင့်တည့်နေ၏။

ထိုပြတင်းပေါက်မှာလည်း ပွင့်နေ၏။

ပြတင်းပေါက်အပြင်ဘက်၌ သုတုံးလှိုင်၏မြင်းတပ်ဖွဲ့လည်း ရှိနေ၏။

သို့သော် ရောင်ကောင်းထိုင်နေသောရှုထောင့်မှနေပြီး မြင်းနှစ်ကောင်ကြား လွတ်နေသောနေရာ၏နောက်ဘက်မှ သစ်ပင်တစ်ပင်အားတွေ့မြင်နိုင်လေသည်။

ထိုသစ်ပင်၏ခြေရင်း၌ လူတစ်ယောက်ရပ်နေသည်ကိုလည်း

တွေ့ရသည်။

ထိုလူ၏မျက်နှာအား သဲသဲကွဲကွဲမမြင်ရသော်လည်း သူ၏ လက်ထဲတွင် ဟောင်းနွမ်းသောသေတ္တာတစ်လုံးဆွဲထားသည်ကို မြင် လိုက်ရသောကြောင့်ဖြစ်ပေသည်။

❄❄❄

ရှောင်ကောင်းသည် ထိုလူအား တွေ့မြင်လိုသောဆန္ဒမှာ အလွန်ပြင်းပြနေ၏။

သူသည် ထိုလူထံပြေးသွားရန် အကြိမ်ကြိမ်စိတ်ကူးမိသည်၊ သို့သော် အခြေအနေအရ သူလှုပ်ရှား၍မဖြစ်ပါ။

သူလှုပ်ရှားလိုက်သည်နှင့် သူ၏အသက်သာမက ကျူမင်းတို့ ၏အသက်ပါဆုံးရှုံးသွားနိုင်သည်ကို သူတွေးမိထားလေသည်။

ယခု… သူသည် သုတုံးလှိုင်၏အဆုံးအဖြတ်ကိုသာ ငြိမ်၍ စောင့်နေရ၏။

အကယ်၍သာ…

သုတုံးလှိုင်က သူတို့အားတိုက်ခိုက်ရန် အမိန့်ပေးလိုက်လျှင် သူတို့သုံးယောက်သည် သုတုံးလှိုင်၏တပ်ဖွဲ့အား များစွာ ဒုက္ခပေးနိုင် သော်လည်း… သူတို့သုံးယောက်၏အသက်မှာလည်း သုတုံးလှိုင်၏ တပ်ဖွဲ့များက ချေမှုန်းသွားနိုင်သည်မှာ မလွဲပေ။



ထို့ကြောင့်… သူသည် သုတုံးလှိုင်က ချမှတ်လာမည့်ဆုံးဖြတ် ချက်များကိုသာ နားစွင့်နေ၏။

ထိုစဉ်မှာပင်… သူသည် သုတုံးလှိုင်၏အံ့ဩဖွယ်ရာ လုပ်ရပ် တစ်ခုအားတွေ့လိုက်ရလေသည်။

သုတုံးလှိုင်က ရုတ်တရက်ရယ်မောလိုက်၏။

သူ၏ရယ်မောပုံမှာ ပကတိရိုးရိုးစင်းစင်းရှိပြီး ခင်မင်ဖွယ်ရာ ကောင်းလှသည်။

သုတုံးလှိုင်သည် ယဉ်ကျေးသိမ်မွေ့သောအသွင်ဖြင့် ပြုံးကာ ကျူမင်းအား ဦးညွတ်လိုက်သည်။

"ကဲ… ဂိုဏ်းချုပ်ကြီးကို ကျုပ်ကအရက်မတိုက်တော့ပါဘူး ဗျာ"

ကျူမင်းသည် သုတုံးလှိုင်ဆိုလိုသောအဓိပ္ပာယ်ကို စဉ်းစား နေစဉ်မှာပင် သုတုံးလှိုင်က စကားဆက်လိုက်ပြန်သည်။

"ခင်ဗျား လုယနိကိုပြန်ရဦးမယ်မဟုတ်လား၊ လမ်းခရီးက မနီး ဘူးဗျာ၊ ဒါကြောင့်… အရက်အလွန်အကျွံသောက်ပြီး လမ်းမှာမူးနေရင် ကျုပ်ရဲ့စေတနာဟာ ဝေဒနာဖြစ်သွားပါလိမ့်မယ်"

ထိုစကားကြောင့် ကျူမင်းသည် ကြောင်အမ်းအမ်းဖြစ်သွား သည်။ ရှောင်ကောင်းမှာလည်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သူတို့သည် ကိုယ့်နားကိုယ်ပင် မယုံကြည်နိုင်အောင်ဖြစ်ကုန် ကြသည်။ အတန်ကြာမှ ရှောင်ကောင်းကမော့ကြည့်လိုက်သည်။

"ခင်ဗျားက သူ့ကို ပြန်ခွင့်ပြုတယ်ဟုတ်လား"

သုတုံးလှိုင်က ပြုံးလိုက်သည်။

"ဟုတ်ပါတယ်"

"ခင်ဗျားက တကယ်ပြောနေတာလား"

"ဩော်.... သူက ခင်ဗျားကိုမိတ်ဆွေအဖြစ်ပေါင်းသင်းနိုင်ရင် ကျုပ်လည်း မင်းလိုမိတ်ဆွေမျိုးကို ဘာကြောင့် မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ်မပြုရမှာလဲ"

ကျုမင်းသည် မျက်မှောင်ကုပ်နေသည်။

"ခင်ဗျား တကယ်ပြောနေတာလားဗျ"

သုတုံးလှိုင်သည် ပြုံးလျက်....

"ကဲပါ... ဂိုဏ်းချုပ်ကြီး၊ အချိန်ရှိတုန်း ခရီးကဝေးနေတော့ အခုပဲပြန်ကြပါဗျာ၊ နောက်တော့တွေ့ကြသေးတာပေါ့၊ ဟုတ်လား"

ကျုမင်းသည် ဝိုင်းရံထားသောမြင်းတပ်ဖွဲ့အား တစ်ချက်ကြည့်လိုက်သည်။

မြင်းတပ်ဖွဲ့တစ်ခုလုံးသည် တုတ်တုတ်မျှပင်မလှုပ်ပါ။

သူသည် ထိုင်ရာမှထလိုက်ပြီး သူ၏မြင်းဆီသို့လျှောက်သွားသည်။ သံဖိနပ်လည်း နောက်မှထလိုက်သွား၏။

❁❁❁



မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာပြန်သည်။

မြင်းတစ်ကောင်....

သံဖိနပ်တစ်ရံနှင့်လူနှစ်ယောက်တို့သည် လျင်မြန်စွာဖြင့် ပန်းနီနီဈေးကလေးရွာမှ ထွက်ခွာသွားလေသည်။

ရှောင်ကောင်းသည်... ကျုမင်းတို့ ဝေးကွာသွားသည်အထိ ကြည့်ပြီးမှ သုတုံးလှိုင်ဘက်သို့လှည့်လိုက်သည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ခရမ်းရောင်သုတုံးလှိုင်ဟာ အလွန်ချီးကျူးစရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ သိုင်းလောကမှာ သတင်းစကားဖြစ်ခဲ့တယ်၊ အခုတော့... ကျွန်တော့်လက်တွေ့မြင်လိုက်ရပြီဆိုတော့ ပိုပြီးလေးစားလာပါတယ်ဗျာ"

သုတုံးလှိုင်ကလည်း သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဒါပေမယ့်... မင်းက ငါ့ကို မိတ်ဆွေတစ်ယောက်လို့သဘောမထားနိုင်တာက ခက်နေတယ်ကွဲ့"

"ဒါကတော့ဗျာ... ကျွန်တော့်ရဲ့သွေးက သူ့ကျွန်မခံချင်တဲ့ အငွေ့အသက်ပါလို့ဖြစ်ပါလိမ့်မယ်"

"မင်းက ကျုပ်ကိုကျွန်သွေးပါတယ်လို့ဆိုတာပေါ့၊ ဒီမှာသူငယ် မင်းက အသက်ငယ်ပါသေးတယ်ကွာ၊ အခြေအနေကို မခွဲခြားသိနိုင်သေးလို့ ဒီလိုပြောနေတာပါ"

"ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်တော်တော့ စမာချောင်းချင်နဲ့ ချိန်း

ဆိုထားတဲ့စိန်ခေါ်ပွဲကို ရင်ဆိုင်ဖို့အသင့်ရှိနေပါတယ်"

"မင်းက စုမာချောင်းချင်ကိုနိုင်လိမ့်မယ်လို့ ထင်နေသလား"

ရောင်ကောင်းသည် အတန်ကြာဆိတ်ငြိမ်စွာစဉ်းစားပြီးမှ...

"စိန်ခေါ်ပွဲမှာသေရမယ့်လူဟာ ကျွန်တော်ပဲဖြစ်နိုင်ပါတယ် ဗျာ"

"ဟုတ်တယ်... မင်းသေရမှာတော့သေချာတယ်၊ ကျုပ်က ဆယ်လေး တစ်လေးလောင်းရဲတယ်"

သူသည် ရောင်ကောင်းအား စိုက်ကြည့်လိုက်ပြီး...

"မင်းနဲ့ငါ လောင်းမလား"

"ကျွန်တော် မလောင်းချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်ရှုံးရင် မလျော်နိုင်လို့ပါ"

ရောင်ကောင်းသည် ယင်းသို့ပြောဆိုပြီး ထိုင်ရာမှဆတ်ခနဲထ လိုက်ကာ သစ်ပင်ရှိရာဘက်သို့ပြေးလွှားသွားလေ၏။ သို့သော် သူသည် သစ်ပင်ရှိရာသို့ ရောက်ရှိသွားသောအခါ...

သစ်ပင်အောက်၌ ရပ်လျက်နေသောလူကို အရိပ်ပင် မတွေ့ရ တော့ပါ။ ဤတစ်ကြိမ် သူသည် ထိုလူကိုအမှီလိုက်ရန် ခုံးဖြတ်လေ တော့သည်။

❄❄❄



စုမာချောင်းချင်သည် စားပွဲပေါ်ရှိအရက်ကရားထဲမှ အရက် တစ်ခွက်ထည့်ရင်း...

"ထားပါတော့လေ၊ ခင်ဗျားမှာ လက်ချွေးစင်မြင်းတပ်ဖွဲ့ တစ် ခုလုံးရဲ့အင်အားကိုအသုံးပြုလျက်နဲ့ သူတို့သုံးယောက်ကို အပိုင် မသတ် ပစ်နိုင်ဘူးဆိုတာ ကျုပ်စဉ်းစားလို့မရဘူး"

"သူတို့က သုံးယောက်မဟုတ်ဘူး၊ လေးယောက်ဗျ"

"လူလေးယောက်ဟုတ်လား၊ စတုတ္ထလူက ဘယ်သူလဲ"

"ကျုပ်မတွေ့လိုက်ဘူး"

"မတွေ့ဘူး"

"ဟုတ်တယ်၊ မတွေ့ဘူး၊ ဒါပေမယ့်... ဒီလူဟာ ကျုပ်နေတဲ့ နောက်ဘက် ပြတင်းပေါက်အပြင်ဘက်မှာရှိနေတယ်ဆိုတာ ကျုပ်စိတ် ထဲမှာ အလိုလိုသိလိုက်တယ်"

"အလိုလိုသိလိုက်တယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့"

"ဒီလူဟာ ထူးခြားတဲ့အငွေ့အသက်ထွက်ပေါ်နေတယ်လို့ ကျုပ်ခံစားလိုက်မိတယ်"

"ခင်ဗျားက သူ့ကိုလှည့်မကြည့်မိဘူးလား"

"လှည့်မကြည့်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ် လှည့်ကြည့်မိလိုက်တာနဲ့… ကျုပ်ကို ရန်မူလိမ့်မယ်လို့ ယူဆမိလို့ပါ။ ဒါပေမယ့်…. ရှောင်ကောင်းကတော့ သူ့ကို တွေ့သွားပါလိမ့်မယ်"

"ခင်ဗျားက ဘာဖြစ်လို့သိတာလဲ"

"ကျုပ်နောက်မှာ လူတစ်ယောက်ချောင်းနေတယ်လို့ ခံစားလိုက်ရတဲ့အခါမှာ ရှောင်ကောင်းရဲ့ မျက်နှာဟာ ဟန်မူရာပျက်နေပြီး သူထိုင်နေတဲ့နေရာကနေ… ပြတင်းပေါက်ဘက်ကိုငေးကြည့်နေတာ သတိပြုမိလိုက်တယ်"

စုမာချောင်းချင်က ရယ်မောလိုက်သည်။

"ရှောင်ကောင်းဟာ သိုင်းသမား နောက်ပေါက်တစ်ယောက်ပါ။ သူက ကြောက်မယ်ဆိုရင်မဆန်းပါဘူး၊ အခုတော့… ဘယ်သူ့ကိုမှ မကြောက်တဲ့ သုတုံးလှိုင်ဟာ ဒီမမြင်ရတဲ့လူကိုကြောက်နေရပါလားကွဲ့၊ ဟား…. ဟား…. ဟား…."

သုတုံးလှိုင်သည် အေးတိအေးစက်ဖြင့် စုမာချောင်းချင်ရယ်မောနေသည်ကိုကြည့်နေ၏။

စုမာချောင်းချင်၏ရယ်မောသံများ ရပ်တန့်သွားတော့မှ….

"သူ့ကိုမမြင်ရပေမယ့် သူဘယ်သူလဲဆိုတာ ကျုပ်သိလိုက်ပါတယ်"

"ဘယ်သူလဲ"

စုမာချောင်းချင်ကယင်းသို့မေးပြီးမှ…



"ဒီလူဟာ… ယန်းကျင်းကို လုပ်ကြံသတ်ဖြတ်သွားတဲ့လူလို့ ခင်ဗျားထင်နေတယ်ဟုတ်လား"

"ဟုတ်တယ်"

"နေပါဦး… သူက ကျူမင်းရဲ့အဖွဲ့ထဲကဟုတ်လား"

"မဟုတ်နိုင်ဘူး၊ ဒီလူ့မှာ ထူးခြားတဲ့လက်နက်တစ်မျိုးရှိတယ်လို့ ကျုပ်ယူဆတယ်"

"ဘာဖြစ်လို့"

"ယန်းကျင်းအသတ်ခံရတုန်းက… သူထိသွားတဲ့ဒဏ်ရာကို ကျုပ်သေချာစစ်ဆေးခဲ့တယ်"

"ဘာတွေ ထူးထူးခြားခြားတွေ့ခဲ့သလဲ"

"ဒဏ်ရာကိုစစ်ဆေးတဲ့အခါမှာ ဓားဒဏ်ရာနဲ့လည်း မတူဘူး၊ လွှပုံသဏ္ဍာန်ရှိတဲ့လက်နက်တစ်မျိုးလို့ ယူဆမိတယ်"

"သူဟာ ကျူမင်းတို့အဖွဲ့ကလူမဟုတ်ရင် ဘာဖြစ်လို့ သူတို့အတွက် ယန်းကျင်းကိုသတ်ပေးရတာလဲ"

"ဒါကတော့ သူ့အပေါ် ကျူမင်းကကျေးဇူးတစ်ခုခုပြုခဲ့ဖူးလို့ ကျေးဇူးဆပ်တဲ့အနေနဲ့ လုပ်ပေးတာဖြစ်မှာပေါ့ဗျာ"

"နောက်ကော"

"ကျုပ်သိတာ ဒါအကုန်ပါပဲ"

စုမာချောင်းချင်သည် ရယ်ချင်လာသည်။

သို့သော် သူမရယ်ချင်ပါ။

သူနှင့်သုတုံးလှိုင်တို့သည် အလွန်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်။

သုတုံးလှိုင်သည် သူ၏အားအထားရဆုံးသော လက်ရုံးတစ်ဆူဖြစ်သည်။

သို့သော် မည်သည့်အကြောင်းကြောင့် မသိ။

စုမာချောင်းချင်သည် သုတုံးလှိုင်အပေါ် လုံးဝ ကျေနပ်ခြင်း မရှိပါ။

ယခုကဲ့သို့ နှစ်ယောက်ချင်းတွေ့ဆုံသောအခါများတွင် သူသည် သုတုံးလှိုင်အား စကားစစ်ထိုးလေ့ရှိပါသည်။

သုတုံးလှိုင်မှာမူ စုမာချောင်းချင်၏စကားများကို လုံးဝဂရုမစိုက်ချေ။ ယခု... စုမာချောင်းချင်သည် အရက်တစ်ခွက်ထည့်၍သောက်နေပြန်သည်။

"အခု စွန်ထုံးကျသွားပြီ၊ ကေကျိုးကော"

"ကေကျိုးမရှိပါဘူး"

"မနေ့မနက်က ကျုပ်သူ့ကိုတွေ့ပါသေးတယ်"

"ဟုတ်ပါတယ်၊ ကျုပ်ခိုင်းလိုက်လို့ပါ"

"ခင်ဗျား သူ့ကိုဘယ်ခိုင်းလိုက်လို့လဲ"

"သူ့ကို လုယန်မြို့ကိုလွှတ်လိုက်တယ်လေ"

သုတုံးလှိုင်ကတစ်ချက်ပြုံးလိုက်ပြီး....

"ကျုမင်း ပန်းနီနီဈေးကလေးရွာကို ရောက်နေတယ်ဆိုတဲ့



သတင်းကြားလိုက်တာနဲ့ သူ့ကို လုယန်မြို့ကိုလွှတ်လိုက်တယ်"

"ဘာကိစ္စလဲ"

"လုယန်မြို့မှာ ကျုမင်းမရှိရင်... ဘယ်သူက တာဝန်ယူပြီး ကာကွယ်မလဲ၊ ဒါကြောင့် ကျုပ်က သူ့ကို လက်ရွေးစင်တိုက်ခိုက်ရေး သမားငါးဆယ်ကို ဦးဆောင်ပြီး ညတွင်းချင်း လုယန်မြို့ကိုသွားခိုင်း လိုက်တယ်"

စုမာချောင်းချင်၏မျက်လုံးအစုံသည် ရွှန်းလဲ့တောက်ပသွား သည်။

"ခင်ဗျားက လုယန်မြို့ကိုသွားပြီးတိုက်ခိုက်ဖို့ တာဝန်ပေး လိုက်တယ်ဟုတ်လား"

သုတုံးလှိုင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုမင်းမရှိရင် သူတို့ရဲ့ကာကွယ်ရေးအင်အား ဟာ အလွန်အားနည်းနေမှာပဲ၊ ဒါကြောင့် လျှပ်တစ်ပြက်တိုက်ခိုက်မှု ဟာ တိုက်ပွဲပေါင်းဆယ်ပွဲထက်အရာရောက်တယ်လို့ စစ်ဗျူဟာပါရဂူ တွေက ပြောခဲ့တာပေါ့ဗျာ"

"ခင်ဗျားရဲ့အကြံဟာမဆိုးဘူး၊ ဒါနဲ့... ကေကျိုးတစ်ယောက် တည်း ဦးဆောင်နိုင်သလား"

"မဟုတ်ဘူး၊ မုကျီးလည်းပါတယ်"

"မုကျီး၊ မုကျီးဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်တော့ မျက်စိလည်သွားပြီ၊ မုကြီးက ကျုမင်းတို့ရဲ့လု မဟုတ်လား"

သုတုံးလှိုင်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

စုမာချောင်းချင်က မျက်မှောင်ကြုတ်ကာ…

"ဒါဖြင့်…."

"မုကြီးဟာ ကြေးတန်းစားလူသတ်သမားတစ်ယောက်ပဲ၊ ကျုပ်ပေးတဲ့ငွေဟာ ကျုမင်းထက် တစ်ဆပိုနေသေးတယ်ဗျ"

စုမာချောင်းချင်သည် သုတုံးလှိုင်အား စေ့စေ့ကြည့်လိုက်ပြီး….

"ခင်ဗျားက ကျုမင်းကို ဘာဖြစ်လို့ ပြန်လွှတ်လိုက်တာလဲ ဆိုတာ ကျုပ်သဘောပေါက်လာပြီဗျ"

သုတုံးလှိုင်က အရက်တစ်ခွက် ထည့်သောက်ရင်း… စုမာချောင်းချင်အား ကြည့်နေသည်။

စုမာချောင်းချင်၏မျက်ဝန်းအစုံတွင် ခန့်တဲ့တဲ့ပါသော အပြုံးရောင်သန်းလျက်….

"ခင်ဗျားကသူ့ကိုမသတ်ဘဲ လုယန်ကိုပြန်သွားတဲ့အခါ ခင်ဗျားဆီကပေးလိုက်တဲ့ နာကျည်းစရာသင်ခန်းစာများကို ကိုယ်တိုင် ကိုယ်ကျခံစားစေချင်တယ်မဟုတ်လား"

"ဟုတ်တယ်"



"ခင်ဗျားက ဒီလိုပုံစံမျိုးပါပဲလေ၊ သူများက ခင်ဗျားကိုကြောက်ရွံ့သွားအောင် လုပ်တတ်တယ်"

"ဟုတ်တယ်၊ ကျုပ်ဒီလိုလုပ်တာ ကျုပ်အတွက်မဟုတ်ဘူး၊ ခင်ဗျားအတွက်ပဲ၊ အားလုံးက ခင်ဗျားကိုကြောက်ရွံ့ရိုသေလာအောင် ကျုပ်လုပ်နေတာပါ"

စုမာချောင်ချင်း၏မျက်နှာသည် နီရဲလာသည်။

သုတုံးလှိုင်က စကားဆက်လိုက်သည်။

"ကျုပ်လုပ်လိုက်တဲ့ကိစ္စဟာ အားလုံးက ခင်ဗျားလုပ်တယ်လို့ထင်ကြမှာပါ"

စုမာချောင်းချင်သည် ထိုင်ရာမှ ဆတ်ခနဲထလိုက်လေသည်။

"သူများမသိပေမယ့် ကျုပ်ကတော့သိတယ်၊ ခင်ဗျား ဘာပဲလုပ်လုပ် ဘာဖြစ်လို့ ကျုပ်ကိုပြောပြီးမှမလုပ်ဘဲ လုပ်ချင်သလိုလုပ်ပြီးမှ ကျုပ်ကို ဘာဖြစ်လို့လာပြောရတာလဲ"

သုတုံးလှိုင်က ပြုံးလိုက်သည်။

"ကျုပ်ပြောပြီးပြီကော၊ ကျုပ်လုပ်ခဲ့သမျှတွေဟာ… ခင်ဗျားနာမည်ကျော်ကြားဖို့ရယ်၊ အားလုံးက ခင်ဗျားကို အံမတုဝံ့အောင်ရယ်၊ ခင်ဗျားရဲ့အမိန့်ကို အားလုံးက တစ်သွေမတိမ်းလိုက်နာလာဖို့ရယ်ပဲ မဟုတ်လား"

စုမာချောင်းချင်သည် လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ပြီးမှ ကိုယ့်စိတ်ကိုယ် ထိန်းလိုက်ရသည်။

သူသည် စကားတစ်ခွန်းမှ မပြောတော့ဘဲ အခန်းထဲမှ လှမ်းထွက်သွားလေသည်။

"ရောင်ကောင်းဆိုတဲ့လူတစ်ယောက် ပန်းနီနီဈေးကလေးရွာမှာရောက်နေတယ်၊ သူက ခင်ဗျားနဲ့ယှဉ်ပြိုင်ဖို့ စိန်ခေါ်နေတယ်၊ သူ့ကို ဘယ်လိုပြန်ပြောရမလဲ"

သုတုံးလှိုင်၏စကားကြောင့် စုမာချောင်းချင်သည် ခြေလှမ်းရပ်တန့်သွားသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ဒီအလုပ်တွေ ခင်ဗျားပဲစီစဉ်နေကြမဟုတ်လားဗျာ၊ ကျုပ်ကိုမေးနေစရာလိုသေးလို့လား။ ခင်ဗျား သူ့ကို တစ်နည်းနည်းနဲ့ နှိပ်စက်မယ်ဆိုတာ ကျုပ်သိပါတယ်"

သူသည် ပြောပြီးသည်နှင့် လှည့်ပင်မကြည့်ဘဲ ထွက်ခွာသွားလေတော့သည်။

❄❄❄



ရောင်ကောင်း အိပ်ရာမှနိုးလာသောအခါ အေးလွန်းသဖြင့် ခြေလက်များပင် တောင့်တင်းနေလေပြီ။

ဤဈေးပေါသော တည်းခိုခန်းငယ်တွင် မီးဖိုတစ်ခုထားပေးသည်။ သို့သော် ယခုအခါမှာ မီးငြိမ်းသွားပြီဖြစ်၍ အအေးဓာတ်သည် အခန်းတစ်ခုလုံးအား လွှမ်းမိုးထားလေသည်။

သူသည် အိမ်ရာမှထလိုက်ပြီး သွေးပူလေ့ကျင့်ခန်းအမျိုးမျိုး လုပ်နေရလေသည်။

သူသည် သွေးပူလေ့ကျင့်ခန်းကို ဆယ့်တစ်ကြိမ်မြောက်ပြုလုပ်ပြီးတော့မှ သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် နွေးနွေးထွေးထွေးရှိလာလေသည်။

နေသာထိုင်သာရှိလာသည်ဟု ခံစားလိုက်ရလေတော့သည်။

ယနေ့ ... သူသည် သေတ္တာဆွဲလျက် လှုပ်ရှားနေသော လူအားတွေ့ဆုံမိလိမ့်မည်ဟု ယုံကြည်ထားလေသည်။

မနေ့က... သူသည် စားသောက်ဆိုင်မှထွက်လာပြီး ထိုလူနောက်သို့ လိုက်ခဲ့လေသည်။

သူသည် ထိုလူအား သုံးကြိမ်တိုင်တိုင်တွေ့ခဲ့သည်။

ရေခဲနေသောစမ်းချောင်းနံဘေး၌တစ်ကြိမ်....

တောင်ခြေရင်း၌တစ်ကြိမ်....

အလွန်ချောင်ကျသောလမ်းကြားလေးတစ်ခုမှာ တစ်ကြိမ်...တွေ့ခဲ့လေသည်။

သူဝတ်ဆင်ထားသော မီးခိုးရောင်အင်္ကျီ၊ သူ့လက်ထဲအမြဲဆွဲနေကျ ဟောင်းနွမ်းသောသေတ္တာတစ်လုံးကိုကား သူသေသေချာချာမှတ်မိလေသည်။

သို့သော်…

သူသည် အမှီလိုက်သွားသောအခါ ထိုလူသည် လေထုထဲပျောက်ကွယ်သွားသည့်အလား အရိပ်အယောင်ပင် မတွေ့ရတော့ပါ။

ယနေ့….

သူသည် ထပ်မံ၍ကြိုးစားရဦးမည်ဖြစ်ပါသည်။

သူသည် ပြတင်းပေါက်အားဖွင့်လိုက်လေသည်။

နှင်းများသည် ရပ်တန့်သွားပြီဖြစ်ပါသည်။

သို့သော်… ရာသီဥတုသည် ပို၍ပင်အေးနေသည်။ သူသည် အဝတ်အစားများ အမြန်ဆုံးဝတ်ဆင်လိုက်လေသည်။

ပူနွေးသောခေါက်ဆွဲတစ်ခွက်အား အမြန်စားရန် ဆုံးဖြတ်လိုက်လေသည်။

သူသည် သွားနေကျခေါက်ဆွဲဆိုင်ကလေးသို့ ရောက်ရှိသွားသောအခါ သေတ္တာနှင့်လူသည် ထိုဆိုင်ကလေးတွင် ခေါက်ဆွဲစားနေသည်ကိုတွေ့လိုက်ရလေတော့သည်။

❄❄❄



မီးခိုးရောင်အင်္ကျီဝတ်ဆင်ထားသောလူတစ်ယောက်….

ချောင်ကျကျစားပွဲတစ်ခုတွင် ခေါက်ဆွဲစားနေသည်။

စားပွဲပေါ်တွင် သူ၏သေတ္တာကို ချထားလေသည်။

ထိုသေတ္တာသည် အရှည်နှစ်ပေခန့်သာရှိပြီး အနံတစ်ပေသာခန့်ရှိလေသည်။

ဤသေတ္တာထဲတွင်…

မည်သည့်ပစ္စည်းများထည့်ထားပါသနည်း။

ဤမျှဟောင်းနွမ်းသောသေတ္တာတစ်လုံးသည်…

အဘယ်ကြောင့် လောကမှာကြောက်မက်ဖွယ်ရာ အကောင်းဆုံးလက်နက်ဟု အဘိုးအိုကပြောရပါသနည်း။

❄❄❄

ရှောင်ကောင်းသည် ထိုသေတ္တာအား မြင်တွေ့လိုက်ရသည်နှင့် သွားရောက်ဖွင့်မကြည့်မိရန် မနည်းစိတ်ကို ထိန်းချုပ်ထားလိုက်ရလေသည်။

သူသည် အခြားလွတ်နေသောစားပွဲသို့ မသွားဘဲ ထိုလူရှေ့တွင်ထိုင်ချလိုက်လေသည်။

ယခု... သူသည် ထိုလူ၏မျက်နှာအား သေသေချာချာတွေ့မြင်လိုက်ရပြီဖြစ်ပါသည်။

ဝါကျင့်ကျင့်အရောင်သန်းနေသော မျက်နှာ....

အရောင်မှိန်ပြီး ရီဝေနေသောမျက်လုံးများနှင့်....

သူ၏နေးကွေးစွာ စားသောက်နေပုံအား ကြည့်လိုက်လျှင် ယင်းလူသည် ၉၆ ပါးသောရောဂါဝေဒနာများ တစ်စုတစ်ဝေးတည်း စွဲကပ်နေသော လူမမာတစ်ယောက်နှင့်တူလှပေ၏။

ရှောင်ကောင်းသည် ခေါက်ဆွဲတစ်ခွက် မှာကြားလိုက်ပြီးနောက် ထိုလူအားမိတ်ဆက်လိုက်သည်။

"ကျွန်တော့်နာမည်က ရှောင်ကောင်းလို့ခေါ်ပါတယ်ခင်ဗျာ"

ထိုလူသည် ခေါက်ဆွဲကိုသာ ဖြည်းညင်းစွာခေါင်းငုံ၍စားနေသည်။ ရှောင်ကောင်း၏စကားအား လုံးဝကြားမ်ပုံ ဟန်မတူပါ။

ဆိုင်လုလင်က အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲပန်းကန်အား လာရောက်ချသွားလေသည်။

ရှောင်ကောင်းသည် ခေါက်ဆွဲကိုစားသောက်ရင်း အသံအုပ်အုပ်ဖြင့်....

"ခင်ဗျားကို ကျွန်တော်သိတယ်"

ထိုလူက ခေါင်းငုံ့မြဲငုံ့နေသည်။

"ယန်းကျင်းကိုသတ်သွားတာ... ခင်ဗျားပဲ ဖြစ်ရမယ်ဆိုတာ ကျွန်တော် တပ်အပ်သိပါတယ်"



ဤတွင်... ထိုလူသည် သူ့အား ခေါင်းမော့၍ကြည့်လိုက်လေတော့သည်။

သူ၏မှေးမှိန်ရီဝေနေသော မျက်လုံးအစုံသည် လျှပ်စစ်လက်လိုက်သည့်အလား ရှုးရှတောက်ပသွားသည်။

သို့သော်... သိပ်မကြာပါ။

သူ၏မျက်လုံးအစုံသည် မှေးမှိန်သွားပြန်သည်။ အိတ်ထဲမှငွေစတစ်တုံးနှိုက်ယူလိုက်ပြီး စားပွဲပေါ်သို့ချထားလိုက်လေသည်။

ထို့နောက် သေတ္တာကိုဆွဲလိုက်ပြီး တိတ်ဆိတ်စွာဖြင့်ထွက်သွားလေတော့သည်။

❋❋❋

ရှောင်ကောင်းသည် မဆိုင်းမတွဘဲ နောက်မှထွက်၍ လိုက်သွားသည်။

ဤတစ်ကြိမ် ထိုလူသည် ပျောက်ကွယ်သွားခြင်းမရှိသေးပါ။ ရှေ့လှမ်းလှမ်းတွင် ခြေလှမ်းနှေးကွေးစွာဖြင့်လျှောက်နေသည်ကို တွေ့လိုက်ရသည်။

ရှောင်ကောင်းသည် နောက်မှ ထက်ကြပ်မကွာလိုက်သွား

လေသည်။ ဤသို့ဖြင့် လျှောက်ရင်း လျှောက်ရင်း ရုတ်တရက် ရှောင်ကောင်းသည် မနေ့ကရောက်ခဲ့သော လမ်းကြားကလေးထဲသို့ ရောက်လာသည်ကို သတိပြုမိလိုက်လေတော့၏။

ဤလမ်းကြားသည် ထွက်ပေါက်မရှိသောလမ်းကြားကလေးတစ်ခုဖြစ်လေသည်။

ရှောင်ကောင်း၏နှလုံးသည်... တဒိတ်ဒိတ်ဖြင့် ခုန်လာလေတော့သည်။

"ဟိုက်.... သူ့ရဲ့လျှို့ဝှက်ချက်ကိုပြောမိလို့ ငါ့ကို ဒီမှာခေါ်လာပြီးသတ်ပစ်မလို့လား"

ဟုတွေးမိလာလေသည်။

အကယ်၍သာ...

သူက သေတ္တာထဲမှ မသိမမြင်ရသော လက်နက်နှင့် မိမိအားတိုက်ခိုက်လာလျှင် သူသည် ပြန်လည်ခုခံနိုင်စွမ်းရှိမည်မဟုတ်သည်ကိုကောင်းစွာနားလည်သဘောပေါက်ထားမိလေသည်။

❄❄❄



သို့သော်... ထိုလူ၏ပုံသဏ္ဌာန်မှာ ကြောက်မက်ဖွယ်ရာလူသတ်သမားနှင့်မတူပါ။

လူကိုသတ်နိုင်မည့်အနေအထားလည်း မတွေ့ရပါ။ သူသည်ယင်းသို့တွေးနေတုန်းမှာပင်... ထိုလူသည် လျှောက်နေသော ခြေလှမ်းအား ရပ်တန့်လိုက်ပြီး သူ့ဘက်သို့လှည့်ကာ ရပ်၍ ကြည့်နေသည်ကိုတွေ့ရလေသည်။

ရှောင်ကောင်းကလည်း ခြေလှမ်းရပ်လိုက်ပြီး သူ့အားပြန်၍ကြည့်နေသည်။

အတန်ကြာမှ...

ထိုလူသည် အလွန်တည်ငြိမ်သောလေသံဖြင့်....

"ကျုပ် ဘယ်သူလဲဆိုတာ မင်းသိသလား"

ရှောင်ကောင်း ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

"နှစ်ဆန်းဆယ့်ငါးရက်မတိုင်မီ မင်း ငါ့ကိုတွေ့ဘူးသလား"

"မတွေ့ဘူး"

"ကျုပ်က လူသတ်တဲ့လူသတ်သမားနဲ့တူနေသလား"

"မတူဘူး"

"ကျုပ် လူသတ်တာကို မင်းတွေ့ခဲ့ဖူးသလား"

"မတွေ့ဖူးဘူး"

"ဒါဖြင့်... ယန်းကျင်းကို ကျုပ်သတ်တယ်လို့ မင်း ဘာဖြစ်လို့

ပြောရတာလဲ"

"ခင်ဗျားလက်ထဲကသေတ္တာကိုကြည့်ပြီး ပြောတာပါ"

ထိုလူ အံ့ဩသွားပုံရသည်။

"သေတ္တာဟုတ်လား"

"ဟုတ်တယ်၊ သေတ္တာထဲမှာ အလွန်ကြောက်စရာကောင်းတဲ့လက်နက်ရှိတယ်ဆိုတာ ကျွန်တော်သိတယ်"

ထိုလူသည် ရှောင်ကောင်းအား အတန်ကြာ စိုက်ကြည့်၍နေမိသည်။

ရှောင်ကောင်း၏မျက်လုံး၊ ဟန်မူရာ၊ မတ်တပ်ရပ်နေသောအနေအထား၊ အသက်ရှူနှုန်း၊ အကျီ၏အမျိုးအစားနှင့် လက်ထဲမှအထုပ်... စသည်စသည်တို့ကို နေရာမလပ်အကဲခတ်စိုက်ကြည့်နေသည်။

အတန်ကြာမှ သူသည် ချိုသာသောလေသံဖြင့်....

"မင်းနာမည်က ရှောင်ကောင်းလို့ မင်းပြောတယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း ဘယ်ကလာတာလဲ"

"တောင်ပေါ်က"

"အလွန်မြင့်တဲ့တောင်တစ်လုံးမဟုတ်လား၊ အဲဒီနေရာမှာစမ်းချောင်းတစ်ခုနဲ့ သစ်ပင်အိုကြီးတစ်ပင်ရှိတယ်မဟုတ်လား"

"ဟုတ်တယ်"



ရှောင်ကောင်းသည် ထိုလူက မိမိ၏အကြောင်းကို ဤမျှအသေးစိတ်သိထားသည်ကို အံ့ဩနေ၏။

"အဲဒီ တောင်ပေါ်မှာ ရေနွေးကြမ်းအလွန်ကြိုက်တဲ့အဘိုးအိုတစ်ယောက်ရှိတယ်မဟုတ်လား"

"ဟုတ်တယ်၊ ဒီသေတ္တာအကြောင်းကို သူကပဲ ပြောပြထားလို့ပါ"

"ကျုပ်အကြောင်းကိုကော ပြောပြသေးသလား"

"မပြောပါဘူး"

ထိုလူသည် ရှောင်ကောင်းအား တစ်ချက်ကြည့်လိုက်သည်။ သူ၏မျက်ဝန်းအစုံသည် ဝင်းလက်တောက်ပသွားပြန်လေသည်။

"သူက ငါ့အကြောင်းနဲ့ပတ်သက်ပြီး ဘာမှမပြောဘူးလား"

"မပြောပါဘူး၊ သူက သေတ္တာအကြောင်းပဲပြောပြပါတယ်"

"သေတ္တာအကြောင်းကို သူကဘာပြောပြထားသလဲ"

"ဒီသေတ္တာဟာ လောကမှာကြောက်စရာအကောင်းဆုံးလက်နက်လို့ပြောပြပါတယ်"

"မင်းက သူများကိုပြောပြသေးသလား"

"မပြောဘူး"

"မင်း အဲဒီတောင်ပေါ်ကလာတယ်ဆိုတာ ဘယ်သူသိသေးသလဲ"

ထိုလူက မေးလိုက်သည်။

ရှောင်ကောင်းက...

"သုတုံးလှိုင်ကတော့ လိုက်ပြီးစုံစမ်းပါသေးတယ်၊ ဒါပေမယ့် သူလည်း မသိရပါဘူး"

ထိုလူသည် စကားမပြောတော့ဘဲ ပါးစပ်ကို ပိတ်ထားလိုက်လေတော့သည်။

❄❄❄

အတန်ကြာမှ....

ရှောင်ကောင်းက သူ့အား စိုက်ကြည့်လိုက်ပြီး......

"ခင်ဗျားဘယ်သူလဲ... ကျွန်တော့်အကြောင်း ဘာဖြစ်လို့ ဒါလောက်သိထားရသလဲဆိုတာ အခု ကျွန်တော့်ကို ပြောပြနိုင်ပြီလို့ ထင်ပါတယ်"

ထိုလူသည် ပါးစပ်ပိတ်ထားလိုက်သည်။

သူသည်... လက်မဖြင့် လက်ခလယ်အား တစ်ချက်တောက်လိုက်ရာ အလွန်ကြည်လင်သောအသံတစ်သံ ထွက်ပေါ်လာသည်။

တစ်ခဏအကြာတွင် မြင်းခွာသံနှင့်ဘီးလိမ့်သံများထွက်ပေါ်လာသည်ကို ရှောင်ကောင်းကြားလိုက်ရလေသည်။



သူသည် လမ်းမဘက်သို့လှည့်ကြည့်လိုက်သောအခါ အနက်ရောင်ခြည်သထားသော ရထားလုံးတစ်စီးသည် လာရောက်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

သေတ္တာဆွဲသောလူသည် သူ၏သေတ္တာကိုဆွဲလျက် ရထားလုံးထံသို့ လျှောက်သွားသည်။

ရထားလုံး၏တံခါးကိုဆွဲဖွင့်လိုက်ပြီးမှ သူသည် ရှောင်ကောင်းဘက်သိလှည့်၍မေးလိုက်သည်။

"မင်းလိုက်ခဲ့မလား"

❄❄❄

ဤရထားလုံးသည် မည်သူ၏ရထားလုံးဖြစ်သနည်း။

ရှောင်ကောင်း မသိပါ။

ဤရထားလုံးသည် မည်သည့်နေရာက လာသနည်း။

ရှောင်ကောင်းသည် မသိပါ။

မည်သည့်နေရာသို့ သွားမည်နည်း။

ရှောင်ကောင်းမသိပါ။

သို့သော်... သူသည် အနည်းငယ်မျှစဉ်းစားချင့်ချိန်ခြင်းမရှိဘဲ

ရထားလုံးပေါ်သို့ တက်လိုက်သွားလေသည်။

အကယ်၍... ဤရထားလုံးသည် ငရဲပြည်မှရောက်လာပြီး သူ့အား ငရဲပြည်သို့ခေါ်ဆောင်သွားလိမ့်မည်ဟု သူသိသည့်တိုင်အောင် သူသည် လိုက်သွားမည်သာဖြစ်ပါသည်။

ရထားလုံးသည် အလွန်ကျယ်ဝန်းပြီး လွန်စွာခန့်ညားထယ်ဝါလှသည်။

မောင်းနှင်လိုက်သောအခါမှာလည်း...

ငြိမ်သက်ပြီး သက်တောင့်သက်သာရှိသည်။

ရထားလုံးဆွဲသော မြင်းလေးကောင်နှင့်...

မြင်းလှည်းမောင်းသူသည် အထူးကျွမ်းကျင်သည်မှာ ထင်ရှားလှပေသည်။

❄❄❄



ဤရထားလုံးသည် သူဌေးသူကြွယ်(ဝါ) ရာထူးရာခံရှိသော လူများမှာရှိအပ်သော ရထားလုံးမျိုးဖြစ်ပါသည်။

ဤလူသည် ဟောင်းနွမ်းသောအဝတ်အစားများ ဝတ်ဆင်ထားပြီး အဘယ်ကြောင့်... ဤမျှတန်ဖိုးကြီးလှသော ရထားလုံးအား ပိုင်ဆိုင်နိုင်စွမ်းရှိနေပါသနည်း။

ရှောင်ကောင်းသည်...

မေးခွန်းတစ်သီကြီးမေးရန်ဆန္ဒမှာ ပြင်းပြလာသည်။

သို့သော် ထိုလူသည် ရထားလုံးပေါ်သို့ ရောက်လာသည်နှင့် မျက်လုံးများမှိတ်ကာ အိပ်မောကျသွားသောကြောင့် သူသည် မမေးဖြစ်တော့ဘဲ ရင်ထဲ၌မျိုသိပ်ထားရလေသည်။

ထိုလူ၏ လျှို့ဝှက်ဆန်းကြယ်သောသေတ္တာသည် သူ့နံဘေးရှိထိုင်ခုံပေါ်တွင် ချထားသည်။

ရှောင်ကောင်းသည် ရင်ခုန်လာပြန်သည်။

ထိုသေတ္တာအားဖွင့်ကြည့်ရန်ဆန္ဒများ တဖွားဖွားပေါ်ပေါက်လာလေသည်။

ရှောင်ကောင်း၏သော့ဖွင့်ပညာမှာ ထိပ်တန်းအဆင့်ရှိသည်။

လောကမှာ...

မည်မျှခက်ခဲလှုံခြုံသော...

မည်သည့်သော့ခလောက်မျိုးကိုမဆို... သူသည် တိုတောင်းလှသောအချိန်တွင် ဖွင့်နိုင်စွမ်းရှိလေသည်။

ယခု သူ၏လက်ချောင်းများသည် လှုပ်ရှားလာလေသည်။

နောက်ဆုံး… သူသည် ထိုသေတ္တာအား တိတ်တဆိတ်ဖွင့်လိုက်လေသည်။

"ချပ်"

သော့ခလောက်သည် ချပ်ခနဲအသံထွက်လာသည့်တိုင် ထိုလူသည် အိပ်လျက်ပင်။

ရှောင်ကောင်းသည် သေတ္တာ၏အဖုံးအား ဖြည်းညင်းစွာမျှ ဖွင့်လိုက်သည်။

သူသည် ရင်ခုန်နှုန်းပို၍မြန်လာသည်။

လောကမှာ….

ကြောက်မက်ဖွယ်ရာ အကောင်းဆုံးသော လက်နက်သည် မည်သည့်လက်နက်မျိုးဖြစ်သည်ဟု သူတွေ့မြင်ခွင့်ရတော့မည် မဟုတ်ပါလော။

❋❋❋



သေတ္တာ၏အဖုံးသည် တဖြည်းဖြည်းပွင့်သွားသည်။

သေတ္တာထဲတွင် ပုံသဏ္ဌာန်ထူးဆန်းသောသံပြွန်များနှင့် သံထည်ပစ္စည်းများကို အနည်းငယ်သာတွေ့လိုက်ရလေသည်။

ထိုပစ္စည်းများသည် ၁၃–၁၄ မျိုးခန့်ရှိမည်ဟု ခန့်မှန်းရသည်။

တစ်ခုနှင့်တစ်ခုမှာကား ပုံသဏ္ဌာန်အရွယ်အစားချင်း လုံးဝမတူဟု ထင်ရလေသည်။

ရှောင်ကောင်းသည် ဤမျှသာ တွေ့မြင်နိုင်သည်။

ပို၍စေ့စေ့စပ်စပ်တွေ့မြင်နိုင်ခွင့်မရှိပါ။

အကြောင်းမှာ… သူသည် သေတ္တာအဖုံးအားဖွင့်လိုက်သည့် တခဏအချိန်တွင်…

သူ၏နှာခေါင်းထဲသို့ ထူးခြားသောအမွှေးနံ့တစ်ခု တိုးဝင်လာပြီးလျှင်…

ရုတ်တရက် သတိလစ်သွားသောကြောင့်ဖြစ်ပါသည်။

❋❋❋

နှစ်ဆန်း(၁၈)ရက်နေ့။

မည်သည့်နေရာဟု မည်သူကမှမသိရသော နေရာတစ်ခု။

❄❄❄

ပုံသဏ္ဍာန်ထူးဆန်းပြီး...

အပိုင်းပိုင်းအစစရှိသော သံတိုသံစများသည်....

အဘယ်ကြောင့်...

ကြောက်မက်ဖွယ်ရာကောင်းသောလက်နက် ဖြစ်နိုင်ပါမည်နည်း။

ရှောင်ကောင်းသည် လုံးဝသတိရလာခြင်းမရှိသေးပါ။

အထက်ဖော်ပြပါမေးခွန်းသည်... သူ၏ရင်ထဲ၌ ကိန်းအောင်းနေသည်။

သူသည် လုံးဝသတိပြန်ရလာသောအခါ သူ တွေ့မြင်လိုက်ရသောမြင်ကွင်းကြောင့် သူသည် အံ့အားသင့်ကာ ထိတ်လန့်သွားလေတော့သည်။

ယခု....

သူသည် အိပ်မက်ဆန်ဆန်...

ပုံပြင်ဆန်ဆန်ရှိသောနေရာတစ်ခုသို့ ရောက်နေသည်ကို သတိပြုမိလိုက်လေသည်။



ပထမဆုံး...

သူမြင်တွေ့လိုက်ရသောအရာမှာ မျက်နှာပြင်ပေါ်မှ ချိတ်ဆွဲထားသော ဖန်မီးအိမ်များဖြစ်ကြသည်။

သူသည် ဆတ်ခနဲထလိုက်သည်နှင့် ...

ပျော့ပြောင်းပြီး နူးညံ့သော လက်ဝါးကလေးတစ်ခုက သူ၏ပခုံးအား ဖိထားလိုက်သည်ကို သတိပြုမိလေသည်။

သူသည် ကြီးမားပြီး ခန့်ညားသော ခုတင်တစ်လုံးပေါ်တွင် ရောက်နေပြီး...

အခန်းတစ်ခုလုံးမှာ လှပသောမိန်းကလေးများက သူ့အား ပြုံးစိစိဖြင့်ကြည့်နေကြသည်။

"မင်းတို့ ဘယ်သူတွေလဲ"

သူသည် ယင်းသို့အော်မေးလိုက်သည်။

မိန်းကလေးများသည် တခစ်ခစ်ဖြင့်ရယ်မောနေကြ၏။

သူ၏မေးခွန်းအား မည်သူကမှမဖြေပါ။

"မေးနေတာ မကြားဘူးလား၊ ဒါကဘယ်နေရာလဲ"

ထိုစဉ်မှာပင်...

လူတစ်ယောက်သည် အခန်းထဲသို့ အေးဆေးစွာ လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ဆူညံစွာ ရယ်မောနေကြသော မိန်းကလေးများသည်...

ရုတ်ခြည်း အသံများတိတ်ဆိတ်သွားကာ...

ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားကြသည်။

ရှောင်ကောင်းသည် ထိုလူအား **အကဲခတ်**ကြည့်လိုက်သည်

ထိုလူသည်…

ရှည်လျားသော ပိုးအင်္ကျီတစ်ထည်ကိုဝတ်ဆင်ထားသည်။ အင်္ကျီပေါ်တွင် နဂါးရုပ်များဖော်ထားသည်။

သူ၏ဦးခေါင်းပေါ်တွင် မြို့စားကြီးများဆောင်းလေ့ရှိသော ဦးသျှောင်ကို ဆောင်းထားသည်။

ထိုလူအား မည်သို့ကြည့်ကြည့်… အလွန်ခန့်ညားပြီး ဩဇာ အာဏာပိုင်ဆိုင်သောလူတစ်ယောက်ဖြစ်သည်ဟု…

သိသာနိုင်ပေသည်။

"ဒီမှာ ခင်ဗျားက ဒီအိမ်ရှင်ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါဘာဖြစ်သလဲ"

"ကျွန်တော် ခင်ဗျားကိုမသိဘူး၊ ခင်ဗျားကလည်း ကျွန်တော် ကိုမသိဘဲ ဘာဖြစ်လို့ခေါ်ထားရတာလဲ"

"ဒါတော့ ကျုပ်လည်းမပြောတတ်ဘူး"

"ဗျာ… ခင်ဗျားမပြောတတ်ဘူးဟုတ်လား"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲဆိုရင် ကျုပ်က မင်းကို ခေါ်လာ တာမှမဟုတ်ဘဲ၊ မင်းဟာမင်း လိုက်ချင်လို့ လိုက်လာတာပဲ"

ရှောင်ကောင်းသည် ကြက်သေသေဖြစ်သွားသည်။

သူသည် အံ့အားသင့်လွန်း၍ အတန်ကြာအောင်ပင် စကား



မပြောနိုင်ဘဲ ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။

"ကျွန်တော့်ဘာသာ ကျွန်တော်လိုက်လာကယ်ဟုတ်လား"

ထိုလူက ခေါင်းညိတ်လိုက်သည်။

ရှောင်ကောင်းသည် သူ့အား အတန်ကြာစိုက်ကြည့်လိုက်ပြီး မှ….

"ခင်ဗျား၊ ခင်ဗျားက သေတ္တာတစ်လုံး အမြဲဆွဲနေတဲ့လူ ဟုတ်လား"

"ဟုတ်တယ်လေ"

ရှောင်ကောင်းသည် သူ၏ငယ်ထိပ်ကို လက်နှစ်ဘက်ဖြင့် ဖိထားလိုက်ရသည်။ သူသည် အံ့ဩခြင်းမက အံ့ဩနေလေ၏။ သူ တောင်းစားသာသာမျှသာ ရှိနေသော လူတစ်ယောက်သည် ယခုမှာ မူ မြို့စားကြီးတစ်ယောက်ပမာ ထည်ထည်ဝါဝါရှိနေသည်။

ဤကဲ့သို့သော ဖြစ်ရပ်မျိုးသည် ပုံပြင်ထဲမှာသာ ရှိခဲ့ဖူး သည်။ သို့သော် ယခုတော့ သူသည် မျက်မြင်ကိုယ်တွေ့ တွေ့မြင် လိုက်ရပြီမဟုတ်ပါလော။

❋❋❋

"ခင်ဗျားက ဘယ်လိုလူစားလဲဗျ"

ရှောင်ကောင်းက မေးလိုက်ခြင်းဖြစ်သည်။

"မင်းကော ဘယ်လိုလူစားလဲ"

ထိုလူက ပြန်မေးလိုက်သည်။

"ကျွန်တော်က စားသမားတစ်ယောက်ပါ"

"ကျုပ်ကလဲ စားသမားတစ်ယောက်ပါပဲ"

ရှောင်ကောင်းသည် ဝန်းကျင်အား တစ်ချက်ကြည့်လိုက်ပြီး....

"ခင်ဗျားကို ကျွန်တော်ဘယ်လိုမှ နားမလည်နိုင်ဘူးဗျ"

"ဘာကို နားမလည်တာလဲ"

"ခင်ဗျားမှာ ဒါလောက်ချမ်းသာနေတာ၊ ဘာဖြစ်လို့ကျုမင်းအတွက် ယန်းကျင်းကို သွားသတ်ပေးရတာလဲ"

"ကျုပ် ယန်းကျင်းကို သတ်တာ ကျုမင်းအတွက် မဟုတ်ဘူး"

"ဒါဖြင့် ဘာအကြောင်းရှိလို့လဲ"

ထိုလူ၏မျက်နှာသည် နာကျည်းသောအသွင်များပေါ်လွင်လာလေသည်။

"ယန်းကျင်းဟာ အစက မျိုးချစ်ဘက်မှာ ရပ်တည်နေတဲ့ သိုင်းသမားတစ်ယောက်ပါ၊ သူဟာ ငွေနဲ့ရာထူးမက်ပြီး ကျုမင်းကို သစ္စာဖောက်ခဲ့တယ်၊ ယန်းကျင်းလိုလူမျိုး သတ်မပစ်ရင် မျိုးချစ် ဘက်မှ



ပုဂ္ဂိုလ်တွေဟာ တစ်နေ့တစ်ခြား စုမာချောင်းချင်ဘက်ရောက်ကုန်မှာပေါ့ကွ"

"ဒါဖြင့် ခင်ဗျားက စုမာချောင်းချင်ကို သတ်လိုက်ရင် ပြီးသွားတာပဲ မဟုတ်လား"

ထိုလူက ခေါင်းခါယမ်းလိုက်သည်။

"မင်းက ငယ်သေးတယ်၊ စုမာချောင်းချင်ရဲ့အကြောင်းကို မသိသေးလို့ပါ၊ မင်းသိခဲ့ရင် ဒီစကားပြောမှာမဟုတ်ဘူး"

ရှောင်ကောင်းသည် စကားမပြောတော့ပါ။

အတန်ကြာမှ ထိုလူသည် သူ့အား စူးရှစွာကြည့်လိုက်ပြီး....

"မင်း.... ငါ့သေတ္တာဖွင့်ကြည့်တယ်မဟုတ်လား"

"ဟုတ်တယ်"

"ဘာကိုတွေ့သလဲ"

"သံတိုသံစတွေ့ကိုပဲ တွေ့ရတယ်၊ ဒါတွေဟာ ဘာဖြစ်လို့ကြောက်စရာအကောင်းဆုံးလက်နက်ဖြစ်ရတာလဲဗျ"

ထိုလူက ပြုံးလိုက်သည်။

"ဘယ်လက်နက်မဆို သံတိုသံစများနဲ့ စပ်ပြီးလုပ်ရတယ် မဟုတ်လား၊ ဥပမာ ဓားကိုကြည့်ပါ၊ လက်ကိုင်၊ လက်ခံ၊ ဓားသွားများနဲ့ပေါင်းစပ်ပြီးမှ ဓားဖြစ်လာရတယ်မဟုတ်လား"

"ခင်ဗျားဆိုလိုတာ ဒီသံတိုသံစများကို စုစည်းလိုက်ရင် လက်နက်ဆန်းတစ်မျိုးဖြစ်လာလိမ့်မယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"တစ်ခုတော့ ကျွန်တော်မကြိုက်ဘူးဗျ"

"ဘာလဲ"

"ကျွန်တော်က လူတစ်ယောက်ကို သတ်ချင်ရင် ချောင်းပြီး သွားသတ်မှာ မဟုတ်ဘူး၊ အတိအလင်းကြေငြာတယ်ဗျ"

ထိုလူသည် မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက စုမာချောင်းချင်ကို စိန်ခေါ်ထားတယ်ဟုတ်လား"

"ဟုတ်တယ်"

"မင်းက သူနဲ့တစ်ယောက်ချင်း ယှဉ်ပြိုင်မယ်လို့ စိန်ခေါ်ခဲ့ ပေမယ့် သူတို့က မင်းနဲ့တရားမျှတတဲ့နည်းနဲ့ ယှဉ်ပြိုင်မှာမဟုတ်ဘူး"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ၊ ကျွန်တော် နားမလည်ဘူး ဗျ"

"မင်း အခု ဘယ်နားလည်ပါ့မလဲ"

ထိုလူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"မင်း တစ်နေ့နားလည်လာမှာပါ။ ဒါပေမယ့် မင်းနားလည် တာ နောက်ကျသွားမယ်လို့ ကျုပ်ယုံကြည်တယ်"

"အို.... ဘာပဲဖြစ်ဖြစ်၊ ကျွန်တော် စိန်ခေါ်ထားတဲ့အတိုင်း သွားရမှာပဲ"

ထိုလူသည် သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

"ကျုပ်က မင်းကို လွှတ်လိမ့်မယ်လို့ ထင်နေသလား"

"ဗျာ၊ ခင်ဗျားက ကျွန်တော့်ကို ဒီမှာခေါ်ထားမလို့လား"



"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ငါ့နေရာအတွက် မင်းကို အမွေဆက်ခံဖို့ ကျုပ်ဆုံးဖြတ် ထားလို့ပါ"

ရှောင်ကောင်းကပြုံးလိုက်သည်။

"ခင်ဗျား တစ်ခုမေ့နေပြီထင်တယ်"

"ဘာများလဲ"

"ကျွန်တော်လက်ခံပါ့မလားလို့မှ မမေးသေးပဲ"

"ဒါဖြင့်... ကျုပ်အခုပဲ မေးမယ်၊ မင်းလက်ခံနိုင်မယ်မဟုတ် လား"

ရှောင်ကောင်းက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် လက်မခံနိုင်ဘူး"

ထိုလူသည်...

ရှောင်ကောင်း၏မျက်နှာအား သေသေချာချာ စိုက်ကြည့်ပြီး နောက် စားပွဲရှိရာသို့လျှောက်သွားလေသည်။

ထို့နောက်...

အရက်နှစ်ခွက်ထည့်လိုက်ပြီး ရှောင်ကောင်းအား တစ်ခွက် လှမ်းပေးလိုက်သည်။

"ဒီအရက်ကို မင်းသောက်ရဲပါ့မလား"

သူသည် ထိုလူပေးသော အရက်ခွက်အား လှမ်းယူလိုက်ပြီး မော့လိုက်လေသည်။

သည့်နောက်.... သူသည် သတိလစ်ကာ မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားလေတော့သည်။

❄❄❄

## ထူးဆန်းသေးတွေ့ဆုံခြင်း

နှစ်ဆန်း(၂၅)ရက်နေ့....။

ချင်းအန်မြို့တော်....။

ရှောင်ကောင်းသည် မသေပါ။

အရက်ကိုသောက်လိုက်သည်နှင့် သတိလစ်သွားသည်ကို သူ သတိရလိုက်လေသည်။

ယခု သူသည် သူတည်းခိုခဲ့သောတည်းခိုခန်းသို့ ပြန်လည် ရောက်နေသည်ကိုတွေ့ရသည်။

သူတွေ့ကြုံခဲ့ရသောအဖြစ်အပျက်များသည် အိပ်မက်များဖြစ် နေမည်လော။

အိပ်မက်မဟုတ်ပါ။

သူ၏ခုတင်အနီး၌ စားပွဲတစ်လုံးရှိ၏။

စားပွဲပေါ်တွင် သေတ္တာတစ်လုံးကိုတွေ့လိုက်ရသည်။

ယင်းသေတ္တာအား တွေ့လိုက်သည်နှင့် သူသည် ရင်ခုန်သွားလေသည်။

ယင်းသေတ္တာသည်... ထိုလူထူးလူဆန်း၏သေတ္တာဖြစ်နေသည်ကို သူမှတ်မိထားသည်။

သူသည် စိတ်မထိန်းနိုင်တော့ပါ။

သေတ္တာ၏အဖုံးအား ဆတ်ခနဲဖွင့်လိုက်လေသည်။

သို့သော်... သူသည် စိတ်ပျက်သွားလေသည်။

အကြောင်းမှာ....

ထိုသေတ္တာထဲ၌ ကြောက်မက်ဖွယ်ရာ လက်နက်ဟူ၍ တစ်ခုမှမရှိသောကြောင့်တည်း။

လက်နက်များအစား ရွှေတုံးနှင့်ငွေတုံးကလေးများသာထည့်ထားခြင်းဖြစ်ပါသည်။

❈❈❈



ရှောင်ကောင်းသည် ယခုအချိန်မှာ ချမ်းသာသောလူတစ်ယောက်ဖြစ်လာချေပြီ။

သူသည် တည်းခိုခန်းမှထွက်သွားသောအခါ ထိုသေတ္တာအားအမြဲဆွဲကိုင်သွားသည်။

သို့သော်... သူသည် ထိုးစံအတိုင်းထက် အနည်းငယ်မျှပို၍သုံးစွဲခြင်းမပြုပါ။

ထို့ကြောင့်... သူ့တွင် ရွှေတုံးငွေတုံးများရှိပေမယ့် သူ၏ဘဝကပြောင်းလဲခြင်းမရှိပါ။

❈❈❈

သို့သော်...

နှစ်ဆန်း(၂၅)ရက်နေ့၏ နေ့လည်ပိုင်းသို့ ရောက်ရှိလာသောအခါ...

သူ၏ဘဝသည်...

တစ်မျိုးတစ်ဖုံပြောင်းလဲလာလေတော့သည်။

❈❈❈

ယနေ့သည် ရာသီဥတုသာယာသော နေ့တစ်နေ့ဖြစ်၏။

သူသည် စားနေကျခေါက်ဆွဲဆိုင်၌ ခေါက်ဆွဲစားပြီးနောက် ထုံးစံအတိုင်း အခန်းသို့ပြန်ပြီး အေးအေးဆေးဆေးအိပ်ရန် ဆုံးဖြတ်လိုက်သည်။

သူသည် စုမာချောင်းချင်နှင့်ယှဉ်ပြိုင်ရန်အတွက် အားမွေးရဦးမည်မဟုတ်ပါလော။

❊❊❊

ယနေ့...

သူသည် နေ့လည်စာစားပြီးနောက် နှင်းများဖုံးလွှမ်းနေသော မင်းလမ်းအတိုင်း တည်းခိုခန်းဘက်သို့ ပြန်လျှောက်လာသောအခါ...

လူတစ်ယောက်သည် သူ့နောက်တွင် ခြေရာခံလိုက်လာနေသည်ကို တွေ့ရလေသည်။

ရှောင်ကောင်းသည် လှည့်ပင်မကြည့်ပါ။

သူ့နောက်တွင်... ခြေရာခံလိုက်နေသောသူအား သူသိလိုက်ပြီးဖြစ်သည်။

မနေ့ညတည်းက သူသည် ညစာစားပြီးအပြန်တွင် ကြောင်တစ်ကောင်ကကြွက်တစ်ကောင်ကို ချောင်းနေသည့်အလား...

သူ့နောက်မှလိုက်လာသည်ကို တွေ့လိုက်ရသည်။



ထိုလူ၏အဝတ်အစားများမှာ အလွန် ဟောင်းနွမ်းစုတ်ပြတ်နေ၏။

သူ၏ဦးခေါင်းပေါ်၌လည်း အလွန်ဟောင်းနွမ်းသောဦးထုပ်တစ်လုံးကို ခပ်နိမ့်နိမ့်ဆောင်းထားသည်။

သူ၏ခန္ဓာကိုယ်သည် ထွားကျိုင်းခြင်းမရှိပါ။

သို့သော်... မျက်နှာတစ်ခုလုံးတွင် မုတ်ဆိတ်မွေးများနှင့်ဗရပျစ်ထူထပ်နေ၏။

လမ်းလျှောက်သည့်အခါ ခြေသံပင်မကြားရပါ။

သိုင်းပညာရပ်ကျွမ်းကျင်သော လူတစ်ယောက်ဖြစ်ရမည်ဟု သူယုံကြည်သည်။

ရှောင်ကောင်းသည် ထိုလူအား တစ်ကြိမ်တစ်ခါမျှမတွေ့မြင်ဘူးပါ။

မိမိအား... အဘယ်ကြောင့် ခြေရာခံလိုက်နေသည်ကိုလည်း နားမလည်ပါ။

သူသည် ရှေ့သို့ဆက်၍လျှောက်သွားရင်း နောက်မှလိုက်လာသောခြေသံသည် ရုတ်တရက်ပျောက်ကွယ်သွားလေသည်။

ရှောင်ကောင်းသည် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး ဆက်၍လျှောက်ရန် ခြေလှမ်းကိုပြင်လိုက်ရာ...

ရုတ်တရက် လမ်းကြားမှ ကြိုးတစ်ချောင်းလွင့်လာသည်ကို တွေ့လိုက်ရလေသည်။

အလွန်ကြီးမားသော ကြိုးတစ်ချောင်းဖြစ်သည်။

ကြိုးပစ်လိုက်သောလူသည် အလွန်လက်တည့်သည်ဟု ဆိုရပေမည်။

ကြိုး၏တစ်ဘက်မှ အရှင်ပြုလုပ်ထားသော ကွင်းစွပ်သည် ရောင်ကောင်း၏လည်ပင်းသို့ တည့်တည့်မတ်မတ် စွပ်ချမိလိုက်လေသည်။

သာမန်လူတစ်ယောက်၏လည်မျိုတွင် ယင်းကဲ့သို့ ကြိုးကွင်းဖြင့်စွပ်ထားခြင်းခံရပါက မျက်လုံးများသည် ပြူးကျယ်လာမည်။

လျှာမှာလည်း ထွက်လာမည်ဖြစ်သည်။

အသက်လည်း ချက်ချင်းပျောက်သွားနိုင်ပေသည်။

ဤအချက်များကို... ရောင်ကောင်းက ကောင်းစွာသဘောပေါက်နားလည်သည်။

ထို့ကြောင့်... ကြိုးကွင်းသည် သူ၏လည်ပင်းသို့စွပ်မိပြီး လမ်းကြားထဲသို့ဆွဲယူလိုက်သည်နှင့်တစ်ပြိုင်နက်...

သူ၏ခန္ဓာကိုယ်သည် ကြိုးဆွဲရာသို့ အရှိန်ဖြင့်လိုက်ပါသွားရာ လမ်းကြားထဲသို့ရောက်သွားသောအခါ...

ကြိုးကွင်းဖြင့်ပစ်သူမှာ သူ့နောက်မှ ခြေရာခံလိုက်နေသော မုတ်ဆိတ်မွေးနှင့်လူဖြစ်နေသည်ကို တွေ့ရလေသည်။

မုတ်ဆိတ်မွေးနှင့်လူသည် ကြိုးကို တအားဆွဲနေသည်။

"ထောက်"



ကြိုးသည် ပြတ်ထွက်သွားသည်။

ရောင်ကောင်းက ဆွဲဖြတ်လိုက်ခြင်းဖြစ်သည်။

မုတ်ဆိတ်မွေးနှင့်လူသည် ထိတ်လန့်ကာထွက်ပြေးသွားလေသည်။

သူသည်... ခြေလှမ်းဆယ့်လေးငါးလှမ်းမျှ ပြေးလွှားသွားပြီးနောက် သူသည်အံ့အားသင့်သွားလေသည်။

အကြောင်းမှာ... ရောင်ကောင်းသည် သူ့နောက်သို့ မလိုက်ဘဲရပ်လျက်နေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

မုတ်ဆိတ်မွေးနှင့်လူသည် ဆက်၍ပြေးလွှားသွားပြန်သည်။

သူ့နောက်သို့... ရောင်ကောင်းကမလိုက်ဘဲ ရပ်နေသည်ကို တွေ့ရသဖြင့်...

သူသည် ခြေလှမ်းရပ်တန့်ပြီး အံ့သြစွာဖြင့် ရောင်ကောင်းအား လှည့်ကြည့်လိုက်သည်။

လှည့်ကြည့်ရုံမက သူကပင်မေးလိုက်သေးသည်။

"မင်းက ဘာဖြစ်လို့မလိုက်တာလဲ"

သူ၏မေးခွန်းသည် အတော်ထူးဆန်းသည်။

သို့သော် ရောင်ကောင်း၏အဖြေမှာ ပို၍ထူးဆန်းသည်။

"ကျုပ်က ဘာဖြစ်လို့လိုက်ရမှာလဲ"

မုတ်ဆိတ်မွေးနှင့်လူသည် ကြောင်အမ်းအမ်းဖြစ်သွား၏။

"ကျုပ်က မင်းကို ကြိုးကွင်းစွပ်ပြီးသတ်မလို့ဆိုတာ မင်း မသိ

လိုက်ဘူးလား"

"သိသားပဲ"

မှတ်ဆိတ်မွေးနှင့်လူ မျက်မှောင်ကြုတ်သွားသည်။

"သိလျက်နဲ့ ကျုပ်ကိုရန်မရှာဘဲ... ဘာဖြစ်လို့ လွှတ်လိုက်ရတာလဲ"

ရှောင်ကောင်းက...

"မင်းက ကျုပ်ကိုကြိုးကွင်းနဲ့စွပ်ပြီး သတ်ဖို့ကြိုးစားပေမယ့် ကျုပ်ကသေမှမသေပဲ"

"ထားပါတော့လေ၊ အနည်းဆုံး မင်းက ကျုပ်ကို ဘယ်သူလဲ ဘာဖြစ်လို့ မင်းကိုသတ်ချင်ရတာလဲဆိုတာလေး မေးဖို့မသင့်ဘူးလား"

ရှောင်ကောင်း ခေါင်းခါလိုက်သည်။

"ကျုပ်မမေးချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်သိမှမသိချင်ဘဲ"

ရှောင်ကောင်းသည် ယင်းသို့ပြောဆိုပြီးနောက် ချာခနဲလှည့်ကာ လမ်းကြားမှထွက်ခွာသွားလေတော့သည်။

❄❄❄



မှတ်ဆိတ်မွေးနှင့်လူသည် ကြောင်အမ်းအမ်းဖြစ်သွားပြန်လေသည်။

ရှောင်ကောင်းကဲ့သို့သောလူမျိုးအား သူ၏ဘဝတစ်သက်တာတွင် တစ်ခါမှမတွေ့ဘူးခဲ့ပါ။

သို့သော် မှတ်ဆိတ်မွေးနှင့်လူမျိုးကိုလည်း မည်သူကမှ တွေ့ဖူးလိမ့်မည်မဟုတ်ပါ။

အကြောင်းမှာ ရှောင်ကောင်းက သူ့နောက်မလိုက်ဘဲ သူက ရှောင်ကောင်းနောက်သို့ ပြန်လိုက်သွားခြင်းကြောင့်ဖြစ်သည်။

သူသည် ခါးတွင်ချိတ်ထားသော အခြားကြိုးတစ်ချောင်းကို ထပ်မံဖြုတ်ယူလိုက်သည်။

ကြိုးကွင်းတစ်ခု အမြန်ပြုလုပ်ပြီး ရှောင်ကောင်း၏လည်ပင်းကို စွပ်ချလိုက်ပြန်သည်။

သူသည် ကြိုးကွင်းစွပ်ရာမှာ အလွန်ကျွမ်းကျင်၏။

ထို့ကြောင့်...

ကြိုးကွင်းသည် သူ၏လည်ပင်းသို့ တည့်တည့်မတ်မတ်စွပ်ချလိုက်မိပြန်သည်။

သို့သော်...

ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ သူသည် ရှောင်ကောင်း၏လည်ပင်းအား မိမိရရစွပ်ထားလိုက်မိသော်လည်း မည်သို့မှ အကြောင်းမထူးခဲ့ပါ။

သူသည် ကြိုးကို တအားဆွဲလိုက်သည်။

ရောင်ကောင်း၏ခန္ဓာကိုယ်သည် ရွေ့ပင်မရွေ့ဘဲမြေကြီးပေါ်၌အမြစ်တွယ်မိထားသည့်ပမာ မလှုပ်မယှက်ရပ်လျက်နေ၏။

"ဟေ့လူ... မင်းက ဘယ်လိုလူမျိုးလဲ၊ ကြိုးကွင်းနဲ့စွပ်တာတောင် မသေနိုင်ပါလား"

"ဘယ်သေပါ့မလဲကွ၊ ကျုပ်မှာ လက်ချောင်းကလေးခံပေးထားတယ်လေ"

ဟုတ်ပါ၏။

ကြိုးကွင်းသည် ရောင်ကောင်း၏လည်ပင်းသို့ စွပ်ချလိုက်သောအခါ သူ၏လက်ချောင်းများသည် ကြိုးအား ချိတ်ထားသည်ကို တွေ့လိုက်ရလေသည်။

ရောင်ကောင်းသည်...

ကြိုးကိုဖမ်းဆုပ်ပြီး ပြန်ဆွဲလိုက်ရာ မုတ်ဆိတ်မွေးနှင့်လူသည် သူ့ထံသို့ တရွတ်တိုက်ရောက်ရှိလာလေတော့သည်။

❄❄❄



"မင်းကြိုးကွင်းပစ်တာ သိပ်မကျွမ်းကျင်သေးဘူး၊ တခြားဘာပညာတတ်သေးသလဲ"

ရောင်ကောင်းက မေးလိုက်သည်။

"ကျုပ်က ဓားပညာလည်း တတ်သေးတယ်"

မုတ်ဆိတ်မွေးနှင့်လူသည် ယင်းသို့ပြောပြီးသည်နှင့်ဝှက်ထားသော ဓားတိုတစ်လက်ဆွဲထုတ်လိုက်ပြီး ရောင်ကောင်း၏ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

သို့သော်...

မုတ်ဆိတ်မွေးနှင့်လူသည် ဓားပညာလည်း ညံ့သေးသည်။

သူ၏ဓားသည် ရောင်ကောင်း၏ရင်ဝသို့မရောက်မီ...

ရောင်ကောင်း၏လက်ဝါးသည် သူ၏လက်ကောက်ဝတ်သို့ ခုတ်ချလိုက်ရာ....

"ခြွမ်း"

ဓားသည် မြေပေါ်သို့လွင့်စဉ်ကျသွား၏။

ရောင်ကောင်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"မင်း မကြိုးစားဘဲနေရင်ကောင်းမယ်၊ မင်းရဲ့ပညာဟာ ကျုပ်အတွက် အသုံးမဝင်ဘဲ"

မုတ်ဆိတ်မွေးနှင့်လူသည် ရုတ်တရက် လေထဲသို့ခုန်ကက်ပြီး သူ၏ခြေထောက်နှစ်ချောင်းဖြင့် ရောင်ကောင်း၏ဦးခေါင်းသို့ညှပ်ထားလိုက်လေသည်။

ထိုမုတ်ဆိတ်နှင့်လူ၏ခြေထောက်နှစ်ချောင်းသည် အလွန်ဖျတ်လတ်ကျွမ်းကျင်ပြီး အားမာန်အလွန်ကောင်းသည်။

ရှောင်ကောင်းသည် မမျှော်လင့်ခဲ့ပါ။

သူသည် ရုတ်တရက်ခံလိုက်ရသဖြင့် အသက်ရှူပင် ကြပ်သွားလေသည်။

အထူးသဖြင့်... ညစ်ပတ်ပေရေနေသော ဘောင်းဘီမှ အနံ့များသည် ပို၍မခံနိုင်အောင်ခံစားလိုက်ရလေသည်။

ရှောင်ကောင်းသည် သည်းမခံနိုင်တော့ပါ။

သူ၏ခန္ဓာကိုယ်ကို တစ်ချက်တွန့်လိမ်ပြီး မုတ်ဆိတ်မွေးနှင့်လူအား မြေပေါ်သို့ပစ်ချလိုက်သည်။

မုတ်ဆိတ်မွေးနှင့်လူသည် မြေပေါ်သို့လဲကျသွားသည်။ သူ၏အရင်က စုတ်ပြတ်နေသောဘောင်းဘီမှာ ဒူးဆစ်အထိစုတ်ပြဲသွားကာ ခြေသလုံးများပေါ်ထွက်လာလေသည်။

ဤတစ်ကြိမ်...

ကြောင်အမ်းအမ်းဖြစ်သွားသူမှာ ရှောင်ကောင်းပင်ဖြစ်သည်။

သူသည် ထိုလူ၏ခြေသလုံးအား မယုံကြည်နိုင်စွာငေးကြည့်မိလေတော့သည်။

❄❄❄



လူတိုင်းမှာ ခြေသလုံးရှိကြသည်မှာမဆန်း။

သို့သော်...

ရှောင်ကောင်းသည် ဤမျှလှပပြီး ဖြူဖွေးနူးညံ့သော ခြေသလုံးမျိုးအား မတွေ့မြင်ဘူးခဲ့ပါ။

မုတ်ဆိတ်ဗရပျစ်ထူသောလူသည် ဤမျှ ဖြူဖွေးနုအိသော ခြေသလုံးရှိသည်ကို သူ အံ့သြ၍မဆုံးဖြစ်နေ၏။

ပို၍အံ့သြဖွယ်ရာကောင်းသည်မှာ...

ရှောင်ကောင်းအား ကြိုးကွင်းဖြင့်လည်းကောင်း...

ဓားဖြင့်လည်းကောင်း...

သတ်ရန်ကြိုးစားနေသောမုတ်ဆိတ်မွေးနှင့်လူသည် မြေပေါ်တွင်ထိုင်ပြီး လက်ဖြင့်မျက်နှာကိုအုပ်ကာ ကလေးသူငယ်တစ်ယောက်ပမာ ဝမ်းနည်းပက်လက်ငိုချလိုက်ခြင်းပင်ဖြစ်ပေတော့သည်။

❄❄❄

ရှောင်ကောင်းသည် ဤနေရာမှထွက်ခွာသွားရန် ခြေလှမ်းကိုမြင်လိုက်သည်။ ငိုသံကြားလိုက်ရသဖြင့် သူ၏ခြေလှမ်းသည် ရပ်တန့်သွားပြန်သည်။

ထို့နောက် ဝမ်းနည်းပက်လက်ဖြင့်ငိုကျွေးနေသော မုတ်ဆိတ်နှင့်လူအား....

"မင်း ဘာဖြစ်လို့ငိုနေရတာလဲကွ"

"ကျုပ် ငိုချင်လို့ငိုတာ၊ ကျုပ်ငိုတာကို သဘောကျလို့ ငိုတာ အဲဒါ မင်းနဲ့ဘာဆိုင်လို့လဲ"

မျက်နှာတစ်ခုလုံးတွင် မုတ်ဆိတ်မွေးနှင့်လူက ကလေးဆန်ဆန်မိန်းကလေး၏လေသံဖြင့်ပြောနေခြင်းမှာ ဤလူသည် အလွန်ပြေ ရခက်မည့်လူမျိုးဖြစ်ရမည်ဟု ရှောင်ကောင်းကတွေးမိသည်။

ထို့ကြောင့်... သူသည် ဤနေရာမှအမြန်ဆုံးထွက်သွားသင့်သည်ဟု ဆုံးဖြတ်လိုက်လေသည်။

သူသည် နောက်သို့လှည့်လိုက်ပြီး ခြေလှမ်းလှမ်းလိုက်ရာ...

"ဟေ့.... ရပ်လိုက်စမ်း"

မုတ်ဆိတ်မွေးနှင့်လူက ဟန့်တားလိုက်သည်။

"ကျုပ်က ဘာဖြစ်လို့ရပ်နေရမှာလဲ"

"မင်းက ဒီလိုထွက်သွားရင် ပြီးရောလား"

ခက်ချေပြီ။

ရှောင်ကောင်းသည် မုတ်ဆိတ်နှင့်လူအား နားမလည်နိုင်သော မျက်လုံးဖြင့်ကြည့်လိုက်သည်။

"ကျုပ်မသွားရဘူး၊ ဟုတ်လား၊ ခင်ဗျားက ကျုပ်ကိုကြိုးကွင်းနဲ့စွပ်တယ်၊ ဓားနဲ့လည်း သတ်ဖို့ကြိုးစားတယ်၊ ကျုပ်က မင်းကို အရေးမယူဘဲ ဒီအတိုင်းထွက်သွားတာတောင် မင်းက စိတ်မကျေနပ်သေးဘူးဟုတ်လား၊ ဒါဖြင့်... ကျုပ်က ဘာလုပ်ရမှာလဲ၊ မင်းကိုတောင်းပန်ရဦးမှာလား"



"ကျုပ်ကိုတောင်းပန်ဖို့မလိုဘူး၊ မင်းရဲ့မျက်လုံးကိုသာ ဖောက်ပစ်လိုက်ချင်တယ်"

ရှောင်ကောင်းသည် ရယ်ချင်လာသည်။

သို့သော်... မရယ်ဖြစ်ပါ။

"ကျုပ်က အရူးမှမဟုတ်ဘဲ၊ ဘာဖြစ်လို့ မျက်လုံးအဖောက်ခံရမှာလဲ"

"မင်းမျက်လုံးက ကျုပ်ခြေသလုံးကိုမြင်သွားလို့"

"ဟောဗျာ... ခင်ဗျား ခြေသလုံးကိုမြင်သွားတာနဲ့ ကျုပ်က မျက်လုံးဖောက်ပစ်ရမှာလား"

"အို.... ဘာပဲဖြစ်ဖြစ်... ကျုပ်ခြေသလုံးကို ကြည့်တဲ့အတွက် မင်း မျက်လုံးကိုဖောက်ပစ်ရမှာပဲ"

"တော်တော်ခက်ပါလားဗျာ၊ ခင်ဗျားခြေသလုံးက သိပ်လှတယ်ဆိုတာ ကျုပ်လက်ခံတယ်၊ ဒါပေမယ့် ကျုပ်က တမင်ကြည့်တာမှ မဟုတ်ဘဲ"

ရှောင်ကောင်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းမကျေနပ်ရင် ကျုပ်ခြေသလုံးကိုပြန်ကြည့်၊ အေး... ကျုပ်က မင်းလိုသဘောထားမသေးဘူး၊ မင်းဘယ်လောက်ပဲကြာကြာကြည့်ကြည့် ကျုပ်အပြစ်မတင်ဘူး"

"မင်းစကားပြောတာ ခွေးလေလည်သလိုပါပဲလား"

"ကျုပ်က ခွေးမဟုတ်ဘူး၊ လေလည်းမလည်ဘူးဗျ"

"မင်းခွေးမဟုတ်မှန်းတော့ ကျုပ်သိတယ်၊ ဒါပေမယ့်… မင်းက ခွေးထက်နုံတယ်"

မုတ်ဆိတ်နဲ့လူသည် ထိုင်ရာမှထလိုက်ပြီး….

"လောကမှာ ရှိရှိသမျှခွေးတွေက မင်းထက် ဉာဏ်ကောင်းတယ်၊ အေး…. ခွေးကြီးပဲဖြစ်ဖြစ်၊ ခွေးကလေးပဲဖြစ်ဖြစ်၊ ခွေးထီးခွေးမ အားလုံးဟာ မင်းထက် အဆတစ်ရာဉာဏ်ရှိတယ်၊ မင်းက ခွေးထက်တောင်မကဘူး၊ ဝက်…. ဝက်နဲ့တူတယ်"

မုတ်ဆိတ်နှင့်လူသည် ပြောရင်းပြောရင်း ဒေါသထွက်လာလေသည်။

"မင်း… မင်း… ဝက်နဲ့တူတယ်"

ရှောင်ကောင်းသည် ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်သည်။

"ကျုပ်က လူအစစ်ပါဗျာ၊ ဝက်နဲ့နည်းနည်းမှမတူပါဘူး"

"ဒီမှာ ကျုပ်က မိန်းကလေးတစ်ယောက်ဆိုတာ မင်းအခုထိ မရိပ်စားမိသေးဘူးလား"

ရှောင်ကောင်းသည် ကြောင်အမ်းအမ်းဖြစ်သွားရလေသည်၊

"မင်းက မိန်းကလေးဟုတ်လား၊ ကျုပ်မယုံဘူး"

သူသည် ခေါင်းခါယမ်းလိုက်သည်။

"မိန်းကလေးက ဘယ့်နှယ်မုတ်ဆိတ်မွေးရှိမှာလဲဗျ"

မုတ်ဆိတ်မွေးနှင့်လူသည် ဒေါသပို၍ထွက်လာ၏။



သူသည် မျက်နှာပေါ်မှ မုတ်ဆိတ်မွေးအား ဆွဲဖြုတ်လိုက်ပြီး ရှောင်ကောင်း၏မျက်နှာပေါ်သို့ တအားပစ်ပေါက်လိုက်သည်။

ယခုမှ ရှောင်ယင်းသည် ထိုလူမှာ မိန်းကလေးတစ်ယောက်ဖြစ်သည်ကို သိရလေသည်။

အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက်ပင်ဖြစ်နေသည်။

ရွှန်းလဲ့နေသောမျက်ခုံး၊ ကော့နေသောမျက်တောင်၊ ဖြောင့်တန်းနေသောနှာတံ၊ နီထွေးပြီး ပါးလွှာသောနှုတ်ခမ်းနှင့် ပုလဲသွယ်သဖွယ်သွားကလေးများဖြင့်….

ရှုမငြီးနိုင်အောင် ချောမောလှပလေသည်။

ရှောင်ကောင်းသည် ငေး၍ကြည့်နေမိသည်။

လောကပေါ်ရှိ အရာဝတ္ထုအားလုံးကို မေ့သွားသည့်အလား မလှုပ်မယှက်ဖြစ်နေသည်။

ထိုစဉ်မှာပင်… သူမ၏ခန္ဓာကိုယ်သည် ရှောင်ကောင်းထံသို့ ခုန်ဝင်လာပြီးလျှင် သူမ၏ခြေထောက်နှစ်ချောင်းဖြင့် ရှောင်ကောင်း၏ လည်ပင်းသို့ ညှပ်ထားလိုက်ပြန်လေသည်။

❄❄❄

ဤတစ်ကြိမ်....

ရှောင်ကောင်းသည် လုံးဝမလှုပ်ဝံ့တော့ပါ။

သူသည် မချိသွားဖြဲပြုံးပြုံးသည်။

“ကျုပ်က မင်းနဲ့ဘယ်လိုရန်ငြိုးရှိလို့လဲ”

“ရန်ငြိုးမရှိဘူး”

“ဒါဖြင့် ဘာဖြစ်လို့ ကျုပ်ကိုရန်ရှာနေရတာလဲဗျ”

“ဒါကတော့ ကျုပ်က မင်းကိုသဘောကျလို့ပေါ့”

“ဟောဗျာ”

“မဗျာနဲ့၊ မင်းကို သဘောကျတယ်ဆိုတာ လူကိုပြောနေတာ မဟုတ်ဘူး”

“ဒါဖြင့် ဘာကိုသဘောကျနေတာလဲ”

“မင်းလက်ထဲကသေတ္တာကိုဗျ၊ သိပြီလား”

“ဘာ... ကျုပ်လက်ထဲကသေတ္တာ ဟုတ်လား”

“မင်းရဲ့သေတ္တာကိုပေးလိုက်ရင် ကျုပ်မင်းကို ဘယ်တော့မှ မနှောင့်ယှက်တော့ပါဘူး”

“နေပါဦး၊ ကျုပ်သေတ္တာထဲမှာ ဘာတွေရှိတယ်ဆိုတာ မင်း သိလို့လား”

“သိတာပေါ့”

မိန်းကလေးသည် စကားဆက်လိုက်သည်။

“မင်းသေတ္တာထဲမှာ အနည်းဆုံးသိန်းချီတန်တဲ့ရွှေငွေရှိတယ်”



“ဟင်.... မင်းက ဘယ်လိုလုပ်သိတာလဲ”

ရှောင်ကောင်းက အတော်အံ့အားသင့်သွားသည်။

သူသည် ဤသေတ္တာအား အခန်းထဲ၌တစ်ကြိမ်သာဖွင့်ကြည့်ခဲ့ဖူးသည်။

မိန်းကလေးသည် ရှောင်ကောင်း၏အမေးကိုမဖြေဘဲ....

“ကျုပ် အဖေဘယ်သူလဲဆိုတာ မင်းသိသလား”

“ကျုပ် ဘယ်သိပါ့မလဲဗျ”

“ကျုပ်အဖေဟာသူခိုးဗျ၊ ကိုယ်ဖော့ပညာအလွန်တော်တဲ့ သူခိုး၊ ဒါကြောင့် သူဟာ ဘယ်တုန်းကမှအဖမ်းမခံခဲ့ရဘူး”

“ဟုတ်လား၊ တော်တော်စွမ်းတဲ့သူခိုးပါလား”

“သိပ်မချီးမွမ်းနဲ့ဦး၊ သူနဲ့ကျုပ်အဘိုးယှဉ်ရင် အများကြီးညံ့သေးတယ်”

“ဗျာ.... ခင်ဗျားရဲ့အဘိုးလည်း သူခိုးဟုတ်လား”

“ဟုတ်ပါတယ်၊ သူက ခိုးတဲ့နေရာမှာ ဘုရင်တောင်မချန်ဘူးဗျ”

ရှောင်ကောင်းသည် သက်ပြင်းချလိုက်သည်။

“အို.... လက်စသတ်တော့ မင်းတို့ဆွေစဉ်မျိုးဆက်အားလုံးဟာ သူခိုးတွေချည်းပဲကိုး”

“အခု မင်းသဘောပေါက်ပြီမဟုတ်လား၊ ဆွေစဉ်မျိုးဆက် သူခိုးအလုပ်လုပ်လာတဲ့ကျုပ်က ဒီသေတ္တာထဲမှာ ဘာတွေရှိတယ်ဆို

တာ မြင်လိုက်တာနဲ့သိတယ်ဗျ"

ရှောင်ကောင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်သဘောပေါက်ပါပြီဗျာ၊ ဒီလိုအလုပ်မျိုးလုပ်တဲ့လူတွေဟာ လူတစ်ယောက် လမ်းလျှောက်ပုံကို အကဲခတ်ကြည့်လိုက်တာနဲ့ ဒီလူဟာ ငွေဘယ်လောက်ပါတယ်ဆိုတာသိတယ်လို့ ကျုပ်ကြားဖူးတယ်"

"ဟုတ်တယ်၊ ဒါပေမယ့် ခင်ဗျားက ဘယ်လိုလူစားလဲဆိုတာ ကျုပ်ခန့်မှန်းလို့မရအောင်ဖြစ်နေတယ်"

ရှောင်ကောင်း မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"မင်းလက်ထဲမှာ ရတနာထည့်ထားတဲ့သေတ္တာကိုဆွဲပြီး နေတော့ အပေါစားတည်းခိုခန်း၊ စားတော့ အပေါစားခေါက်ဆွဲကိုမှ စားနေတာကိုး"

သူမသည် ရှောင်ကောင်းအား စေ့စေ့ကြည့်လိုက်ပြီး....

"မင်းဟာ ကပ်စေးနှဲတဲ့လူတစ်ယောက်လား... ဒါမှမဟုတ် လူထူးလူဆန်းတစ်ယောက်လား"

"ကျုပ်လက်ထဲမှာ ရတနာအပြည့်တည့်ထားတဲ့ သေတ္တာတစ်လုံးရှိပေမယ့် ကျုပ်မပိုင်ဘူးဗျာ... ကျုပ်က ခင်ဗျားကို ပေးချင်ပေမယ့် ပေးလို့မရဘူး"

ရှောင်ကောင်းသည် မိန်းကလေးအား ပခုံးတွန့်ပြလိုက်ပြီး—



"ကျုပ်ပြောရဲပါတယ်၊ မင်းဘယ်လိုပဲ ကြိုးစားကြိုးစား၊ ကျုပ်လက်ထဲကသေတ္တာကိုတော့ မရနိုင်ပါဘူး"

မိန်းကလေးက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ဒီသေတ္တာကိုလုယူဖို့ မလွယ်မှန်းလည်း ကျုပ်သိပါတယ်ဗျာ၊ ဒါပေမယ့်... ကျုပ်က ဆက်ပြီးကြိုးစားရမှာပဲ၊ နောက်ဆုံး ကုန်အောင်ပြောလိုက်မယ်၊ ကျုပ်အသက်သေချင်သေသွားပါစေ၊ ဒီသေတ္တာတော့ရအောင် ကြိုးစားရမှာပဲ"

"ဘာဖြစ်လို့လဲဗျ"

"ကျုပ်က သုံးရက်အတွင်းမှာ ငွေငါးသောင်းမှမရရင် ကျုပ်အသက်ရှင်နိုင်မှာ မဟုတ်ဘူးဗျာ"

သူမသည် ရှောင်ကောင်းအား ကြည့်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါကြောင့်လဲ ခင်ဗျားဆီက သေတ္တာမရရအောင် ကြိုးစားနေရတာပေါ့"

သူမသည် ပြောရင်း မျက်ရည်များတသွင်သွင်ကျဆင်းလာလေတော့သည်။

❄❄❄

"ကျုပ်ကိုကယ်ပါဗျာ၊ မင်းကြည့်ရတာ စိတ်နှလုံးကောင်းတဲ့ လူတစ်ယောက်ပါ။ ကျုပ်တစ်သက်လုံး ကျေးဇူးမမေ့ပါဘူး"

ရှောင်ကောင်းသည် စိတ်မကောင်းဖြစ်လာလေသည်။

"ခင်ဗျားက ဘာဖြစ်လို့ သုံးရက်အတွင်း ငွေငါးသောင်း ပြည့်အောင်ရှာရမှာလဲဗျ"

"ပေးစရာရှိလို့ပေါ့"

"ဘယ်သူ့ကို ပေးရမှာလဲ"

"မဟာအာမခံဌာနကိုပေးဖို့"

"ဘာကြောင့် သူတို့ကိုပေးရမှာလဲ"

"ကျုပ်ကို ကျုပ်ဇာတိအရပ်လိုက်ပို့ပေးလို့ပေါ့"

"ဟောဗျာ... သူတို့ဟာ မင်းကိုလိုက်ပို့တာ ငွေငါးသောင်း တောင်းတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"မများဘူးလား"

"နည်းတောင်နည်းတယ်လို့ ကျုပ်ထင်တယ်"

"ဘာဖြစ်လို့"

"ကျုပ်ကို ပို့ပေးဖို့လွယ်တာမှမဟုတ်ဘဲ"

"ဘာဖြစ်လို့"

"ကျုပ်ကိုလိုက်သတ်တဲ့လူတွေဟာ အလွန်ရက်စက်ကြမ်းကြုတ်တဲ့လူတွေချည်းပဲ၊ သူတို့က အသက်စွန့်ပြီးလိုက်ပို့ရမှာမို့ပါ"



သူမသည် ယင်းသို့ပြောရင်း တစ်ကိုယ်လုံးပင် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။

သူမ၏လှပသောမျက်နှာသည် ကြောက်ရွံ့ တုန်လှုပ်သည့် အမူအရာများပေါ်လွင်လာသည်။

"နေပါဦး... သူတို့ဆိုတာ ဘယ်သူတွေလဲ"

ရှောင်ကောင်းက မနေနိုင်ဘဲမေးလိုက်သည်။

မိန်းကလေးသည် ရှောင်ကောင်း၏မေးခွန်းအား လုံး၀ မကြားရသည့်အလား သူမ၏မျက်ရည်များ မထိန်းနိုင်အောင် စီးဆင်းကျလာနေရင်း....

"သူတို့က ကျွန်မကို ချမ်းသာပေးမှာမဟုတ်ပါဘူးရှင်၊ သူတို့ အချိန်မရွေး ကျွန်မကိုသတ်ပစ်ဖို့ ကြိုးစားနေကြတယ်ရှင့်"

သူမသည် ကြီးမားသော ဘေးအန္တရာယ်တစ်ခု ရောက်လာလိမ့်မည်ဟု ခံစားနေရသည်။

ယင်းခံစားမှုသည် တစ်ခါတစ်ရံ၌ အလွန်မှန်ကန်တတ်သည် မဟုတ်ပါလော။

❄❄❄

ထိုစဉ်မှာပင်....

ကျဉ်းမြောင်းသော လမ်းကြား၏ဝဲယာတစ်ဘက်တစ်ချက်တွင် လက်နက်ပုန်းများဖြင့် သူတို့အားတိုက်ခိုက်လိုက်လေသည်။

ဝဲဘက်တွင် ငွေအပ်ကလေးများဖြစ်သည်။

ယာဘက်တွင် အလင်းရောင်တန်းဝင်းလက်နေသော ဓားပါးကလေးများဖြစ်ပါသည်။

❄❄❄

ရှောင်ကောင်းသည် တုံ့ပြန်မှုအလွန်လျင်မြန်လှသော သိုင်းသမားတစ်ယောက်ဖြစ်သည်။

သို့သော်... ဤတစ်ကြိမ်၌ သူ၏တုန့်ပြန်မှုမှာ ခါတိုင်းထက်နှေးကွေးလေသည်။

သူသည် ယာဘက်လက်မှာဆွဲထားသောသေတ္တာဖြင့် ဓားပါးကလေးသုံးလက်အား ခံပေးလိုက်သည်။

မိမိလည်မျိုအား ခြေထောက်ဖြင့်ညှပ်ထားသော မိန်းကလေး၏ကိုယ်ခန္ဓာအား ယာဘက်သို့ခုန်၍ရှောင်တိမ်းလိုက်သည်။

"အွန့်"

မိန်းကလေးသည် ရုတ်တရက်မြေပေါ်သို့ ပျော့ခွေ၍ကျသွားလေသည်။



ငွေအပ်ကလေးအချို့သည် မိန်းကလေးအား ထိမှန်သွားကြလေသည်။

သူသည် မိန်းကလေးအား မကြည့်နိုင်သေးပါ။

ဝဲယာဘက်ရှိနံရံပေါ်မှ လူနှစ်ယောက်က ခုန်ထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူနှစ်ယောက်၏လှုပ်ရှားပုံအား တွေ့မြင်လိုက်ရသည်နှင့် သိုင်းပညာမညံ့သော သိုင်းသမားများဖြစ်ကြသည်ဟု ရှောင်ကောင်းအကဲခတ်မိသည်။

ထိုလူနှစ်ယောက်၏မျက်နှာသည် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များပေါ်လွင်နေ၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်သောလူက အက်ကွဲပြီးအေးစက်သောအသံဖြင့်....

"မိတ်ဆွေ၊ မင်းအသက်ငယ်ငယ်နဲ့ မသေချင်စမ်းပါနဲ့ကွ"

ရှောင်ကောင်းက ပြုံးလိုက်သည်။

"ကျုပ်ကလည်း မသေချင်သေးပါဘူးဗျ"

"ဒါဖြင့် ကျုပ်စကားနားထောင်၊ အခုကိစ္စမှာ မင်းမပါနဲ့၊ ဒီနေရာကနေ အမြန်ဆုံးထွက်သွားပါ"

"ကျုပ်က မသွားဘူးဆိုရင်ကော"

"မင်း အသက်မရှည်နိုင်ဘူးလို့ ကျုပ်က ဗေဒင်မတွက်ဘဲ ပြောနိုင်တယ်"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့်...."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျုပ်က မပါရတဲ့ကိစ္စကိုမှ ပါချင်တဲ့အကျင့်ရှိတယ်ဗျ"

"ဒါဖြင့်... ကနေ့ကစပြီး သတိသာထားနေပေတော့၊ တို့ကိစ္စ ဝင်နှောင့်ယှက်ရင် မင်းစားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရဘူးလို့ မှတ်ပါ"

ထိုလူသည် ယင်းသို့ပြောပြီး သူ့အဖော်အား အရိပ်ပြလိုက်သည်။

ထို့နောက်... သူတို့သည် နံရံပေါ်မှ တစ်ဘက်သို့ကျော်လွှား ထွက်ပြေးသွားကြလေတော့သည်။

❄❄❄

ထိုလူနှစ်ယောက်၏ကိုယ်ဖော့ပညာသည် အလွန်လျင်မြန်၍ ကျွမ်းကျင်သည်။

သို့သော်... ရောင်ကောင်းသည် သူတို့အား အမှီလိုက်နိုင်မည် ဟုယုံကြည်သည်။

သို့သော် မလိုက်တော့ပါ။ လက်နက်ပုန်းထိမှန်ခံရပြီး လဲကျ နေသည့်မိန်းကလေးအား တစ်ယောက်တည်းထားခဲ့ရန်မဖြစ်နိုင်သော ကြောင့်ဖြစ်သည်။



သူသည် လဲကျနေသောမိန်းကလေးထံသို့ လျှောက်သွားလေသည်။

မိန်းကလေးသည် သတိလစ်နေ၏။

ဒဏ်ရာကို စစ်ဆေးကြည့်လိုက်ရာ အဆိပ်ပါသောလက်နက် ပုန်း ထိမှန်ခံထားရကြောင်း သိလိုက်သည်။

ထို့ကြောင့်...

သူ့တွင် အသင့်ပါလာသောအဆိပ်ပြေဆေးကို တိုက်ကျွေးလိုက်သည်။

လောလောဆယ် အဆိပ်အတွက် စိတ်မပူရတော့ပေ။

သို့သော် မိန်းကလေးအား ဤအတိုင်းထားခဲ့ရန် မဖြစ်နိုင်ပါ။

အနည်းဆုံး... သူမ သတိပြန်ရလာသည်အထိ စောင့်ရှောက်ပေးရန်လိုအပ်လေသည်။

ထို့ကြောင့်... သူသည် မိန်းကလေးအား ပခုံးပေါ်ထမ်းတင်ပြီး ထိုနေရာမှထွက်ခွာခဲ့လေတော့သည်။

❄❄❄

"ဟင်.... ရှင်.... ရှင် မသေသေးဘူးဟုတ်လား"

မိန်းကလေးသည် ပြန်လည်သတိရလာပြီး မျက်လုံးဖွင့်ကြည့်လိုက်ရာ ရှောင်ကောင်းအား တွေ့သွား၏။

သူမ၏စိတ်ထဲတွင်....

ရန်သူများ၏လက်နက်ပုန်းဖြင့် ရှောင်ကောင်း အသက်မရှင်နိုင်တော့ဟုထင်မိသည်။

ယခု ရှောင်ကောင်းအား လူကောင်းပကတိဖြင့်တွေ့လိုက်ရသောအခါ မယုံကြည်နိုင်အောင် အံ့ဩသွားရခြင်းဖြစ်သည်။

ရှောင်ကောင်းက ပြုံးပြလိုက်ရင်း.....

"မသေသေးဘူးလို့ထင်တာပဲ"

"ဒါဖြင့် ကျွန်မလည်း မသေဘူးပေါ့"

"အင်း.... ဟုတ်လိမ့်မယ်ထင်တယ်"

"ကျွန်မက ဘာဖြစ်လို့မသေသေးတာလဲ"

သူမက အံ့ဩဟန်ဖြင့်....

"သူတို့လိုက်လာပြီပဲ၊ ကျွန်မ ဘာဖြစ်လို့မသေသေးတာလဲ"

"မင်းက ကံကောင်းလို့ ကျုပ်နဲ့လာတွေ့တာကိုး"

မိန်းကလေးသည်... ရုတ်တရက် ဒေါသချောင်းချောင်းထွက်လာသည်။

"ကျွန်မကို လူသတ်သမားတွေကလိုက်နေလို့ ခွေးဝဲစားလိုဟိုပြေးဒီပြေးပြေးနေရတာ၊ အခုလည်း အဆိပ်ရှိတဲ့လက်နက်ထိသွားသေးတယ်၊ ဒါတောင် ရှင်က ကျွန်မကို ကံကောင်းတယ်လို့ ပြောတယ်"



သူမသည်...

ရှောင်ကောင်းအား မကျေမနပ်ဖြင့် ကြည့်လိုက်ပြီး....

"ကဲ.... ပြောစမ်းပါဦး၊ ဒါဟာ ကံကောင်းတယ်လို့ ခေါ်နိုင်တာလား"

ရှောင်ကောင်းသည် ပြုံးပြရုံမှတစ်ပါး မည်သို့ပြန်လည်ချေပနိုင်မည်နည်း။

မိန်းကလေးသည်... ရှောင်ကောင်းအား အတန်ကြာ စိုက်ကြည့်လိုက်ပြန်သည်။

သူမသည် သက်ပြင်းချလိုက်သည်။

"ရှင့်သေတ္တာ ကျွန်မကို မပေးနိုင်ဘူးဆိုတာ ကျွန်မသိတယ်၊ ဒါကြောင့် ကျွန်မကိစ္စကို ဘာမှမစဉ်းစားပါနဲ့တော့"

"ဘာဖြစ်လို့"

"ကျွန်မကိစ္စဟာ ရှင်နဲ့နည်းနည်းမှမဆိုင်ဘူးမဟုတ်လား"

"အစကတော့ဟုတ်တယ်၊ အခုတော့ နည်းနည်းဆိုင်လိမ့်မယ်လို့ ထင်ပါတယ်"

မိန်းကလေးက...

"ရှင်ဘာပြောတယ်၊ ကျွန်မနဲ့ဆိုင်တယ်၊ ဟုတ်လား၊ ပြောစမ်း၊ ဘယ်လိုဆိုင်သလဲ"

ရှောင်ကောင်းသည် မည်သို့မှပြန်မပြောနိုင်ပါ။

သူသည် ယင်းကဲ့သို့သော မိန်းကလေးမျိုး...

တစ်ဦးတစ်ယောက်မျှ မကြုံတွေ့ခဲ့ဖူးပါ။

ယခင်ကလည်း မကြုံခဲ့။

နောင်လည်း ကြုံလိမ့်မည်မဟုတ်ပါ။

သို့သော်... ယခု သူသည် ရင်ဆိုင်ကြုံတွေ့နေရပြီမဟုတ်ပါလော။

❄❄❄

"ဒါက ဘယ်နေရာလဲ"

သူမသည် အခန်းအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး....

"ရှင်က ကျွန်မကို ဘာဖြစ်လို့ ဒီလိုခွေးအိပ်တဲ့နေရာမျိုး ခေါ်လာရတာလဲ"

"ဒါ ခွေးအိပ်တဲ့နေရာမဟုတ်ဘူး၊ ကျုပ်အိပ်တဲ့နေရာပါ"

ထိုမိန်းကလေးသည် သူ့အား ဝိုင်းစက်သောမျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး...

"ရှင်.... ရှင်က ဝက်နဲ့တူတယ်၊ ဉာဏ်ကလေး နည်းနည်းမှ မရှိဘူး"

ရှောင်ကောင်းမှာ ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။

"ဘာဖြစ်လို့"



"ဘာဖြစ်ရမှာလဲ... တစ်လမ်းလုံး ရှင် ဒီမှာနေတယ်ဆိုတာ သိကြတယ်၊ ရှင်က ကျွန်မကို ဒီနေရာခေါ်လာတာ လူသတ်သမားကို ဖိတ်ခေါ်နေတာနဲ့မတူဘူးလား"

မိန်းကလေး၏စကားကြောင့်...

ရှောင်ကောင်းသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

"ရှင်ပြောစမ်း၊ လူသတ်ကောင်တွေလိုက်လာပြီး ကျွန်မကို အပိုင်းပိုင်းအထစ်ထစ်ခုတ်သတ်တာကို မြင်ချင်တယ်မဟုတ်လား"

ရှောင်ကောင်းသည် ရယ်မောလိုက်သည်။

ဤကဲ့သို့သော ဇွတ်တရွတ်ပြောဆိုတတ်သောလူကို ကြုံတွေ့ရန်မှာ အလွန်ခက်ခဲလေသည်။

အထူးသဖြင့်...

ဤကဲ့သို့သော မိန်းကလေးမျိုးအား တွေ့ဆုံရန်မှာ ပို၍ခက်ခဲမည်မဟုတ်ပါလား။

❄❄❄

မိန်းကလေးသည် ပိုရှုံ့ဒါသထွက်လာသည်။

"ရှင်က ဘာရယ်နေတာလဲ၊ ဘာများရယ်စရာကောင်းလို့လဲ"

ရောင်ကောင်းသည် ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်က ဘာလုပ်ရမှာလဲ၊ ဘာလဲ၊ ကျုပ်ကငိုပြရမှာလား"

မိန်းကလေးက နှာခေါင်းရှုံ့ကာ...

"ရှင်ကဝက်ပဲ... ဝက်က ဘာငိုတတ်မလဲ... ဝက်ငိုတာ ရှင် ဘယ်တုန်းက တွေ့ဖူးလို့လဲ"

ရောင်ကောင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်သားပဲ"

ရောင်ကောင်းသည် ယခုမှပဲ... သဘောပေါက်သွားသည့် အလား...

"ဝက်က မငိုတတ်ဘူးနဲ့တူတယ်၊ ဒါပေမယ့် ရယ်လည်းရယ် တတ်မှာမဟုတ်ဘူးထင်တယ်"

မိန်းကလေးသည် ထခုန်မတတ်ဒေါသထွက်လာသည်။

"ရှင်ပြောတာမှန်တယ်၊ ရှင်က ဝက်မဟုတ်ဘူး၊ ရှင်ကလူပါ သူတော်ကောင်းပါ၊ ဒါကြောင့်... ကျေးဇူးပြုပြီး ကျွန်မကို ပြန်ပို့ပါ မြန်မြန်ပို့ပေးပါရှင်"

"ခင်ဗျားကို ကျုပ်ကဘယ်သွားပို့ပေးရမှာလဲ"

"ကျွန်မနေတဲ့နေရာပေါ့၊ အဲဒီနေရာကို သူတို့ရှာလို့တွေ့မှာ မဟုတ်ပါဘူး"



"သူတို့ရှာမတွေ့ရင် ကျုပ်ကဘယ်ရှာလို့တွေ့ပါ့မလဲဗျ"

"ရှာလို့တွေ့မယ့်လူတစ်ယောက်ရှိနေတယ်ဆိုတာ မကွေးမိဘူးလား"

"ဘယ်သူလဲဗျ"

မိန်းကလေးသည် သူမ၏နှာခေါင်းအား လက်ညှိုးဖြင့်ထိုးပြလိုက်ပြီး....

"ကျွန်မပေါ့ရှင်"

❄❄❄

အလွန်ကျယ်ဝန်းသည်ဟု မဆိုသာသော အဆောက်အဦး တစ်ခု...

ယင်းအဆောက်အဦးသည် အဆောင်လေးခန်းရှိသည်။

သို့သော်... အိမ်ထောင်ဆယ့်ခြောက်ဦးနေထိုင်ကြသည်။

ယင်းအိမ်ထောင်ဆယ့်ခြောက်ဦးတို့သည် ချမ်းသာကြွယ်ဝ သောလူများ မဟုတ်ကြပါ။

ချမ်းသာလျှင်လည်း...

ဤကဲ့သို့သောနေရာမျိုးတွင်... လာရောက်နေထိုင်ကြမည် မဟုတ်ပါ။

အကယ်၍သာ...

သင်သည် အိပ်ခန်းတစ်ခန်းတွင် အိမ်ထောင်လေးဦး မည်သို့နေနိုင်သနည်းဟု စောဒကတက်တတ်ပါလျှင်...

သင်သည် ယင်းကဲ့သို့သော အဆောက်အဦးသို့ ကိုယ်တိုင်လာရောက်လေ့လာသင့်သည်။

အိုးအိမ်ပိုင်မရှိသော ဆင်းရဲသားများသည် မည်ကဲ့သို့ စိတ်ဆင်းရဲကိုယ်ဆင်းရဲနေထိုင်ကြသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ရလိမ့်မည်ဖြစ်ပါသည်။

❄❄❄



ရက်မကြာမီက ဖြစ်သည်။

ညှိုရှုပ်ထွေးနေသော အဆောက်အဦးပိုင်ရှင်က မျက်လှည့်ဆရာပမာ အိမ်ထောင်ဆယ့်ခြောက်ဦးမှဆယ့်ခုနစ်ဦးအထိ ပြောင်းလဲလိုက်ပြန်၏။

အဆောက်အဦး၏နောက်ဘက်ရှိ မီးဖိုခန်းအား ပျဉ်ပြားဖြင့်အလယ်၌ကာရံထားပြီး အခြားမြို့မှလာသော လူတစ်ယောက်အားငှားလိုက်ပြန်လေသည်။

ထိုလူသည် စုတ်ပြတ်နေသော ဦးထုပ်ဆောင်းလေ့ရှိသော မုတ်ဆိတ်မွေးနှင့်လူဖြစ်ပါသည်။

မုတ်ဆိတ်မွေးအတုများ ဖြုတ်ထားသော မိန်းကလေး နေထိုင်သော အခန်းအား တွေ့မြင်လိုက်ရသောအခါ ရှောင်ကောင်းသည် ပြုံးမိလိုက်လေသည်။

"ဟဲ.... ဟဲ.... ဟဲ....၊ ခင်ဗျားနေထိုင်တဲ့ဂေဟာက ကျုပ်နေတဲ့ခွေးနေရာထက်တောင် ဆိုးနေပါလားဗျ"

သို့သော်... သူသည် စကားဆက်မပြောတော့ပါ။

အကြောင်းမှာ...

မိန်းကလေးသည် သူမ၏အခန်းသို့ ရောက်လာသည်နှင့် ချက်ချင်းပင် သတိမရဖြစ်သွားပြန်လေသည်။

ရှောင်ကောင်းသည် မိမိ၏အဆီပ်ဖြေဆေးအား အလွန် ယုံကြည်စိတ်ချသည်။

ယခုမှာမူ...

မိန်းကလေး၏ဒဏ်ရာမှ အဆိပ်သည် ပြန်လည်အစွမ်းပြလာနေသဖြင့် မိန်းကလေးသည် လုံးဝသတိမရတော့ချေ။

အဆိပ်များသည် သွေးထဲသို့ရောက်သွားနေပြီလော ဟူ၍လည်း တွေးမိလေသည်။

မည်သို့ဆိုစေ....

ရောင်ကောင်းသည် သူမအား ပစ်ထားရန်မဖြစ်တော့ပါ။

သူသည် သူမအား စောင့်ရှောက်ရဦးမည်မဟုတ်ပါလော။

❄❄❄

သူမ၏အခြေအနေမှာ စိုးရိမ်ဖွယ်ရာဖြစ်နေ၏။

တစ်ခါတစ်ရံသတိရပြီး တစ်ခါတစ်ရံသတိလစ်တတ်သည်။

သတိလစ်သောအခါ သူသည် ကြောက်မက်ဖွယ်ရာစကားများကိုသာပြောလေသည်။

သတိရလာသောအခါ၌ သူမသည် အားနည်းသော မျက်လုံးများဖြင့် ရောင်ကောင်းအား ငေး၍ကြည့်နေတတ်သည်။

သူမ၏ဟန်မူရာမှာ ရောင်ကောင်းက သူမအား စွန့်ခွာသွား



မည်ကို စိုးရိမ်နေပုံရသည်။

ရောင်ကောင်းသည် မည်သို့မျှမတတ်နိုင်တော့ပါ။

သူသည် သူမ၏အနီး၌ထိုင်၍ သူမအား စောင့်ရှောက်နေရပေတော့သည်။

ခါတိုင်း ခေါက်ဆွဲစားရသည့်အချိန်ကိုပင် သတိမရတော့။

အစားအစာများဝယ်ယူပြီး...

သူမ၏နံဘေး၌သာ ထိုင်၍စားရပြီး....

အိပ်ချင်သောအခါ... သူမ၏အနီး၌ ကုလားထိုင်တစ်လုံးဖြင့် ထိုင်၍ငိုက်ရလေသည်။

သူသည် ကိုယ့်ကိုယ်ကိုအံ့ဩမိလေ၏။

ဤမိန်းကလေးသည် မိမိနှင့် သိကျွမ်းခဲ့သည့်မဟုတ်ပါ။

သူက အဘယ်ကြောင့် ဤမိန်းကလေးအတွက် သံယောဇဉ်ကြီးနေရပါသနည်း။

ထိုမိန်းကလေးသည် အလွန်လှပချောမောသောမိန်းကလေးတစ်ယောက်ဖြစ်သည်။

ရောင်ကောင်းသည် သူမ၏မျက်နှာအား အဝတ်ဖြင့် သန့်စင်ပေးလိုက်သောအခါ...

ထိုမိန်းကလေးသည် အလွန်လှပလာသည်ကို တွေ့ရှိလိုက်ရခြင်းဖြစ်သည်။

ဤသို့ဆိုလျှင်...

ရှောင်ကောင်းသည် ထိုမိန်းကလေးအား မေတ္တာရှိနေပြီဟု ဆိုရတော့မည်လော....။

ကိုယ့်ကိုယ်ပင် ဝေခွဲ၍မရနိုင်တော့ပါ။

သူ၏တစ်သက်တာတွင် မည်သည့်မိန်းကလေးနှင့်မျှ အကျွမ်းတဝင်နေထိုင်ခဲ့ခြင်း မရှိခဲ့ဘူးပါ။

မိန်းမတွေကိုလည်း သူက အရေးထားသည်မဟုတ်ပါ။

သူ၏အသည်းနှလုံးများသည် မိန်းကလေးအတွက်မရှိဟု သူယူဆခဲ့သည်။

ယခုမှာမူ သူ၏အယူအဆသည် လွဲချော်သွားပြီလော။

လူသားတို့တွင် တစ်ယောက်နှင့်တစ်ယောက်ဖြစ်ပွားနေသော မေတ္တာတရားများကို မည်သူကမှ နားလည်နိုင်ကြမည်မဟုတ်ပါ။

❄❄❄



နှစ်ရက်....

သို့မဟုတ် သုံးရက်ခန့် အချိန်များကုန်ဆုံးသွားလေပြီ။

ရှောင်ကောင်းသည် မိန်းကလေးအနီးတွင် တစ်ဖဝါးမခွာ အစားပျက် အအိပ်ပျက်အောင် စောင့်ရှောက်ပေးရသည်ကို အနည်းငယ်မျှ ညည်းညူခြင်းမရှိပါ။

ကျေကျေနပ်နပ်ဖြင့် အချိန်ကုန်စောင့်ရှောက်နေ၏။

ယခုရက်များတွင်... မိန်းကလေးသည် သူ့အား စကားတစ်ခွန်းမှမပြောပါ။

သို့သော်... သူမ၏မျက်ဝန်းအစုံသည် ရှောင်ကောင်းအား သူမ၏အချစ်ခင်ဆုံး၊ အားအကိုးရဆုံးသော လူတစ်ယောက်အဖြစ် အသိအမှတ်ပြုသည့် အရိပ်အယောင်များ ပေါ်လွင်နေလေသည်။

ရှောင်ကောင်း၏ရင်ထဲမှာလည်း မိန်းကလေးအပေါ် ဖော်မပြနိုင်သောခံစားမှုတစ်မျိုးကို ခံစားနေရသည်။

အကယ်၍သာ...

မိန်းကလေးက သူ့အား သူမနှင့်ယခုကဲ့သို့ တစ်သက်လုံးနေထိုင်သွားရန်တောင်းဆိုခဲ့ပါမူ...

သူသည် ငြင်းပယ်မည်မဟုတ်ဟု ယုံကြည်ပါသည်။

❄❄❄

တစ်နေ့....

ရှောင်ကောင်း အိပ်ငိုက်ရာမှနိုးလာသောအခါ **သူမသည်** သူ့အား တိတ်ဆိတ်စွာကြည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

သူမသည် သူ့အား အတန်ကြာစိုက်ကြည့်ပြီးနောက်....

"ရှင်လည်း ပင်ပန်းလှပြီ၊ ကျွန်မအနားမှာ လာအိပ်ပါလားရှင်"

သူမ၏အသံသည် ချိုလွင်သည်။

ပျော့ပျောင်းသည်။

ရှောင်ကောင်းသည် စဉ်းစားခြင်းမပြုဘဲ သူမ၏နံဘေးတွင် ဝင်ရောက်အိပ်လိုက်လေသည်။

ပင်ပန်းလွန်း၍လားမသိ။

သူသည် လဲလျောင်းလိုက်သည်နှင့် ချက်ချင်းပင် အိပ်ပျော်သွားလေတော့သည်။

❄❄❄



အိပ်ပျက်ရသောညပေါင်းများနေသဖြင့် ရှောင်ကောင်းသည် နှစ်ခြိုက်စွာအိပ်ပျော်သွားသည်။

မည်မျှကြာသွားမှန်းမသိ... သူအိပ်ရာမှနိုးလာသောအခါ ညနေဆည်းဆာအချိန်ပင် ရောက်နေလေသည်။

သူ၏အနီးတွင်အိပ်နေသော မိန်းကလေးသည် **ရေမိုးချိုး၍** အဝတ်အစားများပင် လဲပြီးဖြစ်သည်။

သူမသည် သူထိုင်ခဲ့သောကုလားထိုင်ပေါ်၌ထိုင်ကာ သူ့အား တိတ်ဆိတ်စွာငေး၍ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

❄❄❄

ပြတင်းပေါက်အပြင်ဘက်မှလှမ်းကြည့်လိုက်လျှင်...

ကောင်းကင်တစ်ခုလုံးသည် မီးခိုးရောင်များလွှမ်းနေပြီဖြစ်သည်။

ဝန်းကျင်တခွင်၌ အမှောင်ထုကစိုးမိုးလာနေပြီဖြစ်သည်။

တဟူးဟူးတိုက်ခတ်နေသောဆောင်းလေသည် ရပ်တန့်သွားပြီဖြစ်ပါသည်။

မိုးအောက်မြေပြင်တစ်ခုလုံး ငြိမ်းချမ်း၍သာယာနေသည်။

မိန်းကလေးသည် သူမ၏ရွှန်းလဲ့သောမျက်လုံးများဖြင့် ငေး
ကြည့်ရင်း....

"ရှင် ကျွန်မနာမည်ကိုသိသလားဟင်"

ဟု ရုတ်တရက်မေးလိုက်သည်။

"မသိဘူး"

"ကျွန်မနာမည်တောင်မသိဘဲနဲ့ ဘာဖြစ်လို့ ကျွန်မအပေါ်
ဒါလောက် စေတနာထားနေရတာလဲဟင်"

"ကျွန်တော်လည်း မပြောတတ်ဘူး"

ဟုတ်ပါ၏။ သူသည် အဘယ်ကြောင့် ထိုမိန်းကလေးပေါ်
တွင် ဤမျှစိတ်ဝင်စားနေသည်ကို သူကိုယ်သူပင် မဖြေတတ်ပါ။

သူမသည် ပင့်သက်မှျင်မှျင်လေးချလိုက်သည်။

"အင်း.... အမှန်ပြောရရင် ရှင်ဘယ်သူလဲဆိုတာ ကျွန်မလည်း
မသိဘူး၊ ရှင့်နာမည်လည်း ကျွန်မ လုံးဝမသိဘူး၊ ဒါပေမယ့်...."

သူမသည် ယင်းသို့ပြောပြီး သူမ၏နူးညံ့သောလက်ကလေး
ဖြင့် ရောင်ကောင်း၏မျက်နှာအား အသာအယာပွတ်ပေးရင်း....

"ဒါပေမယ့် ရှင့်အနားမှာ ကျွန်မအိပ်ဖို့တော့ နေရာပေးလိမ့်
မယ်လို့ယုံကြည်ပါတယ်ရှင်"

❄❄❄



ရောင်ကောင်းသည် အတွင်းဘက်သို့ရွှေ့လိုက်ပြီး နေရာဖယ်
ပေးလိုက်သည်။

သူမသည် သူ၏အနီး၌ လဲလျောင်းလိုက်သည်။

ထိုမှတဆင့် သူမ၏ခန္ဓာကိုယ်သည် သူ၏ထွားကြိုင်းသော
ရင်ခွင်ထဲသို့တိုးဝင်သွားလေသည်။

❄❄❄

တိတ်ဆိတ်ပြီးအေးချမ်းလှသော ဆောင်းရာသီ၏ညဝယ်...
တိတ်ဆိတ်ပြီး လူသူကင်းမဲ့သော လမ်းကလေးပေါ်တွင်...
ရောင်ကောင်းနှင့် ထိုမိန်းကလေးတို့သည်... လက်ချင်းယှက်
ကာ ထူထပ်သောနှင်းခဲများကိုနင်းကာ လျှောက်နေကြသည်။

သူတို့သည် အိမ်ရှေ့တံစက်မြိတ်အောက်၌ဖွင့်လှစ်ထားသော
စားသောက်ဆိုင်ကလေး၌ အငွေ့တထောင်းထောင်း အနံ့ကြိုင်သော
ဆိတ်သားဟင်းကို မှာ၍စားကြသည်။

သူတို့သည် အရက်မသောက်ကြပါ။

သူတို့၏ရင်ထဲ၌ဖြစ်ပေါ်နေသော မေတ္တာစိတ်သည် သူတို့
၏အသည်းနှလုံးသာမက...

သူတို့၏ခန္ဓာကိုယ်ပင်... နွေးနွေးထွေးထွေးဖြစ်ပေါ်လာနေလေသည်။

ဆိတ်သားဟင်းစားသောက်ပြီးနောက် သူတို့သည် လက်ချင်းယှက်ကြပြန်သည်။

ထို့နောက် ရှောင်ကောင်းနေထိုင်ခဲ့သော တည်းခိုခန်းရှိရာသို့လျှောက်သွားကြသည်။

ရှောင်ကောင်းသည် ထိုတည်းခိုခန်းတွင် အဝတ်အစားများကျန်ရှိခဲ့သေးခြင်းဖြစ်ပါသည်။

သူတို့သည် လမ်းထဲသို့ချိုးဝင်လိုက်သည်နှင့်....

မမှောင်လင့်သောအကြောင်းအရာတစ်ခုနှင့် ရင်ဆိုင်မိလိုက်ကြလေတော့သည်။

နွေးနွေးထွေးထွေးဖြစ်နေသော သူမ၏လက်ဝါးသည်...

ရုတ်ခြည်းဆိုသလို အေးစိမ့်သွားသည်ကို ရှောင်ကောင်းကချက်ချင်းခံစားလိုက်ရလေ၏။

တည်းခိုခန်းတံခါးသည် ပိတ်ထားပြီးဖြစ်သည်။

သို့သော်...

တည်းခိုခန်းရှေ့ရှိ... မီးအိမ်ပုံးအောက်၌ လူတစ်ယောက် ရပ်လျက်ရှိနေသည်ကို တွေ့လိုက်ရသည်။

ထိုလူသည် သစ်သားများဖြင့် ထုလုပ်ထားသည့် ရုပ်တုပမာ မလှုပ်မယှက်ရပ်လျက်နေ၏။



ရှောင်ကောင်းသည် သူမ၏အေးစက်နေသောလက်ကလေးများအား ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်ပြီး အသံအုပ်အုပ်ဖြင့်....

"စိတ်မပူနဲ့ညီမ... ဒီလူဟာ ညီမကို ရန်ရှာမယ့်လူမဟုတ်ဘူး"

"ရှင်ဘယ်လိုလုပ်သိမလဲ"

"သူက မဟာအာမခံဌာနကလူဆိုတာ ကျုပ်သိထားတယ်"

"ရှင် သေသေချာချာမှတ်မိရဲ့လား"

"အို.... ကျုပ်က လူတစ်ယောက်ကိုမှတ်သားထားရင် ဘယ်တော့မှမမေ့ဘူး"

"ဟုတ်ရဲ့လား"

ထိုစဉ်မှာပင် ထိုလူသည် ရှောင်ကောင်းထံသို့ လျှောက်လာပြီး လက်နှစ်ဖက်ဆုပ်ကာ....

"ကျွန်တော်က မဟာအာမခံဌာနကလူပါ၊ နာမည်က စွန်းတပ်လို့ခေါ်ပါတယ်"

"ထားပါတော့၊ မင်း ဒီကိုလာတာ ကျုပ်ကိုစောင့်နေတာလား"

"ဟုတ်တယ်၊ ကျွန်တော် ဒီနေရာမှာစောင့်နေတာ (၁) ရက်နဲ့ (၂)ညရှိသွားပါပြီ"

"(၂)ညနဲ့(၁)ရက် ဒီမှာနေပြီး ကျုပ်ကိုစောင့်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ အခုရက်များမှာ ခင်ဗျား ခါတိုင်းလိုတည်းခိုခန်းမှာမရှိတဲ့အတွက် ကျွန်တော် အခုလိုစောင့်မနေရင် ခင်ဗျားနဲ့လွဲ

သွားမှာစိုးရိမ်လို့ပါ"

"ကျုပ် ပြန်မလာသေးဘူးဆိုရင်"

"ကျွန်တော် ဒီမှာပဲစောင့်နေရမှာပါ"

"ဒါဖြင့် ကျုပ်က (၃)ရက်နဲ့(၃)ညမှပြန်မလာရင် မင်းလည်း (၃)ရက်(၃)ညစောင့်နေမယ်ပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့... ခင်ဗျား (၃)လမှပြန်လာရင်လည်း ကျွန်တော်က (၃)လအထိစောင့်ရမှာပဲ"

"မင်းကို ဘယ်သူကလာစောင့်ခိုင်းတာလဲ"

"သုတုံးလှိုင်ပါ"

"သုတုံးလှိုင်ဟုတ်လား"

"ဟုတ်ပါတယ်"

"သူက မင်းကို ဘာပဲခိုင်းခိုင်း မင်းလုပ်မယ်ဟုတ်လား"

"ဟုတ်ကဲ့၊ သုတုံးလှိုင်ရဲ့ အမိန့်ဟာ သံမဏိလိုတိကျမာကျော ပါတယ်၊ အခုထိ ဘယ်သူကမှ သူ့ရဲ့ အမိန့်ကို မလွန်ဆန်ရဲသေးပါဘူး"

"မင်းက ဘာဖြစ်လို့ သူ့အမိန့်ကိုနာခံရတာလဲကွ"

"ဒါတော့ ကျွန်တော်လည်းမသိပါဘူး၊ ကျွန်တော်သိတာက အမိန့်ကို တစ်သွေမတိမ်းနာခံဖို့ပါပဲ"

ရှောင်ကောင်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... သုတုံးလှိုင်ဟာ တော်တော့ကိုချီးကျူးစရာပါပဲ၊ နလုံးရည် လက်ရုံးရည်သာမက အမြော်အမြင်လဲကြီးတယ်၊ လုပ်ရည်



ကိုင်ရည်လည်း ကောင်းတယ်၊ သူက ဘာဖြစ်လို့ မဟာအာမခံဌာနရဲ့ ဌာနမှူးမဖြစ်သလဲဆိုတာ ကျုပ်ဖြင့် စဉ်းစားလို့တောင်မရဘူး"

စွန်းတပ်သည် ရှောင်ကောင်း၏စကားကို မကြားရသည့်အလား မည်သို့မှတုံ့ပြန်ခြင်းမပြုပါ။

သူသည် အင်္ကျီအိတ်ထဲမှ အနီရောင်ဖိတ်စာတစ်စောင်ကို ယူလိုက်ပြီး ရိုသေစွာဖြင့် ရှောင်ကောင်းအား ပေးလိုက်၏။

"ဆရာကြီးသုတုံးလှိုင်က ဖိတ်ခိုင်းလိုက်လို့ပါ"

"မင်း ဒီဖိတ်စာပေးဖို့ ကျုပ်ကို (၂)ညနဲ့(၁)ရက်တိတိ ဒီမှာလာ စောင့်နေတာကိုး"

"ဟုတ်ပါတယ်ခင်ဗျား"

"မင်းက ဒီဖိတ်စာကို ကျုပ်အခန်းထဲမှာသွားထားလိုက်ရင် ပြီးတာပဲမဟုတ်လား"

"ဟုတ်ကဲ့၊ ဒါပေမယ့် ဆရာကြီးသုတုံးလှိုင်က ခင်ဗျားလက် ထဲရောက်အောင်ပေးရမယ်လို့ မှာထားလို့ပါ"

"ဟုတ်ပါတယ်၊ မင်းက အခန်းထဲသွားထားရင် ကျုပ်လက်ထဲ ရောက်လိမ့်မယ်ဆိုတာ မတွေးမိဘူးလား"

"ကျွန်တော် ဘာကိုမှမတွေးမိပါဘူးခင်ဗျာ၊ ဘယ်ကိစ္စမျိုးမဆို သိပ်ပြီးတွေးနေရင် ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး"

ရှောင်ကောင်းသည် ရယ်မောလိုက်သည်။

"ဟုတ်တယ်၊ မင်းပြောတာမှန်တယ်"

သူသည် ဖိတ်စာကိုလှမ်းယူလိုက်ပြီး....

"မင်းရဲ့သဘောထားကို ကျူပ်လည်း အတုယူရဦးမယ်ဗျာ"

ဟုပြောလိုက်လေသည်။

❄❄❄

ရှောင်ကောင်းသည် ဖိတ်စာကိုမကြည့်ဘဲ ယင်းဖိတ်စာသည် ယှဉ်ပြိုင်ရန်ဖိတ်ကြားလိုက်သော ဖိတ်စာဖြစ်ရမည်ဟု ယုံကြည်လေသည်။

မှန်ပါသည်။

ထိုဖိတ်စာတွင် တိုတောင်းသောစကားလုံးများဖြင့် ရေးသားထားသည်ကိုတွေ့ရလေသည်။

အချိန်........ (၂) လ၊ လဆန်း (၁) ရက်နေ့ နံနက်။

နေရာ....... လီမျိုးကျေးရွာ၊ ကျူးအင်းဘုရားကျောင်းအနီး၊

သိမ်းငှက်မျှော်စင်အောက်။

(ပုံ) စုမားချောင်းချင်။

❄❄❄



"(၂)လ၊ လဆန်း(၁)ရက်နေ့၊ ဒီနေ့ ဘယ်နှစ်ရက်လဲ"

"ဒီနေ့ (၁)လ၊ လဆုတ် (၃၀)ရက်နေ့"

"သူချိန်းထားတဲ့နေ့က မနက်ဖြန်ပဲပေါ့"

"ဟုတ်ပါတယ်"

စွန်းတပ်သည် ရိုသေစွာဦးညွှတ်လိုက်ပြီး....

"ကျွန်တော့်ကိုသွားခွင့်ပြုပါ"

ဟုနှုတ်ဆက်ကာ ထွက်သွားလေသည်။

သူ အတော်ဝေးဝေးရောက်သွားတော့မှ....

"ခဏ"

ရှောင်ကောင်းက လှမ်း၍ဟန့်တားလိုက်၏။ စွန်းတပ်သည် ခြေလှမ်းရပ်တန့်လိုက်ပြီး ပြန်လှည့်ကြည့်သည်။

"မင်းနာမည် စွန်းတပ်လို့ခေါ်တယ်ဟုတ်လား"

"ဟုတ်ပါတယ်"

ရှောင်ကောင်း မျက်မှောင်ကုပ်လိုက်ပြီး...

"ဒါဖြင့်... စွန်းတိုးဟာ မင်းနဲ့ညီအစ်ကိုပေါ့"

"ဟုတ်ပါတယ်"

စွန်းတပ်သည် ယင်းသို့ပြောပြီး ချာခနဲလှည့်ကာထွက်သွားလေတော့သည်။

❄❄❄

အေးချမ်းလှသောညဖြစ်သည်။

အေးစိမ့်သောလေသည် တေးသွားပမာ ထက်လှသည်ဟု ထင်ရလေသည်။

ရှောင်ကောင်းသည်...

တဖြည်းဖြည်း ဝေး၍ဝေး၍သွားနေသော စွန်းတပ်အား ငေးကြည့်နေ၏။

အတန်ကြာမှ...

ရှောင်ကောင်းသ ည် မိန်းကလေးဘက်သို့လှည့်လိုက်သည်။

"ညီမ"

"ရှင်... ဘာလဲအစ်ကို"

"မင်း တစ်ခုသတိပြုမိသလား"

"ဘာများလဲအစ်ကို"

"ညီမဟာ တော်တော်ကိုလှတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ဘယ်ယောကျ်ားမဆို ညီမကို မကြည့်ဘဲမနေနိုင်ဘူး"

မိန်းကလေးသည် မည်သို့မျှပြန်မပြောဘဲ ရှောင်ကောင်း ပြောလာမည့်စကားများကိုသာ နားစွင့်နေ၏။

သူမ ထင်ထားသည့်အတိုင်း ရှောင်ကောင်းက စကားဆက်လိုက်ပြန်သည်။

"ဒါပေမယ့် စွန်းတပ်ဟာ အစ်ကိုနဲ့တစ်ချိန်လုံး စကားပြောနေပြီး ညီမကို တစ်ချက်မှလှည့်မကြည့်ဘူး"



"အဲဒါ ဘာဖြစ်လဲအစ်ကို၊ သူက ဘာဖြစ်လို့ ကျွန်မကိုကြည့်ရမှာလဲ၊ သူက မကြည့်လို့ ရှင်ကမကျေနပ်ဘူးလား"

"ဒီလိုလဲ မဟုတ်သေးပါဘူး၊ စွန်းတပ်ဆိုတဲ့လူဟာ တော်ရုံတန်ရုံယောကျ်ားတစ်ယောက်မဟုတ်ဘူးလို့ အစ်ကိုယူဆမိလို့ပါ"

"အို... ဒါတွေကို ကျွန်မစိတ်မဝင်စားဘူး... ကျွန်မ စိတ်ဝင်စားတာပြောရရင် စုမာချောင်းချင်က ရှင့်ကို ဘာဖြစ်လို့ချိန်းရသလဲဆိုတာပါပဲ"

"သူက ချိန်းတာမဟုတ်ပါဘူး၊ အစ်ကိုက သူ့ကိုချိန်းတာပါ"

"ရှင်က ဘာဖြစ်လို့ သူ့ကိုချိန်းရတာလဲ"

"စုမာချောင်းချင်တို့က အမျိုးသားသစ္စာဖောက်တွေ၊ ဒါကြောင့် အမျိုးသားသစ္စာဖောက်မှန်သမျှကို အစ်ကိုက သုတ်သင်ရမယ့်ဝတ္တရားရှိနေလို့ပါ"

သူ၏စကားမဆုံးမီ မိန်းကလေး၏လက်ကလေးများသည် အေးစက်၍လာလေတော့သည်။

❄❄❄

ရှောင်ကောင်းသည် အိပ်၍မရပါ။

သူသည် မိန်းကလေးအား စေ့စေ့ကြည့်လိုက်ပြီး....

"အစ်ကိုပြန်လာတဲ့အထိ... ညီမစောင့်နေမယ်ဆိုတာ အစ်ကို ယုံကြည်တယ်"

"ကျွန်မ ဘယ်လောက်ကြာကြာစောင့်ရမှာလဲ"

"မပြောတတ်ဘူး... ညီမအိပ်ရာကမထမီ ပြန်ရောက်အောင် ပြန်ရောက်နိုင်လိမ့်မယ်လို့ အစ်ကိုယုံကြည်တယ်"

"ကျွန်မ ဒီမှာမစောင့်ချင်ဘူး အစ်ကိုနဲ့လိုက်ချင်တယ်"

"ဘယ်ဖြစ်ပါ့မလဲညီမရယ်... ညီမဟာ မိန်းမသား၊ အစ်ကို တို့ယှဉ်ပြိုင်တိုက်ခိုက်တာကိုကြည့်ရင် စိတ်လှုပ်ရှားနေလိမ့်မယ်၊ ညီမ ကစိုးရိမ်ကြောင့်ကြနေရင် အစ်ကိုရှုံးသွားနိုင်လို့ပါ"

"ဒါဖြင့်... တခြားလူတစ်ယောက်ယောက်ကို အဖော်ခေါ်သွား ပေါ့"

"မဖြစ်နိုင်တာညီမရယ်"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲအစ်ကို"

"အစ်ကိုနဲ့အဖော်လိုက်မယ့်လူ မရှိလို့ပေါ့"

"ရှင်... အစ်ကို့မှာ သူငယ်ချင်းမိတ်ဆွေမရှိဘူးလား"

"တစ်ယောက်တော့ရှိပါတယ်၊ ဒါပေမယ့်... သူက လှယန်မှာ နေတယ်၊ သူ့နာမည်ကို ညီမလည်း ကြားဖူးမှာပေါ့"

"ဘယ်သူလဲဟင်အစ်ကို"



"ကျူမင်းပေါ့ကွ"

ရှောင်ကောင်းသည် သူပြောမည့်စကားများကိုသာ ဆက် ၍ ပြောသွားသည်။

သူမ၏မျက်နှာတွင် ထူးခြားသောဟန်မူရာများ ရုတ်တရက် ဖြစ်ပေါ်လာသည်ကို လုံးဝသတိမပြုမိပါချေ။

သူမသည် စကားတစ်ခွန်းမှမပြောဘဲ...

ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

❄❄❄

ရှောင်ကောင်းသည် မိုးလင်းမှနိုးလေ့ရှိပါသည်။

ယနေ့ည မည်သည့်အကြောင်းကြောင့်မသိ။

သူသည် ညဉ့်ဝက်လောက်က အိပ်ရာမှနိုးလာသည်။

ယခုကဲ့သို့ သူအိပ်ရာမှလန့်နိုးလာသည်မှာ စိတ်ထဲ၌ တစ်စုံ တစ်ခုကိုခံစားလိုက်ရသောကြောင့် ဖြစ်ပါသည်။

ပထမတွင်...

မိမိအဘယ်ကြောင့် အိပ်ရာမှနိုးလာသည်ကို နားမလည်ပါ။

သို့သော်... မကြာပါချေ။

သူ အဘယ်ကြောင့် အိပ်ရာမှလန့်နိုးလာသည်ကို...

သဘောပေါက်နားလည်လိုက်လေသည်။

အကြောင်းမှာ…

သူနှင့်အတူအိပ်ပျော်နေသောမိန်းကလေးကို… အိပ်ရာထဲ၌ မတွေ့ရသောကြောင့် ဖြစ်ပါသည်။

❋❋❋

ယခု…

ရောင်ကောင်းသည် မြင့်မားသောတောင်ထိပ်မှ အစအဆုံး မရှိသောချောက်ကမ်းပါးထဲသို့ ကျသွားသည့်ခံစားချက်မျိုး ခံစားလိုက် ရလေသည်။

သူ၏နှလုံးအိမ်သည် အောက်သို့ ရုတ်တရက်နိမ့်ဆင်းသွား သည်ဟုထင်ရသည်။

တစ်ကိုယ်လုံးတွင်ရှိသောခွန်အားများသည် ရုတ်တရက် ကုန် ခမ်းသွားသည့်အလား ပျော့ခွေသွား၏။

မိန်းကလေးသည် အဘယ်ကြောင့် သူ့အား စွန့်ခွာသွားရပါ သနည်း။

သူမသည် ပြန်လာပါဦးမည်လော။

သူမသည် စကားတစ်ခွန်း…



စာတစ်ကြောင်းမျှပင်…

ရေးသားထားခဲ့ခြင်း မရှိပါ။

ရောင်ကောင်း၏တစ်ကိုယ်လုံးသည် အင်အားချိနဲ့သောခံစား ချက်များကို ခံစားလိုက်ရသည်။

နောက်ဆုံး…

သူ မကျေနပ်ဆုံးမှာ… ထိုမိန်းကလေး၏အမည်ကိုပင် မသိ လိုက်ရသောကြောင့် ဖြစ်ပါသည်။

❋❋❋

## အရက်နှင့်ရေ

(၂)လ၊ လဆန်း(၁)ရက်နေ့။

လီမျိုးကျေးရွာ။

ကျူးအင်းဘုရားကျောင်း။

❄ ❄ ❄

နံနက်....

မနေ့ညက တဖွဲဖွဲကျနေသောနှင်းများသည် ယခုထိ ရပ်နားသွားခြင်းမရှိသေးပါ။

အရက်ဦး၏ခေါင်းလောင်းသံများသည် ခေါက်၍ ပြီးဆုံးသွားခဲ့ပြီဖြစ်ပါသည်။

ဘုန်းတော်ကြီးများ၏ တရားကျမ်းစာများ၊ ရွတ်ဖတ်သံများ



သည် ယာဘက်ရှိ ဘုရားခန်းမှထွက်ပေါ်လာသည်။

ယင်းဘုရားကျောင်း၏အနောက်ဘက်အဆောင်တွင် အရပ်ပေးမှခရီးသည်များ တည်းခိုနိုင်ရန် သီးသန့်အခန်းတစ်ခုရှိသည်။

ယင်းအခန်းထဲတွင် စုမာချောင်းချင်ထိုင်လျက်ရှိနေ၏။

သူသည် ဘုန်းတော်ကြီးများ၏ ဘုရားကျမ်းစာ ရွတ်ဖတ်သံများကို နားစွင့်ပြီးနောက် အခန်းထဲမှယှမ်းထွက်လိုက်၏။

ထို့နောက်...

ကောင်းကင်သို့ တစ်ချက်မော့ကြည့်လိုက်ပြီး...

သိမ်းငှက်မျှော်စင်ရှိရာသို့ လျှောက်သွားလေသည်။

သိမ်းငှက်မျှော်စင်အောက်သို့ ရောက်သွားသည်နှင့် သူ့အသင့်ဝက်ယူလာသော အရက်ဗူးအား ဗူးဆို့ဖွင့်ပြီး မော့ချလိုက်လေသည်။

သူသည် တစ်ကြိမ်မော့ချပြီးသောအခါ သုတုံးလှိုင်ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

သူသည် မတွေ့မမြင်ဟန်ဖြင့် အရက်ကိုထပ်မံမော့နေ၏။

သုတုံးလှိုင်သည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ခင်ဗျား... ဒီအချိန် အရက်သောက်နေတာ မစောလွန်းဘူးလားဗျာ"

စုမာချောင်းချင်က...

"ဘာဖြစ်လို့လဲ"

"ဒီနေ့ ခင်ဗျားရင်ဆိုင်ရမယ့်လူဟာ ဓားပညာအလွန်ထက်တဲ့

ဓားသမားတစ်ယောက်လို့ ကျုပ်ပြောရဲတယ်"

"ဒါလောက်ပဲလား"

သုတုံးလှိုင်က...

"ကျုပ်ထင်တာထက်တောင် ပိုချင်ပိုလိမ့်ဦးမယ်"

စုမာချောင်းချင်က ရယ်မောလိုက်သည်။

"ဟား.... ဟား.... ဟား....၊ အဲဒါဘာဖြစ်လဲ၊ ကျုပ်က လူမှန်း သူမှန်းမသိအောင် မူးနေတာတောင် ကျုပ်က ရှုံးမှာမဟုတ်ဘူးဆိုတာ ကျုပ်ယုံကြည်ပါတယ်ဗျာ"

သူသည် အရက်ကိုမော့လိုက်ပြီး....

"ကဲ.... ဆိုစမ်းပါဦး၊ ခင်ဗျားက ရှောင်ကောင်းဆိုတဲ့လူငယ်ကို ဘယ်လိုစီစဉ်ထားသလဲ"

သုတုံးလှိုင်သည် မလှုပ်မယှက်ရပ်နေ၏။

စုမာချောင်းချင်သည် သူ့ထံသို့လျှောက်သွားသည်။

"ကဲ.... ပြောစမ်းပါ၊ ခင်ဗျားသူ့ကို တစ်ခုခုလုပ်ထားမှာ သေချာတယ်၊ ဘယ်လိုလုပ်ထားသလဲဗျ"

သုတုံးလှိုင် ပခုံးတွန့်လိုက်သည်။

"ဘာမှမလုပ်ပါဘူး... သူ့ကိုမမျှော်လင့်တဲ့ကိစ္စလေးတစ်ခုနဲ့ တွေ့ဆုံရအောင် ဖန်တီးပေးလိုက်တာပါပဲ"

"ဘယ်လိုကိစ္စမျိုးလဲ၊ ခင်ဗျားက... ဘယ်လို ဖန်တီးပေးလိုက်တာလဲ၊ ကျုပ်နားရှင်းအောင်ပြောပြပါ"



သုတုံးလှိုင်က စုမာချောင်းချင်၏လက်မှအရက်ဗူးအား လှမ်းယူလိုက်သည်။

"လူတိုင်းလူတိုင်းဟာ မမျှော်လင့်တဲ့ကိစ္စတွေ တစ်ခုမဟုတ် တစ်ခု တွေ့ကြစမြဲမဟုတ်လား"

သူသည် အရက်ဗူးကိုမြှောက်၍ပြလိုက်ပြီး....

"အရက်ထဲကို ရေရောလိုက်တာဟာ... သဘာဝမကျဘူးလား ဗျ"

"သဘာဝကျတာပေါ့၊ အရက်ကို ရေရောသောက်တဲ့လူတွေ အများကြီးပါပဲ"

"ဟုတ်ပါတယ်... လူအချို့ကလည်း... တစ်ယောက်နဲ့တစ်ယောက်တွေ့ဆုံလိုက်တာနဲ့ ရေနဲ့အရက်ရောလိုက်သလို တစ်ခါတည်း ပေါင်းစည်းသွားတော့တာပဲ"

သုတုံးလှိုင်သည် ပြုံးလိုက်ပြီး....

"အရက်ကိုရေနဲ့ရောလိုက်ရင်... အရက်ဟာ ပေါ့သွားတတ်တယ်၊ လူလည်း ဒီလိုပဲပေါ့၊ လူတစ်ယောက်ဟာ အခြားလူတစ်ယောက်နဲ့တွေ့ဆုံမိလိုက်တာနဲ့ ပျော့ညံ့သွားတတ်ပါတယ်"

"အရက်ကို ရေနဲ့ရောလိုက်သလိုဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျားဆိုလိုတာက အရက်နဲ့တူတဲ့ရှောင်ကောင်းကို ရေနဲ့တူတဲ့ လူတစ်ယောက်နဲ့ တွေ့ဆုံဖို့ ဖန်တီးပေးလိုက်တယ်ဆိုပါတော့"

"ဟုတ်ပါတယ်"

"ဒါဆို... ရှောင်ကောင်းဟာ ပျော့ညံ့သွားပြီပေါ့"

"ဟုတ်ပါတယ်"

စုမာချောင်းချင်သည် တဟားဟားရယ်မောလိုက်သည်။

"အင်း.... ခင်ဗျားဟာ ကျုပ်အတွက်ဆို အစစအရာရာ ကြို တင်စီစဉ်ပေးတယ်၊ ဘာဖြစ်လို့လဲဗျ"

"ခင်ဗျားက မဟာအာမခံဌာနရဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်နေလို့ပေါ့ဗျာ"

သုတုံးလှိုင်သည် ယင်းသို့စကားကို တစ်လုံးချင်းပြောချလိုက် လေတော့သည်။

❄❄❄



သိမ်းငှက်မျှော်စင်....

ယခု... ရှောင်ကောင်းသည် သိမ်းငှက်မျှော်စင်သို့ ဦးတည် လျှောက်လာနေသည်။

သူသည် နှေးကွေးစွာဖြင့် တစ်လှမ်းချင်းလျှောက်သွား၏။

သူ၏လက်ထဲ၌ ဓားတစ်လက်ပါသော အထုပ်ကလေးပါရှိ လာသော်လည်း...

သူ၏ရင်ထဲ၌ ဟာတာတာဖြင့်ခံစားနေရသည်။

သူ့တွင် ဓားသာပါရှိလာသည်။

သေတ္တာပါမလာချေ။

သေတ္တာသည် မိန်းကလေးကယူသွားသောကြောင့် မဟုတ် ပါ။ မိန်းကလေးက လုံးဝမယူပါ။ သေတ္တာသည် သူ၏အခန်းထဲ၌ထား ခဲ့ခြင်းဖြစ်ပါသည်။

သူသည် မည်သည့်အချိန်က စလာပြီး မည်သည့်နေရာသို့ ရောက်နေမှန်းမသိပါ။ သူသည် ရှေ့သို့ခေါင်းမော့ကြည့်လိုက်တော့မှ မြင့်မားသောမျှော်စင်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ထို့ပြင် မျှော်စင်အောက်၌ စုမာချောင်းချင်နှင့်သုတုံးလှိုင်တို့ ရပ်လျက်နေသည်ကို တွေ့လိုက်ရလေတော့သည်။

❄❄❄

အနက်ရောင်နှင့်… အဖြူရောင် အဝတ်အစားများဝတ်ဆင်လျက် အဖြူရောင်နှင့်အနက်ရောင်များ ကွဲပြားခြားနားစွာပိုင်ဆိုင်သော စုမာချောင်းချင်သည်…

သူ့အား မြင်တွေ့လိုက်ရသူတိုင်း တိကျပြတ်သားသည့် ခံစားချက်များကို ခံစားလိုက်ရတတ်လေသည်။

မည်သူမဆို…

သူ့အားတွေ့မြင်လိုက်ရသည်နှင့်… ကြည်ညိုလေးစားသည့် စိတ်များ တဖွားဖွားပေါ်ပေါက်လာတတ်ပေသည်။

ထို့ကြောင့်လားမသိ…

သုတုံးလှိုင်သည် စုမာချောင်းချင်အား ထိပ်ဆုံးနေရာသို့ ပေးထားရခြင်းဖြစ်သည်။

ရှောင်ကောင်းသည် စုမာချောင်းချင်ထံသို့ တစ်လှမ်းချင်းလှမ်းသွားသည်။

သူသည် စုမာချောင်းချင်နှင့် မျက်နှာချင်းဆိုင်နေရာသို့ရောက်ရှိသွားသောအခါ ခြေလှမ်းကိုရပ်တန့်လိုက်လေ၏။

"မင်းက ရှောင်ကောင်းဟုတ်လား"

"ဟုတ်တယ်"

စုမာချောင်းချင်သည်… ရှောင်ကောင်းအား သေသေချာချာကြည့်လိုက်သည်။

ရှောင်ကောင်း၏မျက်နှာ ဟန်မူရာတို့ကိုကြည့်လိုက်၏။



ရှောင်ကောင်း၏ ရပ်နေသောဟန်ပန်ကို ကြည့်လိုက်မိပြန်သည်။ သူသည် အတန်ကြာကြည့်ပြီးနောက်…

ရုတ်တရက်…

ချာခနဲလှည့်ကာ ထိုနေရာမှထွက်သွားလေတော့သည်။

သုတုံးလှိုင်သည် သူ့အားဟန့်တားခြင်းမပြုပါ။

သို့သော်…

ရှောင်ကောင်းသည် စုမာချောင်းချင်သွားရာလမ်းသို့ ပြေးလွှားကာ ရှေ့မှဟန့်တားလိုက်လေသည်။

"ခင်ဗျား ဘာဖြစ်လို့ထွက်သွားရတာလဲ"

"မင်းကို ငါမသတ်ချင်လို့ပေါ့၊ မင်းနားလည်ထားဖို့က ကျုပ်နဲ့ယှဉ်ပြိုင်ပြီး ရှုံးသွားတဲ့လူဟာသေရမယ်ကွ"

သူသည် ရှောင်ကောင်းအား စေ့စေ့ကြည့်လိုက်ပြီး အေးတိအေးစက်လေသံဖြင့်….

"မင်း ရှုံးမယ်ဆိုတာ တစ်ထစ်ချတွက်ထားဖို့ကောင်းတယ်"

ရှောင်ကောင်းက နားမလည်နိုင်ဟန်ဖြင့်…

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲ၊ မင်းဟာ အသက်ရှင်နေပေမယ့် စိတ်ကသေနေတဲ့လူတစ်ယောက်ဖြစ်နေပြီပဲ"

စုမာချောင်းချင် ဆိုလိုသည်ကို ရှောင်ကောင်းက နားမလည်နိုင်ပါ။

စိတ်ဓာတ်အလွန်ကျဆင်းနေသော လူတစ်ယောက် (ဝါ) စိတ်နှလုံးထိခိုက်နေသောလူတစ်ယောက်သည် လက်တွေ့ဖြစ်ရပ်များ၊ အခြေအနေများကို မည်သည့်နည်းနှင့်မျှ နားလည်သဘောပေါက်နိုင်မည်မဟုတ်ပါ။

ရှောင်ကောင်းသည် ခေါင်းရှုပ်နေသည်။

သူသည် သူ၏ဓားထည့်သော အထုပ်ကို ဖြေနေလေသည်။

❄❄❄

စုမာချောင်းချင်၏ခြေလှမ်းသည် ရပ်တန့်သွားပြီဖြစ်ပါသည်။

သူသည် သုတုံးလှိုင်အား လှည့်၍ပင်မကြည့်ပါ။

သုတုံးလှိုင်ကလည်း... သူ့ကိုမကြည့်ဘဲ အဝေးသို့ငေး၍ကြည့်နေသည်။

စုမာချောင်းချင်၏မျက်လုံးအစုံသည် ဝမ်းနည်းကြေကွဲသည့်အရိပ်အယောင်များပေါ်လွင်နေသည်။

သူသည် ထိုလူငယ်အား မသတ်လိုပါ။

သို့သော်... အခြေအနေအရ သူသည် မသတ်၍မဖြစ်ပါ။

ယင်းလူငယ်သည်...



စိတ်ဓာတ်အလွန်ကျနေသည့်အတွက် မိမိအား မည်သို့မျှ ယှဉ်ပြိုင်မည်မဟုတ်ဟု သူသိထားသည်။

သို့သော် ထိုလူငယ်သည် မိမိ၏အခြေအနေကို လုံးဝရိပ်စားမိဟန်မပေါ်ချေ။

သူသည် သူ၏ဓားကိုသာ ဆွဲထုတ်ရန်ကြိုးစားနေလေသည်။ အကယ်၍ ရှောင်ကောင်းကဆွဲထုတ်လိုက်လျှင် စုမာချောင်းချင်သည် သူ့အား သတ်ပစ်ရုံမှတစ်ပါး မည်သို့မှရှောင်လွှဲ၍မရပါ။

ထို့ကြောင့် သူသည် ရှောင်ကောင်းအတွက် စိတ်မကောင်းဖြစ်နေသည်။

❄❄❄

ရှောင်ကောင်းသည် အထုပ်အားဖြေလိုက်ပြီဖြစ်သည်။

စုမာချောင်းချင်၏လက်သည် ခါးတွင်ချိတ်ထားသော ဓားထံသို့ ရောက်သွားပြီဖြစ်လေသည်။

ထိုစဉ်မှာပင်... လူရိပ်တစ်ခုသည် မှော်စင်၏နောက်ကွယ်မှ လျှင်မြန်စွာပြေးလွှားလာပြီး ရှောင်ကောင်းအား ပခုံးပေါ်သို့ဆွဲတင်ပြီး ပြေးလွှားသွားလေတော့သည်။

❄❄❄

စုမာချောင်းချင်သည် မလှုပ်မယှက်ရပ်နေသည်။

သုတုံးလှိုင်ကလည်း အေးတိအေးစက်ရပ်နေသည်။

စုမာချောင်းချင်သည် သုတုံးလှိုင်အား လှည့်၍ကြည့်လိုက်လေသည်။

သုတုံးလှိုင်သည် အေးတိအေးစက်ဖြစ်သောလေသံဖြင့်....

"မင်းက သူ့ကိုသတ်ချင်တဲ့ဆန္ဒမှမရှိဘဲ၊ သွားပါစေပေါ့ကွာ"

ဟု တစ်လုံးချင်းပြောချလိုက်လေသည်။

❄❄❄

နှင်းများသည် ကျဆင်းနေရာမှရပ်တန့်သွားပြီဖြစ်ပါသည်။

နှင်းများနှင့်လေများသည်... ဤအတိုင်းဖြစ်တတ်လေ့ရှိပါသည်။ တစ်ခါတစ်ရံ ရုတ်တရက်ရောက်လာပြီး တစ်ခါတစ်ရံ... ရုတ်တရက်ပျောက်ကွယ်သွားတတ်သည်။

တစ်ခါတစ်ခါ... တဖွဲဖွဲကျရောက်ပြီး.... တစ်ခါတစ်ခါ ရပ်တန့်သွားတတ်ပါသည်။

လူသားတွေကော ဤအတိုင်းပင်မဟုတ်ပါလော။

❄❄❄



စုမာချောင်းချင်သည် သူ၏သီးသန့်အခန်းတွင် ငြိမ်သက်စွာထိုင်နေသည်။

သူသည် အရက်ကိုအေးဆေးစွာသောက်နေ၏။

သုတုံးလှိုင်ရောက်လာသည်ကိုပင် လှည့်မကြည့်ပါ။

အရက်သုံးခွက်မျှ မော့ချသောက်လိုက်ပြီးမှ....

"ဟိုလူကဘယ်သူလဲ"

ဟုမေးလိုက်လေသည်။

သုတုံးလှိုင်က...

"ဘယ်သူ့ကိုမေးနေတာလဲ"

ဟု ပြန်မေးလိုက်၏။

စုမာချောင်းချင်သည် မဲ့ပြုံးပြုံးလိုက်လေသည်။

"ကျုပ် ဘယ်သူ့ကိုမေးတယ်ဆိုတာ... ခင်ဗျားသိပါတယ်၊ ခင်ဗျားက လိုက်မသွားဘဲ နေတာဟာ... သူ့ကိုကြောက်ရွံ့နေတယ်လို့ ကျုပ်ယူဆတယ်"

သုတုံးလှိုင်က စားပွဲအနီးသို့လျှောက်လာသည်။

အရက်တစ်ခွက်ငှဲ့လိုက်ပြီး အရက်ကို စိုက်ကြည့်လိုက်ပြီးမှ....

"သိုင်းလောကမှာ ကျော်ကြားနေတဲ့... သိုင်းသမားတွေဟာ ကိုယ်အထူးကျွမ်းကျင်တဲ့ပညာရပ်တစ်ခုစတော့ ရှိကြတာချည်းပါပဲ၊ ဒါကြောင့်... အဆင့်မြင့်တဲ့ သိုင်းပညာရှင်အချင်းချင်း ရင်ဆိုင်ယှဉ်ပြိုင်တဲ့အခါမှာ အရှုံးအနိုင်ကို... လက်ရှိအခြေအနေ၊ ပတ်ဝန်းကျင်အနေ

အထားအပေါ်မှာ အများကြီးမူတည်နေပါတယ်၊ ဒါကြောင့်....”

သူသည် အရက်တစ်ခွက်အားမော့ချလိုက်ပြီး....

“လုံးဝပြိုင်ဘက်ကင်းတဲ့သိုင်းသမားဆိုတာ... လုံးဝမရှိသလောက်ပါပဲ”

“လုံးဝမရှိဘူးလား၊ ဒါမှမဟုတ် လုံးဝမရှိသလောက်ပဲလား”

“ကျုပ်လည်း တိတိကျကျမပြောတတ်ပါဘူး၊ ဒါပေမယ့်....”

စုမာချောင်းချင်က နားစွင့်နေသည်။

“ဒါပေမယ့် အမည်မသိတဲ့လူတစ်ယောက်ဟာ အလွန်ထူးဆန်းတဲ့လက်နက်တစ်မျိုးကို ပိုင်ဆိုင်ထားတယ်၊ အဲဒီလူကို ဘယ်သူမှ ယှဉ်ပြိုင်လို့ရမှာမဟုတ်ဘူးဆိုတာ လူတစ်ယောက်ဆီက သတင်းကြားခဲ့ရတယ်”

ထိုစကားကြောင့်....

စုမာချောင်းချင်းက စိတ်ဝင်စားလာသည်။

“ဘယ်သူလဲ”

ဟုစိတ်ဝင်စားစွာမေးလိုက်သည်။

သုတုံးလှိုင်က...

“သူ့နာမည်က ရှီလေရှဲလို့ပြောတယ်”

❄❄❄



ရှီလေရှဲ....

စုမာချောင်းချင်သည်... ထိုအမည်အား တိုးညှင်းစွာ ရေရွတ်လိုက်သည်။

“သူက ဘယ်သူလဲဗျာ၊ ခင်ဗျားသူ့ကိုတွေ့ဖူးပါသလား”

စုမာချောင်းချင်က အရက်တစ်ခွက်ထပ်မံထည့်ရင်း... သုတုံးလှိုင်အား မေးလိုက်သည်။

“မတွေ့ဖူးဘူး၊ ဘယ်သူကမှ သူ့ကိုမတွေ့ဖူးဘူး”

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားကို ဆက်လိုက်ပြန်လေသည်။

“သူ့ကိုတွေ့မြင်ဖူးသည့်တိုင်အောင် သူဟာ ရှီလေရှဲလို့ သိကြမှာမှမဟုတ်ဘဲ”

❄❄❄

ရှောင်ကောင်းသည် ဓားယူရန် အထုပ်ကိုဖြေနေစဉ်မှာပင် သူသည် ရုတ်တရက်အိပ်ပျော်သွားသည်ဟုထင်ရလေသည်။

ယခု…

သူသတိရလာပြီဖြစ်သည်။

မိမိအား တစ်စုံတစ်ယောက်က အိပ်ဆေးအား ပိတ်လိုက်ခြင်းကြောင့်….

ရုတ်တရက် အိပ်ပျော်သွားခြင်းဖြစ်သည်ကို သူနားလည်လိုက်လေသည်။

သူသည် ကောင်းစွာသတိရလာသောအခါ အသံတိုးတိုးဖြင့် တေးသံတစ်သံကို ကြားလိုက်ရလေတော့သည်။

သူသည် ထိုတေးသံကိုနားစွင့်လိုက်၏။

"သူရဲကောင်း… သူရဲကောင်း… နယ်ချဲ့ကျူးကျော်လာသောရန်သူကို… သင်၏သွေးဖြင့်တွန်းလှန်ပါလော….

သူရဲကောင်း… သူရဲကောင်း…

အမိနိုင်ငံကျဆုံးသွားလို့ ထိုင်ငိုပြီးငိုမနေပါနဲ့…

သူရဲကောင်းရဲ့မျက်ရည်သည် မြေမခသင့်ပါ"

❋❋❋



လေသည် တဟူးဟူးနှင့် အပြင်းအထန်တိုက်ခတ်နေသည်။

ရာသီဥတုသည်….

ခိုက်ခိုက်တုန်လောက်အောင် ချမ်းတုန်နေလေသည်။

သူတို့သည် သိမ်းငှက်မျှော်စင်အပေါ် ဆုံးသုံးထပ်သို့ ရောက်ရှိနေသောကြောင့်…

ယခုကဲ့သို့ လေနှင့်အအေးဒဏ်ကိုခံနေရခြင်းဖြစ်ကြသည်။

ရှောင်ကောင်းသည် လက်ကလေးအား နွေးနွေးထွေးထွေးဖြစ်စေရန် အင်္ကျီထဲသို့လျှိုထားလေသည်။

တေးဆိုနေသောလူမှာ မီးခိုးရောင်ဝတ်ဆင်ထားသော လူတစ်ယောက်ပင်ဖြစ်နေသည်။

"ခင်ဗျားကိုး၊ နေပါဦး… ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို ဒီလိုနေရာမျိုးခေါ် လာရပြန်တာလဲကွ"

"မင်းကို ဒီလိုမှခေါ် မလာရင်… မင်းဟာ လူသေအလောင်းတစ်လောင်းအဖြစ် ကျုပ်ကတွေ့ရတော့မှာပေါ့"

"ဘာလဲ… ကျုပ်ကို လူသေအလောင်းဖြစ်သွားမယ်လို့ ဆိုလိုတာလား"

"ဆိုလိုတာမဟုတ်ဘူး၊ မင်းကိုငါ မခေါ် လာရင် မင်းဟာ အသက်ရှင်ချင်မှရှိတော့မှာ"

"ကျုပ်က ဘာဖြစ်လို့အသက်မရှိရမှာလဲ"

ရှောင်ကောင်းက ဘဝင်မကျနိုင်ဟန်ဖြင့်ပြောလိုက်၏။

ထိုလူက...

"မင်းက ဓားကိုဆွဲထုတ်လိုက်တယ်မဟုတ်လား"

"အဲဒါ ဘာဖြစ်သလဲ"

"မင်းသာ ဓားကိုဆွဲထုတ်ရင် စုမာချောင်းချင်ကလည်း မင်းကို မသတ်ချင်ဘဲသတ်ရမှာပေါ့"

ရှောင်ကောင်း ခံပြင်းသွားသည်။

"ကျုပ်ကို ဒါလောက်ပဲညံ့တယ်လို့ယူဆသလား"

"မင်းရဲ့ ဓားပညာဟာ မခေပါဘူး၊ စုမာချောင်းချင်နဲ့ယှဉ်ပြိုင်ရင် မရှုံးနိုင်လောက်ဘူး၊ ဒါပေမယ့် ဒီနေ့တော့ မင်းကောင်းကောင်းရှုံးမယ့်အပြင် သူ့ဓားချက်နဲ့မင်းသေရလိမ့်မယ်"

ရှောင်ကောင်း မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"မင်း ကနေ့စိတ်ဓာတ်ကျဆင်းနေတယ်၊ စိတ်ဓာတ်ကျဆင်းနေတဲ့လူတစ်ယောက်ဟာ... မယှဉ်ပြိုင်မီကတည်းက ရှုံးနေပြီပဲကွ၊ ဒီသဘောကို မင်းနားလည်ထားပါ"

ရှောင်ကောင်းသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

ဟုတ်ပါ၏။

ယနေ့... သူသည် မည်သည့်အရာကိုမှ စိတ်မဝင်စားပါ။

စိတ်ဓာတ်အလွန်ကျနေသည်။ အဘယ့်ကြောင့် ယခုကဲ့သို့ စိတ်ဓာတ်ကျနေသည်ကိုမူ သူ မပြောတတ်ပါချေ။



ထိုလူသည် စကားကိုဆက်လိုက်ပြန်လေသည်။

"အခု မင်းနဲ့စုမာချောင်းချင်တို့ရဲ့ ယှဉ်ပြိုင်ပွဲဟာ တရားမျှတမှုမရှိပါဘူး"

သူသည် ရှောင်ကောင်းအား တစ်ချက်ကြည့်လိုက်ပြီး...

"မင်းသဘောပေါက်ဖို့က... လူတစ်ယောက်ဟာ ဩဇာအာဏာအပြည့်အဝရှိတဲ့အခါမှာ... သူဟာ သူ့ရဲ့ပြိုင်ဘက်ကို အားနည်းသွားအောင်... ပျက်စီးသွားအောင်... ဖန်တီးနိုင်စွမ်းရှိတယ်၊ သူတို့ဖန်တီးလိုက်တဲ့လုပ်ရပ်တွေဟာလည်း... အလွန်ဝမ်းနည်းကြေကွဲစရာကောင်းတယ်၊ လူတစ်ယောက်ရဲ့ဘဝကို ဆုံးရှုံးသွားတဲ့အထိလည်း ဖြစ်သွားနိုင်တယ်"

ရှောင်ကောင်းသည်...

ထိုလူ၏ဆိုလိုသည့်သဘောကို နားလည်သဘောပေါက်လာလေသည်။

သူသည်... ခါးသီးသော သင်ခန်းစာတစ်ခုကို ကောင်းစွာရရှိခဲ့ပြီမဟုတ်ပါလော။

❄❄❄

နှင်းများသည် တဖွဲဖွဲကျနေသည်။

ရှောင်ကောင်းသည် အတန်ကြာတိတ်ဆိတ်နေရာမှ....

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကိုလိုက်ကယ်ရတာလဲဗျ"

"မင်းက ဘယ်လိုထင်သလဲ"

ရှောင်ကောင်း ပခုံးတွန့်လိုက်သည်။

"ဒါတော့ ကျုပ်ဘယ်သိမလဲ"

ထိုလူက ရှောင်ကောင်းအား စေ့စေ့ကြည့်လိုက်ပြီး...

"မင်းကရှောင်ကောင်းမို့ ကျုပ်ကယ်တာမဟုတ်ဘူး... မင်းဆီက အခွင့်အရေးတစ်ခုခုကိုလိုချင်လို့ ကယ်တာလည်း မဟုတ်ဘူး"

"ဒါဖြင့်... ဘာဖြစ်လို့လဲ"

ရှောင်ကောင်းက ပြန်မေးသည်။

"မင်းဟာ မျိုးချစ်စိတ်ရှိတဲ့လူငယ်တစ်ယောက်၊ မင်းရဲ့သိုင်းပညာအဆင့်နဲ့ဆိုရင်... မန်ချူးအာဏာပိုင်တွေဆီက ရာထူးကောင်းကောင်းတစ်နေရာ ရနိုင်တယ်၊ ဒါပေမယ့်... မင်းက ဒီလိုရာထူးမျိုးမက်ဘဲ... အပေါစားတည်းခိုခန်းမှာတည်းခိုပြီး အပေါစားခေါက်ဆွဲကိုသာစားနေတယ်၊ ဒါကြောင့်...."

"ဒါကြောင့်... ခင်ဗျားက ကျုပ်ကိုကယ်တယ်ဆိုပါတော့"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ထိုလူ၏မျက်လုံးအစုံသည် အဝေးသို့မျှော်ကြည့်ရင်း...



စကားဆက်လိုက်လေသည်။

"တို့နိုင်ငံမှာ... မင်းလိုမျိုးချစ်လူငယ်တွေ အများကြီးလိုနေတယ်၊ မင်းတို့ရဲ့အသက်၊ မင်းတို့ရဲ့သွေးတွေဟာ နိုင်ငံအတွက်ဖြစ်ရမယ်... နယ်ချဲ့လက်ပါးစေရဲ့လက်ချက်နဲ့သေရတာကိုတော့... ကျုပ်လက်ပိုက်ကြည့်မနေနိုင်ဘူး"

ရှောင်ကောင်းသည် ထိုလူ့အပေါ် ပို၍ကြည်ညိုလေးစားလာလေသည်။

ထိုလူသည် မည်သူမည်ဝါဖြစ်သည်ကို မသိရသော်လည်း...

ထိုလူသည်....

မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်ကိုမူ သံသယမရှိပါချေ။

ထိုလူသည် ထိုင်ရာမှထလိုက်သည်။

"ကဲ.... ကျုပ်သွားတော့မယ်"

သူသည် ရှောင်ကောင်းအား စေ့စေ့ကြည့်လိုက်ပြီး....

"မင်းကို တစ်ခုမှာရဦးမယ်... အခုလို... နိုင်ငံကို နယ်ချဲ့ကျူးကျော်သူတွေ ဝင်ရောက်မင်းမူနေတဲ့အချိန်မျိုးမှာ မင်းတို့လူငယ်တွေတတ်မြောက်ထားတဲ့သိုင်းပညာရပ်များကို အချင်းချင်း သူ့ထက်သူ လူစွမ်းကောင်းမလုပ်ဘဲ မျိုးချစ်သိုင်းသမားများကိုစုစည်းပြီး... နယ်ချဲ့ကျူးကျော် ဘီလူးတွေကို တိုက်ထုတ်ဖို့ကြိုးစားပါကွာ"

ရှောင်ကောင်းသည် မလှုပ်မယှက်ထိုင်နေသည်။

ရင်ထဲ၌...

ဖော်မပြနိုင်သောခံစားချက်များကို ခံစားလိုက်ရလေသည်။

ထိုလူသည် သိမ်းငှက်မျှော်စင်မှဆင်းသွားသည်။

မျှော်စင်၏အပြင်ဘက်၌ ငွေရောင်တောက်ပနေသော နှင်းများကဖုံးလွှမ်းနေ၏။

ထိုလူသည်...

သူ၏မေတ္တာနှင့်အတူ နှင်းဖွဲများတဖွဲဖွဲကျနေသည့် ကြားမှ တရွေ့ရွေ့လှုပ်ရှားကာ ပျောက်ကွယ်သွားလေတော့သည်။

❄❄❄



ရှောင်ကောင်းသည် ကျူမင်းနှင့်တွေ့ဆုံရန် ကျိနန်းမြို့သို့ ထွက်လာခဲ့သည်။

ကျိနန်းမြို့သို့ရောက်သည့်အခါ လူအုပ်ကြီးကသူ့အားဝိုင်းရံလာကြသည်။

"သူ့ကို မလွတ်စေနဲ့ သူချန်အန်းကလာတဲ့လူ၊ ခေါင်းဆောင်ကြီးကို သတ်ဖို့လာတာဖြစ်မယ်"

ခေါင်းဆောင်ဖြစ်သူက လူအပ်ကြီးကိုဟှမ်းပြောသည်။

ရှောင်ကောင်း၏လက်ဝါးတစ်ခုလုံးနှင့် ကျောပြင်တစ်ခုလုံးတွင် ဓားချွေးများစို့ရွှဲနေသည်။

ထိုလူအုပ်များသည် သူ့ထံသို့သာတိုးဝှေ့လာပါမူ သူသည် လှုပ်သာမည်မဟုတ်ဘဲ ညှပ်ပူးညှပ်ပိတ်မိသွားမည်သာဖြစ်သည်။

လူအုပ်ကြီးသည် ရှေ့သို့တဖြည်းဖြည်းတိုးဝှေ့လာနေကြသည်။ ထုံးမုန့်ရောင်းသောလူ၏လက်သည် သူ၏ခါးမှဓားပေါ်သို့ အသင့်ဆွဲထုတ်ရန် ဟန်ပြင်နေသည်။

ရှောင်ကောင်းသည် ရုတ်တရက်သဘောတရားတစ်ခုကို နားလည်လိုက်လေသည်။

ဤလောကပေါ်၌... ကြောက်မက်ဖွယ်ရာ အကောင်းဆုံးမှာ လူသာလျှင်ဖြစ်သည်။

အကယ်၍...

လူအင်အားကို စုပေါင်းနိုင်ခဲ့လျှင် ကမ္ဘာပေါ်မှာ ရှိရှိသမျှသော

အရာထက်ပင် ကြောက်မက်ဖွယ်ရာကောင်းသည်။

တစ်ခုတော့ ရှောင်ကောင်းက စိတ်သက်သာရာရနေသည်။

အကြောင်းမှာ...

ထိုလူများသည် ခြသေ့်ဂိုဏ်းမှလူများဖြစ်နေကြသည်ကို ရိပ်စားမိလိုက်သောကြောင့်ဖြစ်သည်။

ထိုလူအုပ်များသည် ကျူမင်း၏အဖွဲ့သားများပင် ဖြစ်ရမည်။

ထို့ကြောင့် သူသည် ထိုလူများအား မိမိ၏သဘောကိုရှင်းပြရန်လိုအပ်မည်ဟု ထင်လိုက်သည်။

သူသည် ထုံးမုန့်ရောင်းသောလူအား ပြုံးပြလိုက်ပြီး....

"ကျုပ်က ချန်အန်းမြို့ကလာတဲ့လူဆိုတာ မှန်ပါတယ်၊ ကျုပ်ရဲ့အထုပ်ထဲမှာ ဓားတစ်လက်ပါတယ်ဆိုတာလည်း မှန်တယ်၊ ဒါပေမယ့် ကျုပ်က ကျူမင်းကိုသတ်ဖို့လာတာမဟုတ်ဘူးဗျ"

"ဒါဖြင့်... ခင်ဗျားဘယ်သူ့ကိုသတ်မှာလဲ"

"ကျုပ်သတ်မယ့်လူဟာ ခင်ဗျားတို့သတ်မယ့်လူတွေပေါ့ဗျ၊ ဘာ ဖြစ်လို့လဲဆိုရင် ကျုပ်က ချန်အန်းကလာပေမယ့် ကျူမင်းဘက်က လူတစ်ယောက်ပါ"

"သြော်.... ဒီလိုကိုး"

"ကျုပ်နာမည်ကရှောင်ကောင်းပါ"

"ရှောင်ကောင်း ဟုတ်လား"

"ဟုတ်ပါတယ်၊ မယုံရင် ကျူမင်းကိုသွားမေးနိုင်ပါတယ်"



"မေးဖို့မလိုတော့ပါဘူး"

"ဘာဖြစ်လို့"

ထုံးမုန့်ရောင်းသောလူက လှောင်ပြုံးပြုံးလိုက်ပြီး....

"ခင်ဗျားဟာ... ကျူမင်းရဲ့မိတ်ဆွေဖြစ်တယ်ဆိုတာ ကျုပ်မသိဘူးများထင်နေသလားဗျ"

"ခင်ဗျားသိတယ်ဟုတ်လား"

"ဟုတ်တယ်၊ ဒါကြောင့်... ခင်ဗျားကိုသတ်မလို့ဗျ"

ရှောင်ကောင်း၏တစ်ကိုယ်လုံးကို ဖောချွေးများပင် ရုတ်တရက်စီးဆင်းလာလေသည်။

သူသည် ထိုလူကိုစေ့စေ့ကြည့်နေ၏။

ထိုလူအား သူ မမှတ်မိပါ။

သို့သော် ဒီရေပမာ ရွေ့လျားတိုးဝှေ့လာနေသောလူအုပ်ကို သူ မည်သို့မှတွန်းလှန်နိုင်စွမ်းမရှိပါ။

ထိုထုံးမုန့်ရောင်းသောလူအား သူက အသေသတ်နိုင်စွမ်းရှိသည်ဟု ယုံကြည်သည်။

သို့သော်... ထိုလူအုပ်သည် သူ့အား အပိုင်းပိုင်းအထစ်ထစ် ခုတ်ထစ်နိုင်သည်ကိုလည်း တွေးမိသည်။

ထုံးမုန့်ရောင်းသောလူသည် သူ့အား ကောက်ကျစ်စဉ်းလဲစွာ ပြုံးပြလိုက်ပြီး....

"ကဲ.... ခင်ဗျားအထုပ်ထဲကဓားကို ထုတ်တော့လေ"

ဟု စိန်ခေါ်လိုက်လေသည်။

ရှောင်ကောင်းသည်...

မည်သို့ပြုလုပ်ရမည်ကို မသိရသေးမီမှာပင်...

ရုတ်တရက်...

သူ၏ခေါင်းပေါ်သို့ ကြိုးတစ်ချောင်းကျလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❄❄❄



ဤကြိုးသည် သူ၏လည်ပင်းအားစွပ်မည့် ကြိုးကွင်းလော။

သူ မသိပါ။

စဉ်းစားချိန်လည်း မရပါ။

ရေနစ်နေသောလူတစ်ယောက်သည် မည်သည့်အရာကိုမဆို တွေ့ရှိလိုက်သည်နှင့် ဆုပ်ကိုင်လိုက်စမြဲမဟုတ်ပါလော။

❄❄❄

ယခု...

ရှောင်ကောင်းသည် ထိုကြိုးကွင်းကျလာသည်ကို တွေ့မြင်လိုက်ရသည်နှင့်...

စဉ်းစားဆင်ခြင်ခြင်းမပြုတော့ဘဲ...

ဖမ်းဆုပ်လိုက်လေသည်။

တစ်ချိန်တည်းမှာပင်...

သူ၏ခန္ဓာကိုယ်မှာလည်း...

အပေါ်သို့ မြောက်တက်သွားလေသည်။

ကြိုးသည် လမ်းကြားထဲမှထွက်သွားနေ၏။

ရှောင်ကောင်း၏ခန္ဓာကိုယ်မှာလည်း...

လူအုပ်၏ခေါင်းပေါ်မှ ကျော်၍သွားနေလေသည်။

သူ၏ခန္ဓာကိုယ် အပေါ်သို့မြောက်တက်သွားတော့မှ...

လူတစ်ယောက်သည်...

လမ်း၏ဝဲဘက်အိမ်ခေါင်မိုးပေါ်တွင်...

ကြိုးစကိုဆွဲ၍ပြေးနေသည်ကို...

တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူကို တွေ့မြင်လိုက်သည်နှင့်...

ရှောင်ကောင်းသည် ဝမ်းသာအားရဖြစ်သွားသည်။

ထိုလူကား...

ကျူမင်း၏လူယုံတော်သံဖိနပ်ပင်ဖြစ်ပါသည်။

❄❄❄

အောက်မှ လူအုပ်ကြီးသည် ဆူဆူညံညံဖြစ်နေသည်။

"လိုက်ကြစမ်းပါ၊ အသေသတ်ပစ်လိုက်ကြစမ်းပါ"

လူအုပ်ထဲမှ အက်ကွဲသောအသံတစ်သံက အမိန့်ပေးနေ၏။ လူအုပ်ကြီးသည် ရှောင်ကောင်းပျံဝဲထွက်သွားရာနောက်သို့ တစ်ဟုန်ထိုးလိုက်လာကြသည်။

သို့သော်...

သူတို့သည် အချင်းချင်းတိုက်မိညပ်မိနေသဖြင့်...



မည်သူကမှ...

ရှောင်ကောင်းထံသို့ လွတ်လွတ်ကျွတ်ကျွတ် ပြေးလိုက်နိုင်ခြင်းမရှိကြပါ။

အချင်းချင်းတိုက်မိခိုက်မိကြသဖြင့် စကားများနေကြသည်။

ဤသို့ဖြင့်...

ရှောင်ကောင်းသည် လူအုပ်၏ဘေးရန်မှလွတ်မြောက်လာခဲ့လေတော့သည်။

❄❄❄

"ရှောင်... ဟောဟဲ... ရှောင်ကောင်း၊ ခင်ဗျားလာလိမ့်မယ်လို့ ဟောဟဲ... ကျွန်တော်မထင်မိဘူးဗျာ"

သံဖိနပ်သည်...

လူတစ်ယောက်၏ခန္ဓာကိုယ်အား ကြိုးဖြင့်ဆွဲ၍ပြေးရသဖြင့် ဘေးရန်ကင်းသောနေရာသို့ ရောက်ရှိလာသည်နှင့်...

မြေပေါ်သို့လှဲချလိုက်ပြီး မောဟိုက်စွာမေးလိုက်ခြင်း ဖြစ်ပါသည်။

"ဂိုဏ်းချုပ်ကြီးက ခင်ဗျား ... ဟောဟဲ.... ဟောဟဲ.... လာလိမ့်မယ်လို့ပြော၊ ဟောဟဲ.... ပြောတယ်၊ ကျွန်တော်က မထင်ဘူး၊ အခုတော့ ဟောဟဲ.... အခုတော့ ခင်ဗျားတကယ်လာတာကိုး"

ရောင်ကောင်းသည် သံဖိနပ်အား မြေပေါ်မှထူပေးလိုက်လေသည်။

သံဖိနပ်သည် မြေပေါ်မှလူးလှိမ့်ထလိုက်ပြီး....

"ကျေး.... ကျေးဇူးတင်လိုက်တာဗျာ"

ရောင်ကောင်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ကျေးဇူးတင်ရမှာပါ၊ ခင်ဗျားကသာ အချိန်မီ လာမကယ်ရင် ကျုပ်ဟာ အရိုးနဲ့အသား တခြားစီဖြစ်သွားပြီဗျ"

သံဖိနပ်သည် ဝမ်းသာလွန်း၍လားမသိ။

မျက်ရည်ပူများပင် မျက်ဝန်းအစုံမှ အလုအယက်တိုးထွက်လာကြလေသည်။

သူသည် မြေပေါ်တွင်ထိုင်၍အမောပြေသွားတော့မှ....

"ကျွန်တော်ထင်တဲ့အတိုင်းပါပဲ၊ ချိုကျိုးဟာ ဂိုဏ်းချုပ်ရဲ့ မိတ်ဆွေမှန်သမျှကို တစ်ယောက်မကျန် အားလုံးကို လုပ်ကြံသတ်ဖြတ်လိမ့်မယ်ဆိုတာ အခုမှန်နေပြီ"

သူသည် ပြောရင်း မျက်နှာတစ်ခုလုံးမှာလည်း....

ခံပြင်းခြင်း၊

ဒေါသထွက်ခြင်း... စသည့် အရိပ်အယောင်များပေါ်လွင်လာသည်။



"ဂိုဏ်းချုပ်ရဲ့ မိတ်ဆွေတော်တော်များများဟာ သူ့လက်ချက်နဲ့သေဆုံးသွားကုန်ကြပြီ"

"နေပါဦး... ချိုကျိုးဆိုတာ ဓားလှိုးမုန့်ရောင်းတဲ့လူ မဟုတ်လားဗျ"

သံဖိနပ်ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သူပေါ့၊ သူက ဓားလှိုးမုန့်ရောင်းတဲ့လူ မဟုတ်ပါဘူး"

"ဒါဖြင့် သူကဘယ်သူလဲ"

"သူက ယန်းကျင်းလိုပဲ ဂိုဏ်းချုပ်ရဲ့ လူယုံတော်ပေါ့"

"သူက ယန်းကျင်းလိုသစ္စာဖောက်သွားတယ်ဟုတ်လား"

"ဟုတ်တယ်... သူက ယန်းကျင်းထက် ဆယ်ဆပိုဆိုးသေးတယ်"

သံဖိနပ်၏မျက်နှာတစ်ခုလုံးသည် စက်ဆုပ်ရွံမုန်းသော အရိပ်အယောင်များပေါ်လွင်လာပြန်သည်။

"သူ သစ္စာဖောက်တဲ့အချိန်ဟာ ဂိုဏ်းချုပ်မှာ အကျဉ်းအကျပ်တွေ့ပြီး လူလိုနေတဲ့အချိန်ပေါ့"

ရောင်ကောင်းသည် နားလည်လိုက်လေသည်။

"ဟုတ်ပြီ... ခင်ဗျားတို့ ချန်အန်းကပြန်ရောက်လာတဲ့အခါမှာ မြသေ့ဌာနချုပ် အဖျက်ဆီးခံရပြီမဟုတ်လား၊ အဲဒီအချိန်မှာပဲ ချိုကျိုး

က သစ္စာဖောက်သွားတယ်ဆိုပါတော့"

"ဟုတ်ပါတယ်"

"အင်း... ခင်ဗျားတို့တော့ တော်တော်ခံပြင်းနေမှာပဲနော်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ သေတောင်သေပစ်လိုက်ချင်တယ်"

"ဒါပေမယ့်... ဒီလိုချည်းပဲ မနေပါဘူးဗျာ၊ တစ်နေ့နေ့တော့ ကောင်းလာဦးမှာပေါ့"

သံဖိနပ်သည်... ရှောင်ကောင်း၏စကားအား ထပ်မံရေရွတ်လိုက်လေသည်။

သူ၏မျက်လုံးအစုံမှာလည်း... ဝမ်းနည်းကြေကွဲသော အသွင်များပေါ်လွင်လာလေသည်။

❄❄❄



စဉ်းစား၍မရပါ။

ရှောင်ကောင်းသည် အပြန်ပြန်အလှန်လှန် စဉ်းစားနေသော်လည်း မည်သို့မျှအဖြေမထွက်ပါ။

ချိုကျုံးသည်... ကျူမင်း၏လူယုံတော်လေးယောက်အနက် တစ်ယောက်အပါအဝင်ဖြစ်သည်။

ယန်းကျင်းက သူ့အားသစ္စာဖောက်သွားသောအခါ...

ချိုကျုံးသည် ယန်းကျင်းအား ချန်အန်းအထိ လိုက်သတ်ခဲ့သည်။

ယခုမှာမူ...

အကျဉ်းအကြပ်တွေ့နေရသည့်အချိန်မှာပင်...

သူ့အား သစ္စာဖောက်သွားသောချိုကျုံးအား ကျိုနန်းမြို့တွင် မင်းမူနေသည်ကို...

ဘာကြောင့် လစ်လျူရှုထားရပါသနည်း။

ဤသည်မှာ ကျူမင်း၏မူလသဘောထားမဟုတ်ပါ။

ဤသို့ဆိုလျှင်...

ကျူမင်းက မည်သို့လှုပ်ရှားနေပါသနည်း။

ရှောင်ကောင်းသည် သံဖိနပ်အား စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျား ကျူပ်ကို ဘာတွေဝှက်ထားသလဲ ပြောစမ်း"

သံဖိနပ် ကြောင်အမ်းအမ်းဖြစ်ကာ...

"ကျူပ်က ဘာတွေဝှက်ထားရမှာလဲဗျ"

ရှောင်ကောင်းက…

"မှန်မှန်ပြောစမ်း၊ ခင်ဗျားတို့ဂိုဏ်းချုပ်သေဆုံးသွားပြီဟုတ်လား"

"မဟုတ်ပါဘူး"

"တကယ်"

"ဟုတ်ပါတယ်၊ ကျုပ်က ဘာဖြစ်လို့လိမ်နေရမှာလဲ"

"ဒါဖြင့် သူအခုဘယ်မှာလဲ"

"ရှိပါတယ်၊ ကျုပ်နောက်လိုက်ခဲ့ပေတော့"

ပြောပြောဆိုဆိုပင် သံဖိနပ်သည် ရှေ့မှထွက်ခွါသွားလေတော့သည်။

❄❄❄



နှင်းများဖုံးလွှမ်းနေသော အရွက်မဲ့သည့်သစ်ပင်နှင့်…

အကျည်း တန်သောကျောက်ဆောင်ကျောက်တောင်များသည် ကျယ်ပြန့်လှသော လွင်ပြင်တစ်ခုလုံးအား စိုးမိုးထားလေသည်။

ကျောက်ဆောင်တစ်ခု၏ရှေ့တွင် မီးပုံတစ်ပုံရှိသည်။

မီးတောက်မီးလျှံများသည် အားနည်းစွာတောက်ပနေသည်။ ကျောက်ဆောင်ကိုကျောပေးကာ လူတစ်ယောက်ထိုင်နေသည်။

လူရုပ်ပင်မပေါ်ဘဲ…

ပိန်ချုံးနေသောလူတစ်ယောက်ဖြစ်သည်။

သူသည် မလှုပ်မယှက်ထိုင်နေသည်။

မီးတောက်မီးလျှံများသည် ယိမ်းယိုင်လှုပ်ရှားနေသည်။

လှုပ်ရှားနေသောမီးရောင်များသည် သူ၏မျက်နှာပေါ်တွင် အရောင်ထင်ဟပ်နေသည်။

ထိုမျက်နှာသည် မှော်လင့်ချက်ကင်းမဲ့ပြီး အရာရာအား…

လက်လျှော့အရှုံးပေးသော မျက်နှာပင်ဖြစ်သည်။

သူ၏ ထူ၍မည်းနက်သောမျက်ခုံးမွေးများမှာလည်း သောကစုဝေးရာနေရာတစ်ခုနှင့်တူလှပေသည်။

ခါတိုင်း အလွန်မာန်ပါပါကြည့်တတ်သော မျက်လုံးအစုံသည် ယခုမှာမူ ဆီများကုန်ခမ်းနေသောမီးစပမာ အရောင်များမှေးမှိန်နေလေသည်။

တောက်ပနေသောမျက်လုံးအိမ်မှ မျက်လုံးများသည် လှုပ်ရှား

နေသောမီးရောင်ကို ငေး၍ကြည့်နေ၏

ထိုလူကား ကျူမင်းဖြစ်သည်ဟုပြောလျှင်...

ရှောင်ကောင်း ယုံကြည်နိုင်မည်မဟုတ်ပါ။

ယခုမှာကား သူ မယုံ၍မဖြစ်ပါ။

ဤသို့ တမှိုင်မှိုင်ဖြစ်နေသော တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သောသူရဲကောင်းတစ်ယောက်ဖြစ်သည်ဟု မည်သူက ယုံမည်နည်း။

ခြသေ့ံကဲ့သို့ဟိန်းနေသောလူတစ်ယောက်သည်...

ယခုမှာမူ ကြွက်စုတ်တစ်ကောင်နှင့်မခြားတော့ပါ။

ရှောင်ကောင်းသည် စိတ်ထဲ၌လေးလံလာလေတော့သည်။

သံဖိနပ်မှာမူ သူ့ဆရာ၏ဖြစ်အင်ကိုတွေ့မြင်လိုက်ရသည်နှင့်မျက်ရည်များ စီးဆင်းကျလာလေတော့သည်။

❄❄❄



ရှောင်ကောင်းသည် မျက်ရည်မကျပါ။

သူ၏မျက်ရည်များသည် မျက်လုံးအိမ်၌ပြည့်လျှက်ရှိနေ၏။

သို့သော် ကျဆင်းလာခြင်းမရှိပါ။

သူသည် နှစ်ပေါင်းအတော်ကြာကြာ မျက်ရည်မကျခဲ့ပါ။

ကျူမင်းသည် ရှောင်ကောင်းရောက်ရှိလာသည်ကိုမော့ကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံသည် ရီဝေနေ၏။

ရှောင်ကောင်းကိုပင် မှတ်မိဟန်မတူပါ။

ရှောင်ကောင်းသည် ခေါင်းငုံ့ထားလိုက်သည်။

ယခု... သူသည် သံဖိနပ်၏အမူအရာကို သဘောပေါက်လာမိလေသည်။ ကျူမင်းသည် အသက်မသေသေးပါ။

သို့သော်... လူသေတစ်ယောက်နှင့် မည်သို့မှမခြားပါ။

ရှောင်ကောင်း၏ရင်ထဲ၌ နာကျင်သည့်ဝေဒနာကိုခံစားလိုက်ရသည်။ ကျူမင်းသည် အဘယ်ကြောင့် ယခုကဲ့သို့ စိတ်ဓာတ်ကျဆင်းနေသည်ကို နားမလည်ပါ။

အတန်ကြာမှ....

"ဟော့.... ရှောင်ကောင်း"

ကျူမင်းသည် ရုတ်တရက်အော်လိုက်ပြီး ထိုင်ရာမှထလိုက်သည်။ သူ၏လက်နှစ်ဖက်ကိုဆန့်တန်းကာ ကြိုဆိုလိုက်လေသည်။

ထို့နောက်...

ရှောင်ကောင်းအား တင်းကြပ်စွာပွေ့ဖက်ထားလိုက်လေ၏။

ထိုတဒင်္ဂအချိန်တွင်....

ကျူမင်း၏အသက်သည် ပြန်လည်၍ရှင်သန်လာလေတော့သည်။ သူသည် ရှောင်ကောင်း၏လက်နှစ်ဖက်ကိုဆွဲကာ တဟားဟားရယ်မောနေသည်။

"ဟား.... ဟား.... ဟား.... ရှောင်ကောင်း၊ မင်းပြန်လာသေးတာကိုး"

ရှောင်ကောင်း၏မျက်ဝန်းမှ ပြည့်လျှက်နေသောမျက်ရည်များသည် ပါးပြင်မှတဆင့် မြေပေါ်သို့ တလိမ့်လိမ့်စီးဆင်းကျလာလေတော့သည်။

❄❄❄



သံမဏိ လှံတံတစ်ချောင်း....

ကြေးအိုးတစ်လုံး....

အရက်တစ်အိုးနှင့်....

မီးပုံတစ်ပုံ....

သံဖိနပ်သည် သံမဏိလှံတံဖြင့် ကြေးအိုးအားချိတ်၍ အရက်အိုးအား နွေးနေသည်။

လေသည် တဟူးဟူးနှင့်တိုက်ခတ်နေသည်။

အရက်အိုးထဲမှအရက်များသည် မပူသေးပါ။

သို့သော်....

ရှောင်ကောင်း၏သွေးကြောထဲမှသွေးများသည် ဆူပွက်၍နေလေပြီ။

"သုတုံးလှိုင်ဆိုတဲ့ကောင်ကို အထင်သေးလို့မရဘူးကွ... ဒီကောင်ကို အထင်သေးမိလို့ ကျုပ်တို့ဩနချုပ်ရော .... ကျုပ်ရဲ့အဖွဲ့တစ်ဖွဲ့လုံး ပျက်သုဉ်းသွားတာပဲ၊ ဘာပဲပြောပြောပေါ့... သူ့ကိုတော့ ကျုပ်ချီးကျူးရမှာပဲ၊ တော်တော့ကို အကြံအစည်ကောင်းတဲ့ လူတစ်ယောက်ပါပဲ"

ကျူမင်းသည် သူ၏အဖြစ်အပျက်များကိုပြောပြပြီး...

ဤသို့ အဆုံးသတ်လိုက်လေသည်။

သူသည်... ခပ်နွေးနွေးရှိသောအရက်အား ထည့်၍သောက်လိုက်လေသည်။

"သူ့ကို ချိုးကျူးတာကတစ်ကဏ္ဍ၊ သူ့ကို ကျုပ် ဘယ်ကြေမလဲကွ၊ တစ်နေ့နေ့တော့ ဒင်းကိုအပြုတ်နှံမှ ကျုပ်စိတ်ကျေနပ်မယ်"

ရောင်ကောင်းသည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ဒါဖြင့်.... ခင်ဗျားက ဘာကိုစောင့်နေတာလဲ"

ဟု ရုတ်တရက်မေးလိုက်လေသည်။

ကျူမင်းသည်... ထိုစကားကိုကြားလိုက်ရသည်နှင့် ထိုင်ရာမှ ဆတ်ခနဲထလိုက်ပြီးနောက် ဖြည်းညှင်းစွာ ပြန်လည်ထိုင်ချလိုက်လေသည်။ သူ၏မျက်နှာတစ်ခုလုံးသည် ထိုင်းထိုင်းမှိုင်းမှိုင်းအသွင်သို့ ပြန်၍ဖြစ်သွားပြန်သည်။

"အခု ကျုပ်သွားလို့မဖြစ်သေးဘူးကွ"

"ဘာဖြစ်လို့လဲ"

"ကျုပ်သွားရင် သူသေသွားနိုင်တယ်"

"သူဆိုတာ ဘယ်သူလဲ၊ မိန်းမတစ်ယောက်မဟုတ်လား"

ကျူမင်းသည် ခေါင်းခါယမ်းလိုက်ပြီး ပါးစပ်ကိုပိတ်ထားလိုက်လေသည်။ ထို့နောက် အရက်ကိုသောက်လိုက်ပြန်သည်။

"ခင်ဗျားက ချီကျူးကို ဘာဖြစ်လို့သွားမသတ်တာလဲ"

ကျူမင်းက ခေါင်းခါယမ်းလိုက်ပြန်သည်။

အတန်ကြာမှ....

"ချီကျူးဟာ ကျုပ်ဆီကလူတွေကို ဘယ်လောက်များများခေါ်သွားသလဲဆိုတာ သိသလား"



"ဘယ်လောက်ပါသွားသလဲ"

"အားလုံးကွ.... အားလုံး"

"အားလုံးဟုတ်လား"

ရောင်ကောင်းက အံ့သြသွားလေသည်။

"ခင်ဗျားအဖွဲ့သားအားလုံးကို ခေါ်သွားတယ်ဟုတ်လား"

"ဟုတ်တယ်... သံဇိနပ်ကလွဲလို့ အဖွဲ့သားအားလုံးကို သူက စည်းရုံးသိမ်းသွင်းသွားတယ်လေ"

ရောင်ကောင်းသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျူမင်းက စကားကိုဆက်လိုက်ပြန်လေသည်။

"အခုတလောမှာ ကျုပ်ရဲ့ငွေကြေးကိစ္စကော အဖွဲ့သားကိစ္စကော ကျုပ်ကသူ့ကိုလွှဲပေးထားတယ်၊ ဒါကြောင့် ကျုပ်လူတွေအားလုံးဟာ သူ့နောက်ကိုပါသွားတာပေါ့"

"ဒါကြောင့်... ခင်ဗျားက သူနဲ့ရင်မဆိုင်ရဲတာပေါ့ ဟုတ်လား။ သူ့လက်အောက်ကလူတွေဟာ ခင်ဗျားထက်များနေတယ်လို့ ခင်ဗျား ယူဆတားတယ်မဟုတ်လား"

ကျူမင်းသည် ဝန်ခံလိုက်သည်။

တစ်ဒင်္ဂ တက်ကြွလာသောစိတ်ဓာတ်များသည် ပြန်လည်ကျဆင်းပျောက်ကွယ်သွားပြန်လေသည်။

သူသည် အရိုးခေါက်ခက်ရှိသောလက်များဖြင့် အရက်ကို၄ှဲ့ထည့်ပြီး အားရပါးရသောက်ချလိုက်ပြန်သည်။

အရက်မှတစ်ပါး... အခြားအရေးကြီးသည့်ကိစ္စများ လုံးဝမရှိတော့ဟု သူထင်ထားသည်နှင့်တူလှသည်။

ရောင်ကောင်းသည် မျက်မှောင်ကုပ်သွားသည်။

ရင်ထဲ၌လည်း လေးလံလာပြန်သည်။

ကျူမင်းသည် ရုပ်သွင်သာမက စိတ်ဓာတ်လည်း ပြောင်းလဲသွားသည်ဟု သူသတိပြုမိလိုက်လေသည်။

မည်သည့်အကြောင်းအရာကြောင့်....

သူသည်... ယင်းကဲ့သို့... အပြောင်းလဲကြီး... ပြောင်းလဲခဲ့ရပါသနည်း။

သူသည် ကျူမင်းကိုမမေးပါ။

ကျူမင်းသည်... အရက်ကိုအလွန်အကျွံသောက်၍ မူးနေပြီမဟုတ်ပါလော....

❄❄❄



မီးရောင်များသည် ယိမ်းနွဲ့လှုပ်ရှားနေသည်။

သံဖိနပ်သည် အရက်အိုးအားငွေးနေတုန်းပင်....

သူ၏မျက်နှာတစ်ခုလုံးမှာမူ ကြေကွဲသောအသွင်များဖြစ်ပေါ်နေလေသည်။

ရောင်ကောင်းသည် ထိုင်ရာမှထလိုက်သည်။

သူသည် သံဖိနပ်ထံသို့လျှောက်သွားသည်။

လက်ထဲမှ အရက်ခွက်ကိုလည်း လှမ်းပေးလိုက်သည်။

သံဖိနပ်ကလှမ်းယူလိုက်ပြီး မော့ချလိုက်လေသည်။

ရောင်ကောင်းသည် သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"အင်း.... ခင်ဗျားဟာ သူ့ရဲ့မိတ်ဆွေကောင်းတစ်ယောက်ဆိုတာ ကျုပ်ယုံကြည်ပါပြီဗျာ"

သံဖိနပ်သည် လေးနက်တည်ကြည်သောအသွင်သို့ ပြောင်းလဲသွားသည်။

"ကျွန်တော်က သူ့တပည့်ပါ၊ မိတ်ဆွေမဟုတ်ပါဘူး"

"အို ဘာပဲပြောပြော ခုလိုအချိန်မျိုးမှာ ခင်ဗျားတစ်ယောက်ထဲပဲ သူ့ကိုသစ္စာမဖောက်တာမဟုတ်လား"

"ဒါကတော့... ဂိုဏ်းချုပ်ဟာ အမျိုးသားအတွက် အနစ်နာခံလုပ်တဲ့အာဇာနည်တစ်ယောက်ဆိုတော့ ကျွန်တော်က သူ့ကို ဘာဖြစ်လို့ သစ္စာဖောက်ရမှာလဲ"

"တခြားလူတွေသစ္စာဖောက်သွားပြီပဲ"

"တခြားလူက တခြားလူပဲလေ.... ကျွန်တော်က တခြားလူမှ မဟုတ်တာဘဲ"

"အေးလေ ဒါထားပါတော့.... သူ အခုလို စိတ်ဓာတ်ကျနေတာကို စိတ်ဓာတ်တက်ကြွလာအောင် ခင်ဗျား မမြင်ချင်ဘူးလား"

သံဖိနပ်က တိတ်ဆိတ်စွာနေလိုက်၏။

ရောင်ကောင်းသည် အရက်တစ်ခွက် ထည့်၍သောက်လိုက်ပြီး....

"မင်းက သူ့ကိုစိတ်ဓာတ်တက်ကြွလာအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ သိသလား"

သံဖိနပ်က ပါးစပ်ပိတ်မြဲပိတ်ထားသည်။

"မင်းမသိရင် ကျုပ်သိတယ်ကွ"

ရောင်ကောင်းက... အသံကျယ်လောင်စွာဖြင့်... အော်ပြောလိုက်လေသည်။

သံဖိနပ်က သူ့အား ခေါင်းမော့၍စိုက်ကြည့်လိုက်သည်။

ညဥ့်သည် ပို၍နက်လာသည်။

ပို၍အေးချမ်းလာသည်။

မီးတောက်မီးလျှံများသည် အားနည်းသွားပြီဖြစ်သည်။

သံဖိနပ်သည် မတ်တပ်ရပ်လိုက်သည်။

"ကျွန်တော် ထင်းသွားရှာဦးမယ်"

သူသည် ခြေလှမ်းကိုလှမ်းလိုက်ရာ....



ကျူမင်းသည် အိပ်ပျော်နေရာမှ အသံထွက်လာလေသည်။

"လိပ်ပြာ မင်းမသွားရဘူး...."

သူ၏အသံသည် ကွဲအက်နေသည်။

"လိပ်ပြာ... မင်းကိုငါချစ်တယ်၊ မင်းကို ဘယ်သူမှ ခေါ်မသွားရဘူး"

ကျူမင်း၏ အိပ်ပျော်ရာမှ ယောင်ယမ်း၍အော်လိုက်သော အသံ...ကြောင့်...

သံဖိနပ်၏ခန္ဓာကိုယ်သည် တုံ့ခနဲဖြစ်သွားလေသည်။

ကျူမင်းသည် ယင်းသို့အော်လိုက်ပြီး ပြန်လည်အိပ်ပျော်သွားလေသည်။

ရောင်ကောင်းသည်... သံဖိနပ်ရှေ့တွင်သွားရောက်ရပ်လိုက်လေ၏။ ခေါင်းတညိတ်ညိတ်လုပ်ကာ....

"ဟုတ်ပြီ... လိပ်ပြာဖြစ်ရမယ်၊ ကျူမင်းဟာ လိပ်ပြာကြောင့် အခုလို စိတ်ဓာတ်ကျနေတာဖြစ်ရမယ်"

သံဖိနပ်သည် ခေါင်းငုံ့သွားသည်။

စကားလည်း တစ်ခွန်းမှမပြောဘဲ တိတ်ဆိတ်စွာ နေလိုက်လေသည်။

❄❄❄

"လိပ်ပြာ အခုဘယ်မှာလဲ၊ လုယန်မြို့မှာရှိသေးသလား"

"မရှိဘူး"

သံဖိနပ်က ခေါင်းခါယမ်းပြီး စကားဆက်လိုက်သည်။

"ကျွန်တော်နဲ့ဂိုဏ်းချုပ်ကြီးတို့ ချန်အန်းမြို့က အပြန်မှာ ခြသေ့ဂိုဏ်းရဲ့ဌာနချုပ်ကို တိုက်ခိုက်သွားတာကိုတွေ့လိုက်ရတယ်၊ အဲဒီညမှာ ချီကျူးက တာဝန်ယူစောင့်ရှောက်နေရတဲ့ညပေါ့၊ အဲဒါ... ချီကျူးပေါ့ဆလိုက်တဲ့အတွက် တိုက်ခိုက်တဲ့လူတွေဟာ ဌာနချုပ်ကို မီးရှို့သွားတဲ့အပြင် ကျွန်တော်တို့အဖွဲ့သား လေးဆယ်ကျော်ကိုပါ သတ်ပြီးတော့ ထွက်သွားကြတယ်"

"ဒီလူတွေဟာ သုတုံးလှိုင်ရဲ့လူတွေဖြစ်ရမယ်"

"ဟုတ်တယ်... သူတို့ ပါလာတဲ့လူတွေဟာ အလွန်ကျွမ်းကျင်တဲ့တိုက်ခိုက်ရေးသမားများ ဖြစ်ကြတဲ့အပြင် ခြသေ့ဌာနချုပ်ရဲ့ အတွင်းရေးကိုလည်း အတော်အတန်သိထားကြတယ်ဗျ"

"အင်း... ဒီလိုဆို ခြသေ့ဂိုဏ်းမှာ သုတုံးလှိုင်ရဲ့လူတွေရှိနေတာသေချာတယ်ကွ"

"ဟုတ်ကဲ့... အားလုံးက ချီကျူးကိုမသင်္ကာကြဘူး၊ ဒါပေမယ့် တချို့က သူ့မှာတာဝန်ပေါ့လျော့တဲ့အတွက် ဂိုဏ်းချုပ်က သူ့ကိုအပြစ်ပေးမှာကြောက်လို့ မထူးတော့ဘူးဆိုပြီး သစ္စာဖောက်သွားတာလို့ ယူဆကြတယ်"

"ဒီလိုဆို... လိပ်ပြာက သူ့ကိုအထင်မကြီးဘူး၊ သူ့နောက် ဘယ်



လိုက်ပါ့မလဲ"

"ဒါဖြင့်... သုတုံးလှိုင်ဘက်ကလူ ဖမ်းသွားပြီး ကျွမင်းကို ခြိမ်းခြောက်တဲ့သဘောမဟုတ်လား"

သံဖိနပ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တယ်... ဒါကြောင့် ဂိုဏ်းချုပ်ကြီးက ချန်အန်းကိုမသွားဘဲ စိတ်ဓာတ်ကျနေတာပေါ့"

"အင်း... ဒီလိုဆို ချီကျူးက သစ္စာမဖောက်လည်း ဂိုဏ်းချုပ်က ချန်အန်းကိုသွားမှာမဟုတ်ဘူးပေါ့"

"ဟုတ်ကဲ့... သူတို့က လိပ်ပြာကိုဖမ်းထားတော့ လိပ်ပြာရဲ့အသက်ကိုညှာပြီး ဂိုဏ်းချုပ်ကမသွားရဲဘဲ အခုလိုစိတ်ညစ်နေတာပေါ့"

သံဖိနပ်၏အသံသည် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။

"ဂိုဏ်းချုပ်ကြီးကပြောတယ်... လိပ်ပြာက အသက်မသေဘဲ အေးအေးချမ်းချမ်းသာနေရမယ်ဆိုရင် သူ ဘာကိုပဲစွန့်ရစွန့်ရ ကျေနပ်ပါတယ်တဲ့"

"ဟုတ်ပြီ... လိပ်ပြာကြောင့် မင်းတို့ဂိုဏ်းချုပ်ဟာ အခုလိုစိတ်ဓာတ်ကျပြီး ဘာမှမလုပ်ဘဲ တစ်နေ့တစ်နေ့ အရက်ပဲ ဖိသောက်နေတာကို..."

"ဟုတ်ကဲ့... ဂိုဏ်းချုပ်က မိန်းမတစ်ယောက်အတွက်နဲ့ ဒါလောက် အနစ်နာခံလိမ့်မယ်လို့ မထင်မိပါဘူးဗျာ"

ဟုတ်ပါ၏။

အာစာနည်းပာ အများကကြည်ညိုလေးစားသော... လူတစ်ယောက်က မိန်းမတစ်ယောက်အတွက်နှင့်စိတ်ဓာတ်ကျပြီး...

လုပ်သင့်လုပ်ထိုက်သည့်အလုပ်များကို လုံးဝမလုပ်ဘဲ အရက်ကိုသာဖိသောက်၍ ဘဝကိုစတေးခံနေသည်ဟုကြားရလျှင်...

ရယ်ဖွယ်ရာကောင်းသည်...

သနားဖွယ်ရာကောင်းသည်ဟု ထင်ရမည်သာဖြစ်လေသည်။

သို့သော်... ရှောင်ကောင်းသည် ဤသို့မထင်မိပါ။

သနားဖွယ်ရာကောင်းသည်ဟုလည်း မထင်မိပါ။

သူသည် ယင်းသို့ ကိုယ် တွေ့ခံစားရသည်မဟုတ်ပါလော...

သူ၏မျက်လုံးအစုံသည်... ဝမ်းနည်းကြေကွဲသည့်အရိပ်အရောင်များ ပေါ်လွင်လာလေသည်။

သူသည် မိန်းကလေးတစ်ယောက်အတွက်နှင့် စိတ်ဓာတ်ကျခဲ့ဖူးသည်မဟုတ်ပါလော....

ထိုမိန်းကလေးသည်...

မည်သူမည်ဝါဖြစ်သည်ကို သူ မသိခဲ့ပါ။

နာမည်ကိုလည်း မသိခဲ့ရပါ။

သို့သော်... သူ၏တစ်သက်တာတွင် မေ့မပျောက်နိုင်သောမေတ္တာသည် ယနေ့တိုင်... သူ၏အသည်းနှလုံးတွင် ကိန်းအောင်းနေသည်မဟုတ်ပါလော....

အတန်ကြာမှ....



ရှောင်ကောင်းသည် ဝမ်းနည်းကြေကွဲသောလေသံဖြင့်....

"မင်းတို့ ဂိုဏ်းချုပ်ဟာ တကယ့်ယောကျ်ားကောင်း တစ်ယောက်ပါ၊ တကယ့်ယောကျ်ားဆိုတာ သူများအတွက် အမြဲစဉ်းစားတတ်ကြတယ်ကွ၊ တကယ်လို့များ မင်းရဲ့ဂိုဏ်းချုပ်ဟာ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ တစ်ကိုယ်ကောင်းစိတ်ရှိခဲ့ရင် မင်း သူ့ကို ခုလိုကြည်ညိုနိုင်ပါဦးမလား"

"ဟုတ်ပါတယ်"

သံဖိနပ်သည် အတန်ကြာစဉ်းစားလိုက်ပြီးမှ....

"ကျွန်တော် စကားတစ်ခွန်းပြောချင်ပါတယ်၊ ပြောသင့်မပြောသင့်ဆိုတာ ကျွန်တော်စဉ်းစားနေပါတယ်"

"ပြောပါ"

"သူများအတွက်ချည်းပဲစဉ်းစားမယ်ဆိုရင် စဉ်းစားပါ၊ ဒါပေမယ့် သူများအတွက်နဲ့ ကိုယ့်ဘဝနစ်မွန်းသွားမယ်ဆိုရင် အကျိုးမရှိဘူးလို့ ကျွန်တော်ထင်မိပါတယ်"

ရှောင်ကောင်းသည် ပါးစပ်ပိတ်ထားလိုက်လေသည်။

သူသည် စကားဦးလှည့်လိုက်ပြီး....

"ကဲ.... ညဉ့်နက်လှပြီ၊ မင်းလည်းအိပ်တော့၊ ကျုပ်လည်း ဟိုဘက်မှာသွားအိပ်လိုက်ဦးမယ်"

❄❄❄

မိုးလင်းလာပြီဖြစ်သည်။

မီးပုံမှမီးများသည် ငြိမ်းလုနီးနီးဖြစ်နေသည်။

သံဖိနပ် အိပ်ရာမှနိုးလာသောအခါ ရှောင်ကောင်းလည်း နိုးနေသည်ကိုတွေ့လိုက်ရလေသည်။

နေရောင်ခြည်ဖျော့ဖျော့ကြားမှ ရှောင်ကောင်းသည် ရေခဲများဖြင့် မျက်နှာသစ်လိုက်လေသည်။

ထို့နောက်... သူ၏အထုပ်အား ဖြေနေသည်ကိုတွေ့လိုက်ရလေသည်။ ထိုအထုပ်ထဲ၌ ဓားတစ်လက်ရှိသည်ဟု သူသတိပြုမိ၏။

သို့သော်... သူသည် သေသေချာချာမကြည့်ဝံ့ပါ။

မမြင်တွေ့သည့်ဟန်ဖြင့် မျက်နှာကို တခြားသို့လွှဲထားလိုက်လေသည်။ သူ၏နှလုံးသည် အဘယ်ကြောင့်မှန်းမသိ တဒိတ်ဒိတ်နှင့်ခုန်၍နေလေတော့သည်။

❄❄❄

ကျူမင်း အိပ်ရာမှနိုးလာသောအခါ...

သံဖိနပ်သည် မီးကိုထင်းများထည့်ပြီး ရေနွေးကြို့နေပြီဖြစ်ပါသည်။ သို့သော်...

ရှောင်ကောင်းတစ်ယောက်အား မတွေ့ရတော့ပါ။

ကျူမင်းသည် အိပ်ရာမှထခုန်လိုက်လေသည်။



သူ၏နီရဲသောမျက်လုံးအစုံဖြင့် ရှောင်ကောင်းအား လိုက်လံရှာဖွေနေလေသည်။

"ဘာလဲ.... သူက ငါ့ကို နှုတ်မဆက်ဘဲ ထွက်သွားပြီ မဟုတ်လား"

သူသည် ဒေါသကြီးစွာဖြင့် သံဖိနပ်အားမေးလိုက်ခြင်းဖြစ်လေသည်။ သံဖိနပ်သည် ခေါင်းငုံ့ထားလိုက်သည်။

ကျူမင်းက ပို၍ဒေါသကြီးလာလေသည်။

"ငါမေးတာ မကြားဘူးလား၊ သူ ဘယ်အချိန်က ထွက်သွားတာလဲ၊ ဘယ်သွားမယ်လို့ပြောသွားသေးလဲ၊ သူပြန်လာဦးမှာလား"

"မသိဘူးဂိုဏ်းချုပ်ကြီး... သူထွက်သွားတဲ့အခါမှာ ကျွန်တော့်ကို ဘာမှပြောမသွားဘူး၊ ဘယ်ကိုသွားမယ်ဆိုတာလဲ ပြောမသွားဘူး၊ ဒါပေမယ့်...."

"ဒါပေမယ့်၊ ဘာဖြစ်သလဲ.... မြန်မြန်ပြောစမ်း"

"သူ ဘယ်ကိုသွားမယ်ဆိုတာ ဂိုဏ်းချုပ်ကြီးက သိသင့်ပါတယ်၊ ဘာဖြစ်လို့လဲဆိုရင်... သူဟာ ဂိုဏ်းချုပ်ကြီးရဲ့ မိတ်ဆွေတစ်ယောက်ဖြစ်တယ်၊ နောက်ပြီး... မျိုးချစ်စိတ်ဓာတ်အလွန်ပြင်းထန်ပြီး သစ္စာဖောက်တွေကို အလွန်စွဲမုန်းတဲ့ လူငယ်တစ်ယောက်ဖြစ်တယ်"

သံဖိနပ်၏စကားကြောင့်... ကျူမင်းသည် အံကိုတင်းတင်းကြိတ်လိုက်လေသည်။ သူ၏တွေဝေမှေးမှိန်းနေသော မျက်လုံးအစုံမှာလည်း အလင်းရောင်များတောက်ပလာလေသည်။

"ဟုတ်တယ်၊ သူ ဘယ်သွားမယ်ဆိုတာကျုပ်သိပြီ"

သူသည် လှံတံအားဆုပ်ကိုင်လိုက်လေသည်။

"သံဖိနပ်"

"ဗျာ"

"တို့လည်း လိုက်သွားရအောင်"

"ဟုတ်ကဲ့"

သံဖိနပ်၏မျက်လုံးအစုံတွင် ဝမ်းသာ၍လားမသိ… မျက်ရည်ပူများပင် ကျဆင်းလာလေတော့သည်။

*ပထမပိုင်းပြီး၏။*

*ဒု-ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။*